သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ် shalom

# ရှာလုံ

နှစ်လည် မဂ္ဂဇင်း

# BE STRONG AND COURAGEOUS






သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ကျောင်းတော်ကြီးသည် ၁၉၃၄ခုနှစ်မှစ၍ ယနေ့အထိတိုင် ယခုလက်ရှိနေရာ၌တည်ရှိလာခဲ့ရာ (၆၈)နှစ်တိတိ ရှိခဲ့ပြီးဖြစ်ပါသည်။ ဤကာလအတွင်း သင်ကြားပေးသူဆရာ/ဆရာမများ၊ သင်ယူသူကျောင်းသူကျောင်းသားများ တစ်သုတ်ပြီးတစ်သုတ် ပြောင်းလဲသွားသော်လည်း ဘုရားရှင်၏ ကောင်းချီးမင်္ဂလာတော်သည် အတိတ်ကာလကဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများအပေါ်ကြွယ်ဝစွာသွန်းလောင်းသကဲ့သို့ ယနေ့လက်ရှိဆရာ/ဆရာမများ၊ ကျောင်းသူကျောင်းသားများနှင့် လာမည့်အနာဂတ်ဆရာ/ဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဘုတ်အဖွဲ့ဝင်များနှင့်တကွ ပြည်တွင်းပြည်ပစေတနာအလှူရှင်များအပေါ် ဆက်လက်၍ ကြွယ်ဝစွာသွန်းလောင်းဦးမည်ဟု တစ်ထစ်ချယုံကြည်ပါသည်။

ဤ (၆၈)နှစ်ခရီးကို အတူတကွနှင်လာခဲ့ကြရာတွင် တစ်ဦးစီအား အဖဘုရား မှအပ်နှင်းထားသော တာဝန်ဝတ္တရားများကို ကောင်းမွန်စွာအသုံးတော်ခံလျက် အစေခံသည့် အချိန်များရှိသကဲ့သို့ သွားရမည့်လမ်းအတိုင်းမသွားမိဘဲ လမ်းလွဲမိသောအချိန်မြောက်များစွာ ရှိခဲ့ကြကြောင်း ရိုးသားစွာဖြင့် ဝန်ခံရမည်ဖြစ်ပါသည်။




သို့သော် သစ္စာရှိသောအဖဘုရား၊ ကတိတည်သောအဖဘုရားသည် ကျွန်ုပ်တို့နှင့်အတူရှိနေကြောင်းကိုကား ငြင်းပယ်၍မရချေ။ အဖဘုရား၏ရွှေလက်တော်သည် ကျွန်ုပ်တို့ကိုအစဉ်လမ်းပြပို့ဆောင်နေကြောင်းကို အောက်မေ့သတိရလျက် ထိုကြီးမားလှသောကျေးဇူးတော်ကို လာမည့်အနာဂတ်အသက်တာ၌ ထိုက်တန်သောတုန့်ပြန်မှု၊ ပေးဆပ်မှုပြုရန် ကျွန်ုပ်တို့တစ်ဦးစီ၏တာဝန်ဖြစ်ကြောင်း မမေ့အပ်ပေ။ ထို့ကြောင့် အဖဘုရားပေးအပ်မည့်တာဝန်များ၊ လုပ်စေလိုသောအလုပ်များကို မငြီးမငြူ ပျင်းရိခြင်းမရှိဘဲ လုပ်ဆောင်ရန်သတိရကြပါစို့။ အနာဂတ်ကာလသည် ယခုလက်ရှိအခြေအနေထက် ပိုမိုဆိုးရွားလာဖွယ်ရာသာ ရှိပါသည်။ သို့သော် ခက်ခဲလေလေ၊ ကျေးဇူးတော်ကြီးမားလေလေ ဖြစ်ကြောင်းကို သတိရလျက် မကြောက်မရွံ့ စိတ်မပျက်ဘဲ ဆက်လက်လုပ်ဆောင်ရန် အဖဘုရားထံတော်၌ "အားယူ၍ ရဲရင့်ခြင်းရှိကြလော့"ဟု ရှာလုမ် မှတစ်ဆင့် တိုက်တွန်းလိုက်ရပါသည်။

မာကုစောမောင်ဒို
ကျောင်းအုပ်ကြီး

S H A L O M

# content

# 2002-2003


စာမျက်နှာ

| | | |
|---|---|---|
| ၁ | ဥယျာဉ်ဦး | |
| ၂ | မာတိကာ | |
| ၄ | မျက်နှာဖုံးဖွင့်ဆိုမှု | |
| ၅ | ကျေးဇူးတင်လွှာ | |
| ၆ | ရင်ဖွင့်စကား | |
| ၇ | ဆရာ/ဆရာမစာရင်း | |
| ၉ | ဓါတ်ပုံမှတ်တမ်း | |
| ၁၇ | ကဗျာ | |
| ၂၄ | ကာတွန်း | |
| ၂၉ | ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ကျောင်းသူ/ကျောင်းသားစာရင်း | |

ပုံပြင်

| | | |
|---|---|---|
| ၁၀၁ | မိတ်ဆွေ | ပေါလ်ဆင်ဝါးနော် |

သက်သေခံချက်

| | | |
|---|---|---|
| ၄၅ | သက်သေခံချက် (၁) | မိုင်သန္တာမြင့် (B.Th II) |
| ၄၇ | သက်သေခံချက် (၂) | နော်ဘွယ်စေး (B.Th II) |

[illegible]

| | | |
|---|---|---|
| ၅၁ | ဗိုလ်မှူးချုပ်စိန်လွင် (ငြိမ်း) နှင့်တွေ့ဆုံစကားပြောခြင်း | |
| ၆၂ | ဆရာစောစီးဟဲနှင့်တွေ့ဆုံစကားပြောခြင်း | |
| ၇၁ | သောင်ပြင်၌ခြေရာများကိုထင်ရစ်စေခဲ့သူ (သို့မဟုတ်) Drummer စန်းချိုလင်း | ရှာလုမ်အဖွဲ့ |
| ၈၄ | မြက်ခင်းစိမ်းစိမ်းပေါ်မှလူငယ်လေးတစ်ဦး | ရှာလုမ်အဖွဲ့ |

သတင်း

| | | |
|---|---|---|
| ၄၉ | သတင်း (၁) | ရှာလုမ်အဖွဲ့ |
| ၅၉ | သတင်း (၂) | ရှာလုမ်အဖွဲ့ |

| | | |
|---|---|---|
| ၅၈ | ဟာသတို | |

[illegible]

| | | |
|---|---|---|
| ၉၁ | ကောင်းသောသိုးထိန်းမြတ် | Salai John Ngwe Thein |

[illegible]

| | | |
|---|---|---|
| ၃၀ | အားယူ၍ရဲရင့်ခြင်းရှိကြလော့ | ဘုန်းတော်ကြီးအမြွှေးမန်းဇော်လွင် |
| ၃၃ | စက္ကူရမင်တမင်္ဂလာအားဖြင့် . . | ဘုန်းတော်ကြီးရှိမုန်ဘိဘင်ထူး |
| ၃၇ | ဘုရားရှင်နှစ်သက်သောပူဇော်သက္ကာ | မာကု (ခ) တေသားလေး |
| ၄၃ | အားယူ၍ရဲရင့်လော့ဟုဆိုရာ၌ | ပြည်ငြိမ်းအေး |
| ၄၉ | ၃နှင့်၄ မှသည် ၄နှင့်၃ သို့ | ဘော်ဒွေးကြာ (ဘားအံ) |
| ၅၄ | သမ္မာကျမ်းစာထဲမှသစ္စာတရားလေးပါး | Rev. အောင်မျိုးထွန်း |
| ၆၄ | အေသင်မြို့ | ကိုပီတီ |
| ၆၈ | နာမတော်သည်ငါ့ဖြစ်၏ | ဦးယုမင်း (မြစ်ကြီးနား) |
| ၇၅ | အင်္ဂလီကန်တို့၏ဝိညာဉ်ရေး | ဆလိုင်းအိုက်ဇက် (မိုးကောင်း) |
| ၇၉ | ခရစ်ယာန်ကိုယ်ကျင့်တရားနှင့် . . | ဘုန်းတော်ကြီးစတီဗင်သန်းမြင့်ဦး |
| ၈၆ | ဝမ်းမြောက်ဖွယ်သတင်းကောင်းနှင့် . . | ဦးအောင်လှထွန်း |
| ၉၂ | Classic Guitar အကြောင်းသိကောင်းစရာ | ဗိုလ်မှူးချုပ်စိန်လွင် (ငြိမ်း) |
| ၁၀၂ | တည်နေရာ | စောညက်လင်း B.Th IV |
| ၁၁၂ | နံနက်ခင်းအတွေး | အောင် (ကစ္ဆ၊ နဒီ) |
| ၁၁၃ | ချစ်ခြင်း၊ ယုံကြည်ခြင်း၊ ကယ်တင်ခြင်းသည် . . | ဘုန်းတော်ကြီးအင်ဘာဇော်အောင် |

[illegible]

| | | |
|---|---|---|
| ၇၂ | တစ်ခုကိန်း၏တန်ဖိုး | ပိန်းပိန် |
| ၁၀၄ | ကတိပေးပါတယ်မေမေ | သစ်နီ (တောင်ကြီး) |

ဝတ္ထု

| | | |
|---|---|---|
| ၉၅ | ခြင်နှင့်တူသောလူသား | အမ်စစ်တော်ပ် (ဟိုပင်) |
| ၉၈ | အမေနဲ့ကျွန်တော် | စောရော်ဘင် (ရေလဲကြီး) |
| ၁၀၉ | ဆောင်းညအိပ်မက်သည် | ဦးယောန |
| ၁၁၈ | တိတ်တဆိတ်ပြိုကျသွားသောကောင်းကင် | လင်းထက်ဦး |



shalom magazine

SHALOM

magazine

နာယက
ဘုန်းတော်ကြီးမာကုစောမောင်ဒို

အကြံပေးနှင့်စာမူစိစစ်ရေး
ဘုန်းတော်ကြီးအမြွှေးမန်းဇော်လွင်

တာဝန်ခံအယ်ဒီတာ
စရွှေလှစိုး (တတိယနှစ်)
တွဲဖက်အယ်ဒီတာ
နော်မြတ်ဆုမွန်
သဘာပတိ
စည်သူ
စာတည်းအဖွဲ့ဝင်များ
ဆလိုင်းအိုက်ဇက်
စောပြည်ငြိမ်း
ကညောထူး
ဆင်ဝါးနော်
နော်မြတ်ဆုလင်း

မျက်နှာဖုံးဒီဇိုင်း
ကိုဇက်နှင့်ဂျိုနသန်

ပန်းချီပညာရှင်များ
ဇော်လေး၊ BN၊ RONA ၊ ဂျိုနသန်

ကာတွန်းပညာရှင်များ
ကျားကြီး၊ ထီးဆဲမူး၊ ကိုဇက်

**Layout Design**
Era Media
ကွန်ပျူတာ
အယ်နီ (အလင်းအိမ်)

ထုတ်ဝေသူ
ရှာလုမ်စာပေဝိုင်း
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
၁၀၄၊ အင်းယားလမ်း၊ ရန်ကုန်မြို့

"ရဲရင့်မှုနှင့်နှိမ့်ချမှု"၊ "ကြင်နာမှုနှင့်ဖြူစင်သန့်ရှင်းမှု"ကို ကိုယ်စားပြုသူမှာ ခရစ်တော်ဖြစ်ပါသည်။ ခရစ်တော်သည် ၎င်း၏သွေးဖြင့်ရင်း၍ လူသားများအတွက် နှိမ့်ချစွာအစေခံခဲ့ပါသည်။ တဖန် သူသည် ချိုးငှက်ကဲ့သို့ ဖြူစင်သန့်ရှင်း၍ ငြိမ်းချမ်းခြင်းကိုလည်းဖော်ဆောင်ပါသည်။ ကျွန်တော်တို့အားလုံး၏ အမှောင်တိမ်တိုက်များ ပျယ်လွင့်သွားရန် နှင့် "အားယူ၍ရဲရင့်ခြင်း" ရှိစေရန် သူသည် အစဉ်အမြဲ လိုလားနေပါ၏။

ထို့ကြောင့် ခရစ်တော်၏သွေးဖြင့် ရင်းသော၊ ကြင်နာခြင်းဖြင့် ဖေးကူသော၊ ငြိမ်းချမ်းခြင်းဖြင့် လမ်းခင်းသော၊ ရဲရင့်မှုဖြင့် ပြတ်သားသောအရာများကိုသတိရအောက်မေ့ရန် ရည်ရွယ်လျက် မျက်နှာဖုံးပုံရိပ်ကို ဖန်တီးပါသည်။

ကိုဇက်
ဂျိုနသန်





# ကျေးဇူး တင်လွှာ

ယနေ့တိုးတက်မှုဖြစ်စဉ်များနှင့် စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသော ကမ္ဘာလောကကြီးတွင် ခေတ်မီစွာပင် လူသားတို့သည်လည်း ဆင့်ကဲပြောင်းလဲလှုပ်ရှားနေကြရပါသည်။ လူမှုဆက်သွယ်ရေး၊ သိပ္ပံပညာရပ်များ၊ ဘာသာရေးအဖွဲ့အစည်းများအကြားရှိ တိုးတက်မှုသည် လျှင်မြန်စွာ ပြောင်းလဲတိုးတက်နေသကဲ့သို့ပင် ဝေဖန်ပိုင်းခြားသိမြင်ရန်အတွက် အသိပညာပွားများရန် စာပေကဏ္ဍသည် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနေသည် ဟုယုံကြည်ပါသည်။

ထို့ကြောင့် 'ရှာလုမ်' ဟူသောအမည်ဖြင့် ယနေ့အချိန်တိုင်အောင် အဖဘုရားရှင်ထံ ခွန်အားယူလျက် ရဲဝံ့စွာရပ်တည်ခွင့်ရသော ကျေးဇူးတော်ကိုလည်းကောင်း . . .၊

'ရှာလုမ်' အား စတင်မွေးဖွားပြုစုပေးသော ကျောင်းတော်မှ နောင်တော်ကြီးများအားလည်းကောင်း . . .၊

'ရှာလုမ်' ကို မေတ္တာ စေတနာဖြင့် ဝေဖန်အကြံပြုလျက် ပိုမိုကောင်းမွန်စေလိုသော ဆန္ဒဖြင့်အားပေးကြသော ပြည်တွင်းပြည်ပ မှ စာဖတ်ပရိသတ်တို့အားလည်းကောင်း . . .၊

'ရှာလုမ်' အတွက် အဖက်ဖက်မှ လိုအပ်ချက်ကိုပံ့ပိုးပေးသူများနှင့် အားနည်းမှုကို ခွင့်လွှတ်ကြသောသူများအားလည်းကောင်း . . .၊

အထူးသဖြင့် မအားမလပ်သော မိမိတို့၏ကိုယ်ပိုင်အချိန်ကလေးများထဲမှ 'ရှာလုမ်' အတွက်အချိန်ပေးကြသော ကျောင်းသူ ကျောင်းသားများနှင့် ရှာလုမ်အဖွဲ့သားများကိုလည်းကောင်း . . .၊

ကျေးဇူးတင်ခြင်းများစွာဖြင့် . . .

ရှာလုမ်မေတ္တာအားဖြင့်

စဂျိမ်းစ်စည်သူအောင်
B.A; B.Th III
(သဘာပတိ)

## ရင်ဖွင့်စကာ

ဘုရားရှင်၏ကျေးဇူးတော်ကို ချီးမွမ်းပါ၏။

'ဘုရားရှင်ထံမှ အားယူ၍ရဲရင့်ခြင်း' ကို ရယူလျက် ၂၀၀၂-၀၃ ပညာသင်နှစ်တွင် ဆက်လက်ပျံသန်းရန် ရှာလုမ်ငှက်ငယ် ခရီးနှင်ခဲ့ပါ၏။

အားနည်းခြင်းများအတွက် ဘုရားရှင်ထံပါးမှ 'ခွန်အားနှင့်ရဲရင့်ခြင်း' ကိုရယူလျက် ရှာလုမ်ငှက်ငယ်နှင့် တွဲဖက်ပျံသန်းခြင်းဖြင့် အလိုတော်ဝန်ခံပါ၏။

ဝဿန်ကာလ၏ အေးမြသောမိုးရေစက်များကိုအံတုလျက် ဝဿန်အထွက်၌ အချိန်မီလှမ်းတက်ပျံသန်းနိုင်အောင် ရှာလုမ်ငှက်ငယ်ကို ကြိုးစားပြုစုခဲ့ရပါ၏။

ခန္ဓာ၊ အင်္ဂါ၊ တောင်ပံအစုံနဲ့ လေဟုန်မှာပျံဝဲနိုင်ခွင့်ရအောင် ရှာလုမ်ငှက်ငယ်အား ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြသော ခရစ်တော်၏နာမတော်၌ စာပေအမှုတော်ဆောင်များအားလုံးကို ကျေးဇူးတင်ရှိပါ၏။

ဖတ်ရှုရသူတိုင်း ငြိမ်သက်ခြင်းရရှိပါစေ။
ကြားနာရသူတိုင်း ရွှင်လန်းခြင်းရရှိပါစေ။

Andrew ခွန်လှိုင်
B.Th III
(တာဝန်ခံစာတည်း)





## H.C.T.C in 2002-03 Academic Year

I. In this academic year, the college enrolls with (4) faculty and (2) adjunct lecturers.

**A. Faculty**

| | |
|---|---|
| 1. Revd. Mark Saw Maung Doe | Principal |
| 2. Revd. Simon Be Bin Htu | Vice-Principal |
| 3. Revd. Stephen Than Myint Oo | Dean of Studies |
| 4. Revd. Andrew Zaw Lwin | Dean of Students |

**B. Adjunct - Lecturers**

1. Revd. Samuel Htang Oak
2. Revd. U Kyaw Nyunt
3. Revd. Daniel Mahn Naung
4. Thra Saw Po Sein
5. Thra Saw Aung Hla Tun
6. Thra Saw Si Hai
7. Sara K. Naw Aung
8. Thramu Sheba Muvin
9. Thramu Amraylla Myatt
10. Sarama Kareng Tawng
11. Sayama Grace Mee

**C. Faculty who are pursuing further study**

1. Revd. Mark Saw Maung Doe (OCMS, Oxford)
2. Revd. Deacon S' San Myat Shwe (Germany)
3. Revd. Reginal Bennett (Singapore)
4. Sayama Khin Swe Oo (Singapore)
5. Thra Saw John Thet Lwin (Hong Kong)
6. Sara S' Luke Wunna Soe (MIT, Yangon)

II. There are (56) Students- (12) females and (44) males.

**A. Enrolment by Class**

| Year | Female | Males | Total |
|---|---|---|---|
| Special Course | - | 4 | 4 |
| First year | 1 | 5 | 6 |
| Second year | 9 | 10 | 19 |
| Third year | 1 | 10 | 11 |
| Final year | 1 | 15 | 16 |
| | **12** | **44** | **56** |

**B. Enrolment by Diocese**

Myitkyina = 10 ( + 2specials)
Mandalay = 4
Taungoo = 9
Sittway = 8
Yangon = 18 (+ 2 specials)
Hpa-an = 3

**C. 2001-02 Graduates**

B.Th 8
L.Th 1

**III. Staff**

**A. Office**

1. Thramu Naw Mar Tha

**B. Library**

1. Sayama Daw Wai Wai Myint
2. Thra Saw Shee Sho
3. Samo Salai Tun Tun Win

**C. Others**

1. Saw Mya Thinn (Driver)
2. Nant Yee Yee Win (Cook)





# ဓါတ်ပုံကဏ္ဍ



၂၀၀၂-၂၀၀၃ ပညာသင်နှစ်
ရှာလုမ်မဂ္ဂဇင်း စာတည်းအဖွဲ့



Revd. Simon Be Bin Htu
(B.Sc; B.D: M.Th)
Vice Principal/ Lecturer



Revd. Stephen Than Myint Oo
(B.A ; B.R.E : M.Th)
Dean of Studies



Revd. Andrew Mahn Zaw Lwin
(B.A ; B.D : M.Th)
Dean of Students



Revd. Samuel Htang Oak
(B.A ; B.D : M.Phil)
Lecturer



Revd. Daniel Mahn Naung
(B.A ; B.R.E)
Lecturer







Thra Saw Po Sein
(B.A ; B.Ed)
Lecturer



Thra Saw SiHai
(B.Sc; Dip. in Music)
Lecturer



Thramu Sheba Muvin
(B.A; B.R.E)
Lecturer



Thramu Amraylla Myat
(B.Sc; B.R.E)
Lecturer



Sayama Grace Mee
(B.Sc; B.D: M.Th)
Lecturer



Sayama Kareng Tawng
(B.A; M.A)
Lecturer







Saya K Naw Aung
B.A (His)
Lecturer



Sayama Daw Wai Wai Myint
B.A (His)
Assistant Librarian



Thramu Naw Mar Tha
Office



မဂ္ဂဇင်း သဘာပတိ
ဂျိမ်းစ်စည်သူအောင်
တတိယနှစ်



တာဝန်ခံစာတည်း
စမြူရယ်လှမိုး
တတိယနှစ်




ပထမနှစ် သင်တန်းသား/သူများ



shalom magazine



ဒုတိယနှစ် သင်တန်းသား/သူများ



တတိယနှစ် သင်တန်းသား/သူများ



စတုတ္ထနှစ် သင်တန်းသား/သူများ



အားသစ်လောင်းသင်တန်းသားများ



မော်လမြိုင်အနောက်ကြီးဆေးရုံအဖွဲ့




Classical ဟောပြောပွဲ





# ကဗျာ




## ဝေးဆဲ

တူးလည်းတူးဆွ
စူးလည်းစူးရှ
ခူးလည်းခူးကြ
ကျူးလည်းကျူးလှ
မြူးလည်းမြူးကြွ
ရှူးလည်းရှူးကြ

စွန့်၍မလွယ်၊ လွယ်လည်းမစွန့်
လောဘစည်းစိမ်၊ ကိုတဏှာကို
ဖက်တွယ်ထားရင်း၊ ရှုံးသွပ်ရင်းနဲ့
ဖန်ဆင်းရှင်နှင့် လူသားနှင့်
ဝေး၍ ဝေး၍ ဝေးနေဆဲ ..။

ကိုထူး (ပတိမြေ)

ကဗျာ


## နီးခြင်းဝေးခြင်း (၁)

တစ်ချို့က ကောက်ကွေ့တဲ့အရသာကိုခုံမင်တယ်
ဖြူစင်သော စကားလုံးရင်ခုန်မှုတွေကို
အများသုံးဘာသာစကားနဲ့ တိုက်စားခဲ့ကြတယ်။

အမှန်တရားဆိုတာ သစ္စာတဲ့လား
လွယ်ကူရိုးစင်းလွန်းနေတော့
အသုံးပြုဖို့ခက်ခဲပြီ။

တကယ်ရော ချစ်ခဲ့ရဲ့လား
တကယ်ရော မုန်းခဲ့ရဲ့လား
လူပီသခြင်းဂုဏ်ဒြပ်ကိုက
အမှန်များနဲ့လွဲရခြင်းအကြောင်းလေ . . .။

ဖိုးညွန့်ခင်
၂၀၀၂









ကဗျာ

## သုည




စားမကုန်တဲ့
ရွှေဘုံပေါ်က
ဘောဂသူဌေးဖြစ်ဖြစ် . .။


အုံကြကုန်
ပညာစုံတဲ့
ပါရဂူကြီးပဲဖြစ်ဖြစ် . .။

ရာထူးအာဏာ
ကြီးကျယ်ပါသော
မဟာဘုရင်ကြီးပဲဖြစ်ဖြစ် . .။

လူသားအကျိုး
မသယ်ပိုးသရွေ့
ဘုရားရှေ့မှာ
သုညပါပဲလေ . . .။

စိုး

# ကဗျာ



## အပုပ်ကောင်

ကျုပ်ခန္ဓာမှာ
မေတ္တာဗလာ
လောက်တွေသာ ရှစ်တက်နေတယ်။


စောမုတ်ဆိတ် (ကေတူ)





# ကဗျာ

## " ဘုရား ဘုရား "



ဘုရား
ခွန်အား
ငါ၏တရား . . ။

မှောင်မိုက်
လူ၌
တခဏရှိခိုက် . . ။

ဘုရား . . မသိ
တရား . . မရှိ
ရှက်ဖွယ်လိလိ . . ။

ဘုရား
ခွန်အား
ငါ၏တရား . . ။


တရား . . လိုက်ရှာ
ဘုရား . . ကွယ်ကာ
သုခပြည့်စုံဖို့ရာ . . . ။

**Dick**

## ကဗျာ

# ဆူးစူးခြင်း

သခင်ခရစ်တော်ထံ ပြန်လည်မှ
သခင်ဆွေးယူ
သရဖူဆူးခက်
ခေါင်းတော်ထက်မှာ
သွေးစက်နဲ့ရောလို့
လောကရဲ့အပြစ်တွေ
သုတ်သင်ဖျက်ခဲ့ . . .။
ရှင်ပေါလု 'စံ'
ဆူးချက်ခံစား
ထိုးနှက်ထားလို့
အင်အားချိနဲ့ချိန်
မှဲ့နေတဲ့မျှော်လင့်ခြင်း
သခင့်ထံမှရခဲ့ . . .။
ဆူးချုံနွယ်ကြား
နေရာမှားလို့
ရောက်သွားတဲ့မျိုးစေ့ငယ်
ကြီးထွားမယ်ကြိုးစား
ဖိအားပြင်းလှမို့
ရုန်းထမရခဲ့ . . .။
ဆူးတွေအကြောင်း
ပြန်ပြောင်းလို့
တွေးမိတယ် . .။
ရေးမိတယ် . .။
စားဝတ်နေရေး ဆူး
သားရေးသမီးရေး ဆူး
လုပ်ငန်းတာဝန် ဆူး
. . . . . . . . .
. . . . . . . . .
ဆူးကြားထဲရောက်နေတဲ့
. . . ဘဝပါလား . . . .။
ဝင်းနန္ဒာထွန်း








## ကဗျာ

# အလွှန်

ကမ္ဘာတည်စက
ဘုရားသခင်ရဲ့ညတွေ
နိုးယူခံရတာမရှိ . .။
ဒေင်ထဲက
ပန်းသီးတစ်လုံးကတော့
မိန်းမပျိုတစ်ယောက်ကို
နိုးယူပေါင်းသင်းတယ် . .။
လွှတ်လပ်ညတွေ
အရသာမချိုတော့တာ
ဘုရားသခင်ရဲ့ညအလွှန်မှာပါပဲ . .။
မသိခြင်းတစ်နေရာကဝယ်ယူခဲ့တဲ့
ဝမ်းနည်းခြင်းကို
လှောင်အိမ်ထဲကနေ
ဘယ်သူတွေလွှတ်ပစ်လိုက်သလဲ . .။
နောက်ဆုံး
ဘုရားသခင်ရဲ့ညအလွှန်
ကမ္ဘာမြေပေါ်မှာ . .
မျက်ရည်
ချွေး
ဝါး
နာကျင်ခြင်း
မုန်းတီးခြင်း
စစ်ပွဲ
ကျွန်
မနာလိုခြင်းတွေသာ
ပြန့်ကျဲပြီးကျန်ရစ်ခဲ့ကြ . .။ ။



ကိုဇက်
၂၄. ၈. ၂၀၀၁

# ကာတွန်း


Theology
Psychology
Philosophy
Shalom
Holy Bible






# ကာတွန်း



သူငယ်ချင်း... အခုတလော မင်းမျက်နှာ ကြည့်ရတာ လူကို ကိုက်စားတော့မယ့် အတိုင်းပဲ... ဘာလို့ဖြစ်တာလဲ ကွ ...
အေးကွာ ငါလဲ အခုတလော ကျောင်းက ကျွေးတဲ့ဟင်းရိုးတွေ ကိုက်စားရလို့ကွ ဟိ ဟိ...
cartoon
Idea Lin Lin H.C.T.C
art a kyar gyi 2002


ကိုယ့် ကားတိုင် ကိုယ်ထမ်းတာ ကွ ...
မိန်းမ ...
ကလေး ...
ငွေကြေး ...
cartoon
Idea kyaw myint sein
art a kyar gyi 2002


ဟေ့! စာတန်
မင်း ဘယ်မှာလဲ...
ကျုပ်ကခင်ဗျား
ခန္ဓာကိုယ်ထဲမှာ
ဗျ... ဟား ဟားဟား
cartoon
idea - C.t.k
art - kyar gyi
2002








ကိုခက်
2002

## ကာတွန်း







shalom magazine

## ၂၀၀၂-၂၀၀၃ ပညာသင်နှစ် သင်တန်းသား/သူများ

| ပထမနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ ဖရန်စစ်လောရင့်(စ်) | ရန်ကုန် |
| ၂။ ဒေးပစ်ဝင်းမြင့်စိုး | မန္တလေး |
| ၃။ စောစိုးပိုင်အေး | တောင်ငူ |
| ၄။ စောဆိုဂေးမှူး | ဘားအံ |
| ၅။ ပေါလ်လဆမ် | မြစ်ကြီးနား |
| ၆။ မာဂရက်မိုင်းရာ | မြစ်ကြီးနား |

| ဒုတိယနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ ပေါလ်ဆင်ဝါးနော် | မြစ်ကြီးနား |
| ၂။ မိုက်ကယ်ဘုန်းဇင်အောင် | မြစ်ကြီးနား |
| ၃။ မဂျာဆန် | မြစ်ကြီးနား |
| ၄။ နော်မေ ဖော | မန္တလေး |
| ၅။ စောပေါလ်ကညောထူး | တောင်ငူ |
| ၆။ နော်ဘွယ်စေး | တောင်ငူ |
| ၇။ နန့်မြတ်စုလင်း | တောင်ငူ |
| ၈။ ဆလိုင်းအိုက်တိမောသေ | စစ်တွေ |
| ၉။ ဆလိုင်းအိုင်ဘူးကို | စစ်တွေ |
| ၁၀။ မောင်အန္တြူးထွန်း | စစ်တွေ |
| ၁၁။ နော်ဟဲဖေဗယ်လင်း | ဘားအံ |
| ၁၂။ စောရစ်ချတ်ဂရောရီဝေမှူး | ရန်ကုန် |
| ၁၃။ စဂျော့စံမင်းဦး | ရန်ကုန် |
| ၁၄။ စမင်းဇော်ဦး | ရန်ကုန် |
| ၁၅။ ဆလိုင်းမြင့်ဇော် | ရန်ကုန် |
| ၁၆။ နန့်စန်းနှင်းနှင်းအေး | ရန်ကုန် |
| ၁၇။ နော်မြတ်ဆုမွန် | ရန်ကုန် |
| ၁၈။ မိုင်သန္တာမြင့် | ရန်ကုန် |
| ၁၉။ နန့်မော်လီအောင် | ရန်ကုန် |

| တတိယနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ မောင်သိလနော်အောင် | မြစ်ကြီးနား |
| ၂။ ဒေးဗစ်တူးလုမ် | မန္တလေး |
| ၃။ စောစိုးမိုးထူးထူးဘော | တောင်ငူ |
| ၄။ စောမက်သျူးကူသေး | တောင်ငူ |
| ၅။ ဆလိုင်းအိုက်အောင်ရှိန် | စစ်တွေ |
| ၆။ မောင်တယ်ရီသက်ထွန်း | ရန်ကုန် |
| ၇။ စအန္တြူးရွှေလှစိုး | ရန်ကုန် |
| ၈။ စခရစ္စတိုဖာမင်းမင်းထွန်း | ရန်ကုန် |
| ၉။ စဂျိမ်းစ်စည်သူအောင် | ရန်ကုန် |
| ၁၀။ စဂျော့ကျော်ထက် | ရန်ကုန် |
| ၁၁။ မိုင်တင်မာချို | ရန်ကုန် |

| စတုတ္ထနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ ဆလိုင်းအိုက်ဇက် | မြစ်ကြီးနား |
| ၂။ ဆလိုင်းနိုဝယ်တင်မင်းထွေး | မြစ်ကြီးနား |
| ၃။ L အိုက်ဇက်ဆွတ်အောင် | မြစ်ကြီးနား |
| ၄။ ဂျွန်ဂွမ်ဆန်အောင် | မြစ်ကြီးနား |
| ၅။ ဆလိုင်းပီတာဆေးဟောင်မန်း | မန္တလေး |
| ၆။ စောပြည်ငြိမ်းဘွယ်ထူး | တောင်ငူ |
| ၇။ စောဗီဘလူး | တောင်ငူ |
| ၈။ နော်မူမူထွန်း | တောင်ငူ |
| ၉။ ဆလိုင်းအိုက်ပေါလ်ဆန္ဒအောင် | စစ်တွေ |
| ၁၀။ ဆလိုင်းဂျွန်ငွေသိန်း | စစ်တွေ |
| ၁၁။ ဆလိုင်းဒံယေလဖွေးဘူ | စစ်တွေ |
| ၁၂။ ဆလိုင်းအောင်လင်းခင်း | စစ်တွေ |
| ၁၃။ စောဆင်မြူရယ်ဉာဏ်လင်း | ဘားအံ |
| ၁၄။ စောဟီလရီမင်းမင်း | ရန်ကုန် |
| ၁၅။ စအောင်ညွန့်စိန် | ရန်ကုန် |
| ၁၆။ ဆလိုင်းဂျိုးဇက် | ရန်ကုန် |

### အားသစ်လောင်းသင်တန်းသားများ

(၁) Arch Deacon ဂျိမ်း(စ်)လရော်

(၂) Revd. ဦးအင်ဘာဇော်အောင်း

(၃) Revd. ဂျေဝင်း

(၄) Deacon ဦးအောင်ထွန်း

ကတိထားရာပြည်သို့ ဝင်ရောက်ကြတော့မည်။ ဣသရေလလူမျိုးများကို ဘုရားသခင်၏အားပေးသောစကားဖြစ်ပါသည်။ ဣသရေလတို့သည် ကန္တာရ၌ နှစ်ပေါင်းလေးဆယ် လှည့်ပတ်နေကြရသည်။ ယခုတွင် ခါနန်ပြည်ဟုခေါ်သော ကတိထားရာပြည်သို့ ဝင်ကြတော့မည့်အခါ သူတို့အတွက် စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်းများစွာ ဖြစ်နေကြသည်။ အကြောင်းမှာ သူတို့ဝင်ရောက်ရမည့်အရပ်ဒေသသည် အတည်တကျ၊ အခိုင်အမာနေထိုင်ကြသော လူမျိုးများဖြစ်သည်။ သူတို့ထက် အစစအရာရာသာလွန်နေသည်။ ဣသရေလတို့အနေနှင့် ယခုမှတောကထွက်လာသောသူများဖြစ်၍ အတည်တကျနေဖို့မပြောနှင့်၊ ဘယ်မှာခြေချ၍ဘာတွေ လုပ်ကိုင်စားသောက်ရမည်ဆိုသည်ကို တွေးပင်မတွေးတတ်ပေ။

ဘုရားသခင်သည် သူတို့အား ပို၍ကောင်းသော၊ အတည်တကျဖြစ်သော၊ ကိုယ့်နိုင်ငံ ကိုယ့်တိုင်းပြည်အပိုင်အဖြစ်နေထိုင်ရမည့်နေရာသို့ ကတိတော်အတိုင်း ပို့ဆောင်ခဲ့ပါသည်။ ကလေးငယ်တစ်ယောက်ကဲ့သို့ အစမှအဆုံး လိုက်၍တော့လုပ်မပေးပါ။ မိမိတို့ကိုယ်တိုင် ကြိုးစားအားထုတ်ကြရမည်ဆိုသောအချက်ကိုလည်း တွေ့ရပါသည်။ အားယူ၍ရဲရင့်ခြင်းရှိကြလော့ဟုဆိုကတည်းက မိမိတို့ခြေ မိမိတို့ရပ်ရမည့်သဘောမျိုး ထင်ရှားစွာတွေ့ရပါသည်။ သို့သော်လည်း ဘုရားသခင်ကတော့ ပစ်မထားပါ။ အားယူပါလို့ပြောသောအရာမှာ ဘုရားသခင်ထံတော်မှာအားယူရမည့်သဘောမျိုးဖြစ်ပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား ပို၍ကောင်းသော၊ ပို၍နက်နဲသောအသက်တာသို့ အစဉ်အမြဲ ပို့ဆောင်နေပါသည်။ ဤအချက်ကို သတိပြုမိဖို့ရန်လိုအပ်ပါသည်။ လူသည် ငယ်ရာမှကြီးလာသည်။ ကြီးရာမှငယ်သွားသောသူမရှိပါ။ ကလေးအရွယ်မှာ ကလေးလိုတွေးသည်၊ ကြီးပြင်းလာလေ၊ ရင့်ကျက်လာလေဖြစ်ရပေမည်။ ဝိညာဉ်အသက်တာသည်လည်း ထိုအတိုင်းဖြစ်ရမည်။ ဘုရားသခင်၌ အသက်တာရှင်သန်ခြင်းတွင် တစ်နေ့ထက်တစ်နေ့ တိုးတက်မှု၊ ရင့်ကျက်မှုရှိလာပေမည်။ အသက်တာ၌ ကြီးပြင်းရင့်ကျက်

လာလေ၊ ဘုရားကိုသိခြင်းအရာ၌သော်လည်းကောင်း၊ ဘာသာတရား၏သွန်သင်မှုများ၊ ဗဟုသုတများ၊ ကျင့်ကြံအားထုတ်မှုများ သည်လည်း တိုးတက်မှုရှိလာရမည်။

ကျွန်ုပ်တို့သည် ခရီးအဝေးကြီးကိုသွားရဦးမည်။ လူတစ်ယောက်တွင်ရှိသော၊အသွေးအသားဖြင့်ဖွဲ့စည်းထားသောကိုယ်၊ ဘုရားရှင်မှုတ်သွင်းတော်မူသောဝိညာဉ်၊ ထိုအရာနှစ်ခု

# အားယူ၍ ရဲရင့်ခြင်းရှိကြလော

ဘုန်းတော်ကြီး အင်ဒရူးမန်းဇော်လွင်

ကို လောကမှာအသက်ရှင်သည့်အခါ တစ်ပြိုင်တည်း၊ မျှတစွာရှင်သန်ကြီးထွားဖို့ရန် ကြိုးစားလုပ်ဆောင်ရပေမည်။ သို့အတွက်ကြောင့် တစ်ဖက်စောင်းနင်းအသက်ရှင်ခြင်းမျိုးမဖြစ်ဖို့သတိပြုရပေမည်။

အထက်ပါအတိုင်း ဘဝအသက်တာကို ရှုမြင်သုံးသပ်လျှင် လိုက်လျောက်အသက်ရှင်ဖို့ရန်၊ ကြိုးစားအားထုတ်ဖို့ရန် လွန်စွာခက်ခဲပါသည်။ ခက်ခဲသော်လည်း မတတ်နိုင်ပါ။ ဤအတိုင်းပင် ရှုမြင်၍အသက်ရှင်ရမည်ဖြစ်ပါသည်။ တစ်ချိန်က ကန္တာရထဲ၌အဆင်ပြေသလိုအသက်ရှင်နေကြသော ဣသရေလလူမျိုး၊ ကန္တာရမှာ ဘုရားသခင်ပေးသမျှအချိန်တန်လျှင်ယူ၍စားနေကြသော၊ ဘဝကိုဖြစ်သလို ရင်ဆိုင်နေကြသော ဣသရေလလူမျိုး၊ ယခုတွင် ခါနန်ပြည်၊ တစ်နည်းအားဖြင့် ပို၍အတည်တကျအခြေချရမည့်ပြည်ကို ဝင်ရတော့မည်။ အရင်ကတွေးသလို၊ အရင်ကအသက်ရှင်ခဲ့သလို၊ ကြုံသလိုဘဝကိုရင်ဆိုင်ခဲ့သလိုမျိုး တွေး၍မရတော့ပေ၊ အသက်ရှင်လို့မရတော့ပေ။ ထိုအတွက်ကြောင့် ဣသရေလတို့အသက်တာကို ပြင်ဆင်ရတော့မည်။ သူတို့အတွက် ရှေ့ဆက်ရမည့်ခရီးသည် အဝေးကြီးရှိသေးသည်။ အရင်ကရှိနေသော





အနေအထားအတိုင်း အသက်ရှင်မရတော့ကြောင်း သဘောပေါက်လာကြသည်။

မေးခွန်းတစ်ခုစဉ်းစားရန်လိုအပ်ပါသည်။ Are you becoming what you want to be? ဆိုတဲ့မေးခွန်းပါပဲ။ နောက်မေးခွန်းတစ်ခုကတော့ ကျွန်ုပ်တို့ဘာဖြစ်ချင်လဲ၊ What do you want to be? ချမ်းသာကြွယ်ဝသူဖြစ်ချင်လား။ အာဏာရှင်ဖြစ်ချင်လား၊ ပညာတတ်ကြီးဖြစ်ချင်လား။ ဖြစ်ချင်တာဖြစ်ပြီလား၊ ဖြစ်ပြီဆိုရင်လည်း လောကမှာ အသက်ရှင်ရခြင်းက ဒါပဲလား။ မေးခွန်းများစွာကို စဉ်းစားဆင်ခြင်ကြပါစို့။

လောကတွင်အသက်ရှင်နေစဉ်ပင် ကျွန်ုပ်တို့ပြွလန်းသောအရာများ၊ ဖြစ်ချင်လိုသောအရာများ။ လုပ်ချင်သောအရာများ၊ ရပ်တည်မှုများ၊ မျှော်မှန်းချက်များသည် အကန့်အသတ်၊ အချုပ်အချယ်ဘောင်တစ်ခုထဲတွင် ရှိနေသည်ဆိုတာကို သတိပြုကြရန်လိုအပ်ပါသည်။

လုပ်ချင်တာကိုလုပ်ရခြင်း၊ ဖြစ်ချင်တာကိုဖြစ်နေခြင်းကိုပင် တင်းတိမ်ရောင့်ရဲနေသလား။ ကျွန်ုပ်တို့မျှော်မှန်းချက်များ၊ ကြိုးစားရှာဖွေမှုများ၊ ဖြစ်နေသောအရာများသည် ဤလောကနှင့်သာသက်ဆိုင်သောအရာများဖက်သို့သာ အားသာနေသည်ဆိုသောအချက်ကိုတော့ ငြင်းလို့ရမည်မဟုတ်ပေ။

ဤလောကကြီးမှာ ခုဆိုရင် လုပ်ချင်တာလုပ်နိုင်သလို ဖြစ်ချင်တာလည်း အမြန်ဖြစ်နိုင်သောအချိန်ဖြစ်ပါသည်။ ဖြစ်ချင်တာဖြစ်လို့၊ လိုချင်တာရတာနဲ့ လူ့ဘဝ အသက်တာဟာ ပြည့်စုံပြီလား။ ကျွန်ုပ်တို့လျှောက်ရမယ့်ခရီး လမ်းဟာဒါလား။ ဒီလောက်ပဲလားဆိုတာ စဉ်းစားရန်လိုအပ် ပါသည်။

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအရာ၌ ခရစ်တော်၌၊ ဘာသာတရား၊ သင်ကြားခြင်း၊ လေ့လာခြင်းများ၌ ကလေးငယ်ကဲ့သို့ဖြစ်နေကြသေးကြောင်း သတိပြုရန်ဖြစ်သည်။ (၁ကော ၃း၁-၃) ကျွန်ုပ်တို့၏အစွဲအလန်း၊ ကျွန်ုပ်တို့၏ကြိုးစားအားထုတ်ရန်းကန်မှုများသည် ဤလောကဆိုင်ရာများနှင့်သာ ပို၍ဆိုင်သည်ကို မငြင်းနိုင်ပေ။

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအရာ၌ ဘာသာတရား၏သင်ကြားခြင်းများ၊ အနှစ်သာရများ၊ လေ့လာခြင်းများ၌ ဝိညာဉ်ရေးအသက်တာ မြင့်တက်လာဖို့ရန် ကြိုးစားအားထုတ်မှုများတွင် အားနည်းနေကြောင်း တွေ့ရှိရပါသည်။ ကျွန်ုပ်တို့ဘာလုပ်ကြမလဲ။ ဘုရားသခင်ကိုရှာဖွေခြင်းအမှု၊ ဘုရားတရားဆိုင်ရာများ၌ အရင်ကထက်ပို၍ စိတ်ပါဝင်စားမှု၊ အားထုတ်မှုများကို စတင်လုပ်ဆောင်ရပါတော့မည်။

ယနေ့ ကျွန်ုပ်တို့ ရေနက်ရာသို့ရွှေ့ကြပါစို့၊ အခက်အခဲ ရှိမည်ဖြစ်သော်လည်း အားယူ၍ရဲရင့်ကြပါ၊ ဘုရားသခင်ကျွန်ုပ်တို့နှင့်အတူရှိပါသည်။ လုပ်ရိုးလုပ်စဉ်၊ ပုံမှန်စွဲလန်းမှုများမှရုန်းထွက်၍ ထာဝရတည်တန့်ခိုင်မြဲသောအရာများကို ပို၍မို၍အချိန်ပေး၍ အားထုတ်ရှာဖွေကြရန် အချိန်ရောက်ပြီဖြစ်ပါကြောင်း ခွန်အားပေးလိုက်ရပါသည်။

ဘုန်းတော်ကြီးအင်ဒရူးမန်းဇော်လွင်

## တစ်ခုကိန်း၏တန်ဘိုး

သီချင်းတစ်ပုဒ်ကြောင့် တခဏလန်းဆန်းလှပသွားစေသလို ပန်းကလေးတစ်ပွင့်
ကြောင့် အိပ်မက်ကနိုးထလာစေနိုင်ပါတယ်။

သစ်ပင်တစ်ပင်ကနေ သစ်တောကြီးတစ်ခုဖြစ်လာနိုင်ပြီး၊ တစ်ကောင်တည်းသော
ငှက်ကလေးပေမယ့် နွေဦးရဲ့တေးကို ဆိုညည်းနိုင်ပါတယ်။

အပြုံးတစ်ပွင့်ကစပြီး ရင်းနှီးခင်မင်မှုရရှိသွားတတ်သလို လူတစ်ယောက်ကို တစ်
ချက်လောက် ပွေ့ဖက်အားပေးလိုက်ခြင်းဟာ ခွန်အားဖြစ်စေနိုင်ပါတယ်။

ကောင်းကင်ယံကကြယ်တစ်ပွင့်ဟာ ပင်လယ်ပြင်ကသင်္ဘောတစ်စင်းအတွက် လမ်း
ပြရှင်ဖြစ်ပြီး စကားတစ်ခွန်းဟာ ဘဝခရီးရဲ့ပန်းတိုင်ကို ပုံဖော်လမ်းခင်းပေးတတ်ပါတယ်။

မဲဆန္ဒတစ်ခုကြောင့် တိုင်းနိုင်ငံရဲ့အနာဂတ်ကိုပြောင်းလဲသွားစေသလို နေရောင်
တစ်ပြောက်က အခန်းတစ်ခန်းကို လင်းလက်တောက်ပစေနိုင်ပါတယ်။

ဖယောင်းတိုင်ကလေးတစ်တိုင်က အမှောင်ထုကိုဖြိုခွင်းနိုင်သလောက် ရယ်သံ
တစ်ပွင့်နဲ့ ဘဝရဲ့တိမ်တိုက်တွေကို လွင့်ပျောက်ကွယ်သွားစေနိုင်လေရဲ့။

ပထမခြေလှမ်းတစ်ခုဟာ ဘဝခရီးရှည်တစ်ခုရဲ့အစဖြစ်တတ်ပြီး ညည်းတွားသံ
စကားလုံးတွေက ဆုတောင်းချက်ရဲ့အစ ဖြစ်လာတတ်ပြန်တယ်။

မျှော်လင့်ချက်တစ်ခုဟာ လူတွေရဲ့စိတ်ဝိညာဉ်ကို နိုးကြားအားတက်စေသလို လူကို
တစ်ချက်တို့ထိရုံနဲ့ သင်ဂရုစိုက်နေတဲ့အကြောင်း သိသာစေပါတယ်။

စကားတစ်ခွန်းဟာ ပညာရှိအဆိုအမိန့်ဖြစ်လာနိုင်သလို နှလုံးသားတစ်ခုဟာ အမှန်
တရားကို ရှာဖွေသိရှိတတ်ပြန်တယ်။

လူတစ်ယောက်ကြောင့် အပြောင်းအလဲရှိလာနိုင်သလို ကမ္ဘာကြီးကိုပြောင်းလဲစေဖို့
ဆိုရင် အတွေးအခေါ်တစ်ခုနဲ့တင် လုံလောက်ပါတယ်။

Billi S.Lin ၏ "Dare to Fail" မှကောက်နှုတ်ပြန်ဆိုသည်။



ပိန်းပိန်






## စက္ကရမင်တမင်္ဂလာ အားဖြင့် ခွန်အားယူခြင်း

ဘုန်းတော်ကြီး
ရှိမုန်ဘီဘင်ဖျူး

စက္ကရမင်တမင်္ဂလာများ (Sacraments) နှင့်ပတ်သက်၍ သန့်ရှင်းသောကားတိုင်မေ့မှတက္ကသိုလ်၊ ရှာလုမ်မဂ္ဂဇင်း၏အဓိကအချက်ကို အခြေခံလျက် တင်ပြလိုပါသည်။ Sacrament ဆိုသည့်စကားသည် လက်တင်စကား Sacramentum ကဆင်းသက်လာပြီး အဓိပ္ပာယ်နှစ်မျိုးရှိပါသည်။ ပထမအဓိပ္ပာယ်တစ်ခုမှာ သန့်ရှင်းမြင့်မြတ်သောကြောင့်သီးသန့်ဖယ်ရှားထားရသောအရာတစ်ခုဖြစ်ပါသည်။ ဒုတိယအဓိပ္ပာယ်မှာ စစ်သည်တော်တစ်ဦးခံယူရသော စစ်ဘက်ဆိုင်ရာကတိသစ္စာတစ်ခုဟု အဓိပ္ပာယ်ရပါသည်။ အင်္ဂလိကန်အသင်းတော်၏သွန်သင်ခြင်းတွင် စက္ကရမင်တမင်္ဂလာဆိုသည်မှာ မျက်မြင်ဖြစ်သော ပြင်ပလက္ခဏာတစ်ခုကို ဘုရားသခင်၏နှုတ်ကပတ်တော်ရွတ်ဆိုဆုတောင်းခြင်းအားဖြင့် အတွင်းဆုကျေးဇူးကိုရရှိစေသောမင်္ဂလာဖြစ်ပါသည်။

စက္ကရမင်တမင်္ဂလာ (၇) ပါးရှိရာ ဧဝံဂေလိကျမ်းများ၌ ဖော်ပြသော မင်္ဂလာ (၂) ပါးမှာ ဗတ္တိဇံမင်္ဂလာနှင့် ပွဲတော်မင်္ဂလာ (မုန့်ဖဲ့ခြင်း) တို့ဖြစ်ပါသည်။ ကျန်သည့် လက်တင်မင်္ဂလာ၊ သိက္ခာမင်္ဂလာ၊ လက်ထပ်မင်္ဂလာ၊ အာပတ်ဖြေခြင်းမင်္ဂလာနှင့် လူနာဆီလိမ်းခြင်းမင်္ဂလာတို့မှာ တမန်တော်များခေတ် သင်ကြားကျင့်သုံးခဲ့သော စက္ကရမင်တမင်္ဂလာများဖြစ်ပါသည်။ အထက်ဖော်ပြပါ စက္ကရမင်တမင်္ဂလာ (၅) ပါးကို အသင်းတော်၏ ကယ်တင်ခြင်းတရားတော်ကိုကြေငြာချက် (kerygma) နှင့် အသင်းတော်၏သွန်သင်ချက် (Didache) တို့တွင် တွေ့ရပါသည်။ များသောအားဖြင့် ကနဦးအသင်းတော်တွင် ဗတ္တိဇံမင်္ဂလာနှင့်ပွဲတော်မင်္ဂလာတို့သည် အရေးအကြီးဆုံးသော သီးသန့်ထားသော ဝတ်ပြုခြင်းများဖြစ်ခဲ့ကြသည်။
(တမန် ၂း၄၁-၄၂၊ ၁၀း၄၇၊ ၂၀း၇၊ ၁၁)

အထက်ဖော်ပြပါ စက္ကရမင်တမင်္ဂလာများသည် ခရစ်ယာန်တို့အား သခင်ယေရှု၏အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းတို့တွင် ပါဝင်ရောယှက်ခံစားစေပါသည်။ ကိုယ်တော်နှင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ မိဿဟာရဖွဲ့ခြင်းအခွင့်ကို ရရှိစေပါသည်။ (မဿဲ ၂၈း ၁၉-၂၀။ ၁ကော ၁၁း၂၃-၂၇၊ တမန် ၂း၃၈၊ ရောမ ၆း၃-၅၊ ကောလော ၂း၁၁-၁၂) အထူးသဖြင့် ဗတ္တိဇံမင်္ဂလာ နှင့် ပွဲတော်မင်္ဂလာတို့ကို သခင်ယေရှုကလည်းကောင်း၊ ကနဦးအသင်းတော်ကလည်းကောင်း၊ ဆက်ခံကျင့်သုံးကြရန် သွန်သင်ခဲ့ပါသည်။ (မာကု ၁၀း၃၈-၃၉၊ ၁ကော ၁၀း၁-၅) ထို့ကြောင့် ယုံကြည်သူများက စက္ကရမင်တမင်္ဂလာများ၊ ဝတ်ပြုကိုးကွယ်ခြင်းများ . . စသည့် ဘုရားဝတ်ပြုခြင်းများသည် သန့်ရှင်းမြင့်မြတ်သော ဘာသာရေးအသိုင်းအဝိုင်းအတွင်း၌သာ ပြုနိုင်

သောဝတ်ပြုခြင်းများဟု ကန့်သတ်သတ်မှတ်လာကြပါသည်။

ယနေ့ ကျွန်တော်တို့ခေတ် ကျွန်တော်တို့အချိန်တွင် စက္ကရမင်တမင်္ဂလာများ မည်ကဲ့သို့အဓိပ္ပာယ်ရှိမည်ကို သေချာစွာ စဉ်းစားကြရန်လိုအပ်ပါသည်။ တယူသန်၊တသမတ်တည်း ပုံသေယူဆောင်ခံယူရန် ဖြစ်နိုင်ချင်မှဖြစ်တော့မည်။ ခေတ်စနစ်ကိုအခြေခံ၍စဉ်းစားကြရန်ဖြစ်သည်။

စက္ကရမင်တမင်္ဂလာ၏အဓိပ္ပာယ်ကို ဆန်းစစ်ရန်ဖြစ်ပါသည်။ စက္ကရမင်တမင်္ဂလာများသည် သန့်ရှင်းမြင့်မြတ်သောကြောင့် သီးသန့်ဖယ်ထားသော ဘုရားဝတ်ဟု အများကမြင်၍နားလည်ကြပါသည်။ ထို့ကြောင့် လူ့လောကပတ်ဝန်းကျင်ကိုဂရုမစိုက်ပဲ သန့်ရှင်းခြင်းကိုသာ ဂရုစိုက်လျက် ဝတ်ပြုခြင်းကိုသာအာရုံစိုက်နေပါက ယနေ့ပတ်ဝန်းကျင်နှင့် ကျွန်တော်တို့ ကင်းကွာသွားပေတော့မည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကိုသိအောင်၊ နားလည်အောင်၊ စစ်မှန်သောဘုရားကိုဝတ်ပြုနေခြင်းဖြစ်ကြောင်း စက္ကရမင်တမင်္ဂလာများ၏ ရည်ရွယ်ချက် (၄) ချက်က ဖော်ပြထားပါသည်။

ယင်းတို့မှာ . . .

(က) စက္ကရမင်တမင်္ဂလာကိုခံယူခြင်းသည် ခရစ်ယာန်ဘာသာကို ယုံကြည်ကြောင်း ဝန်ခံခြင်းအထိမ်းအမှတ်ဖြစ်ပါသည်။

(ခ) ဘုရားသခင်က မိမိ၏ကျေးဇူးတော်ကို ကျွန်တော်တို့အားပေးအပ်ရန်ရှိကြောင်း ရည်ရွယ်ချက်ကို စက္ကရမင်တမင်္ဂလာများသည် သက်သေခံအထောက်အထားများဖြစ်ပါသည်။

(ဂ) စက္ကရမင်တမင်္ဂလာသည် ထာဝရဘုရားသခင်၏ တန်ခိုးတော်ကို ကျွန်တော်တို့အား ပေးသနားသောဝတ်ပြုခြင်းဖြစ်ပါသည်။

(ဃ) စက္ကရမင်တမင်္ဂလာသည် ဘုရားသခင်၏ကျေးဇူးတော်ရရှိရန်အတွက် အာမခံချက်ဖြစ်ပါသည်။

(လုကာ ၂၂-၁၉။ မဿဲ ၂၆း၁၉၊ မာကု ၁၄း၂၂-၂၄)

စက္ကရမင်တမင်္ဂလာ၏နောက်အဓိပ္ပာယ်တစ်ခုမှာ ပြုသင့်ပြုအပ်သော ကတိသစ္စာနှင့်ဆိုင်ပါသည်။ ယခု စက္ကရမင်တမင်္ဂလာခံယူရန်သွားသောအခါ မိမိအားနည်းချက်များ၊



ချွတ်ယွင်းချက်များကို ဝန်ချတောင်းပန်ပြီး ကုန်ခမ်းနေသော ဝိညာဉ်ခွန်အားများကို ပြန်လည်ဖြည့်ဆည်းရေးဟုသာ နားလည်နေကြသည်။ အမှန်မှာ ပတ်ဝန်းကျင်တွင် ကိုယ်တော်ရှင်နှင့်အတူ ဝေဒနာခံစားရန်၊ ထိုဒုက္ခဝေဒနာကို တတ်နိုင်သမျှ ကုစားပြုပြင်ရန် ခွန်အားကိုပေးပါဟု တောင်းခံရန်ဖြစ်ပါသည်။ ကတိပြုရန်ဖြစ်ပါသည်။ အချုပ်အားဖြင့်ဆိုရသော် စက္ကရမင်တမင်္ဂလာခံယူခြင်းသည် ကျွန်တော်တို့၏ ချွတ်ယွင်းမှု၊ အားနည်းမှု၊ ဆုံးရှုံးမှုများကို ဖော်ပြတောင်းပန်ရန် ဝတ်ပြုခြင်းဖြစ်ပါသည်။ ခွန်အားသစ်ကို ပြန်လည်တောင်းခံရန် ဖြစ်ပါသည်။ အသစ်သောခွန်အားဖြင့် ပတ်ဝန်းကျင်ကို အစေခံရန်ဖြစ်ပါသည်။ ခွန်အားကုန်သွားလျှင် ခွန်အားသစ်ရရှိရန် ပြန်လည်တောင်းခံရန်ဖြစ်ပါသည်။

အားယူ၍ ရဲရင့်ခြင်းရှိလော့။ (ယောရှု ၁း၉)

ဘုန်းတော်ကြီးရှိမုန်ဘီဘင်ထွား
ဒုတိယကျောင်းအုပ်





သ က် သေ ခံ ချ က်

## မိုင်သန္တာမြင့်

**B.Th II**

ရှေးဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ ကျွန်မနာမည်ကတော့ မိုင်သန္တာမြင့် ဖြစ်ပြီး ဒုတိယနှစ်မှာ ပညာသင်ကြားနေပါတယ်။ ကျွန်မရဲ့အသက်တာမှာ ဘုရားသခင်သာလျှင် စစ်မှန်သောအားကိုးရှင်ဖြစ်ကြောင်းကို သက်သေခံလိုပါတယ်။

ကျွန်မဟာ သိတတ်စအရွယ်ကနေ အထက်တန်းကျောင်းသူဘဝအထိ သာမန်ခရစ်ယာန်အနေနဲ့ပဲ အသက်ရှင်ခဲ့တယ်။ တနင်္ဂနွေနေ့ဆိုရင် ဘုရားကျောင်းတက်တယ်။ တစ်ခါတစ်လေ ပွဲတော်ယူတယ်။ စိတ်မပါတဲ့နေ့ဆိုရင် ပွဲတော်မယူတတ်ဘူး။ အသင်းတော်အလုပ်တွေမှာလည်း မပါဝင်ခဲ့ဘူး။ ကိုယ်နဲ့မဆိုင်ဘူး။ တာဝန်ရှိတဲ့သူတွေ လုပ်လိမ့်မယ်လို့ခံယူခဲ့တယ်။ ဝတ်ပြုခြင်းတွေမှာ ဘုန်းတော်ကြီးတွေတရားဟောရင်လည်း ကြားနာတဲ့အချိန်မှာတော့ တကယ်နောင်တရပြီး လက်တွေ့မှာလည်း အဲဒီအတိုင်းအသက်ရှင်မယ်လို့ ဆုံးဖြတ်ထားပေမယ့် ဝတ်ပြုခြင်းပြီးတာနဲ့ စောစောကကျင့်သုံးမယ့်အရာတွေလည်း ပျောက်သွားခဲ့တယ်။ တစ်နည်းအားဖြင့် ကျွန်မရဲ့အသက်တာဟာ ကျောက်ပေါ်မှာတည်တဲ့မျိုးစေ့လိုပါပဲ။ ပါပါက ဘုန်းတော်ကြီးတစ်ပါးဖြစ်ပေမယ့် ကျွန်မအတွက်တော့ တစ်ပါးသူတွေကို ပုံသက်သေကောင်းမပြနိုင်ခဲ့ပါဘူး။ ပါပါရဲ့အလုပ်တွေကိုလည်း ကူညီပေးတယ်လို့မရှိခဲ့ပါဘူး။

ဒုက္ခရောက်တဲ့အချိန်ဆိုရင်တော့ ဘုရားကိုတမ်းတတတ်တယ်။ ကိုယ်လိုချင်တာရှိရင် ဘုရားဆီမှာတောင်းခံတယ်။ တကယ်လို့ရခဲ့ရင်လည်း ကျေးဇူးတင်ပြီး မကြာခင် ဘုရားကိုပြန်မေ့သွားတယ်။ ကိုယ်အလိုရှိတဲ့အချိန်ပဲ ဘုရားကိုသတိရပြီးကျန်တဲ့အချိန်ဆိုရင် ဘုရားကိုလျစ်လျူရှုထားတတ်ပါတယ်။ ဒါပေမယ့် ငါဒီလိုအသက်ရှင်ပေမယ့် ဘုရားသခင်က ကျွန်မကို အပြစ်မပေးခဲ့ပါလား၊ ငါဒုက္ခမရောက်ခဲ့ပါလားလို့တော့တွေးမိပါတယ်။

ဒီလိုနဲ့ မကြာပါဘူး။ ကျွန်မအထက်တန်းစာမေးပွဲဖြေခါနီးမှာ ပြင်းထန်တဲ့ငှက်ဖျားရောဂါကို ခံစားခဲ့ရတယ်။ ရောဂါပြင်းထန်လာတဲ့အတွက် ရွာကဆရာက မြို့ဆေးရုံကိုသွားဖို့ ညွှန်ကြားလိုက်တယ်။ ကျွန်မမိသားစုအရမ်းဒုက္ခရောက်တော့တာပေါ့။ အထက်တန်းစာမေးပွဲဖြေဖို့ သူငယ်ချင်းတွေက စာတွေကျက်နေကြပေမယ့် ကျွန်မကတော့ ဆေးရုံပေါ်ကကုတင်ပေါ်မှာ ဆေးထိုးအပ်တွေ အားနဲ့မျှတဲ့ဆေးတွေသောက်ပြီး ရောဂါကုသနေရပါတယ်။ ကျွန်မသိလိုက်တယ်။ အဲဒါကတော့ ဒါဟာ ဘုရားသခင်ရဲ့အပြစ်ပေးခြင်းပဲ၊ စာမေးပွဲကိုလည်း အောင်မြင်မှာမဟုတ်တော့ဘူးဆိုတာပါပဲ။ ကျွန်မ သိပ်ဝမ်းနည်းခဲ့တယ်။ ဒါပေမယ့် ဘုရားသခင်ဟာ ကျွန်မကိုနေကောင်း ခွင့်ပေးရုံမကပဲ စာမေးပွဲလည်း ဖြေခွင့်ပေးခဲ့တယ်။

တကယ်တော့ ဖြေသာဖြေရတယ်။ အောင်မှာမဟုတ်ဘူးလို့ထင်ခဲ့တယ်။ ပါပါတို့ကလည်း ဘုရားသခင်လက်ထဲကိုအပ်ထားဖို့ ပြီးတော့ ဆုတောင်းခြင်းကိုလည်း မမေ့ဖို့အားပေးကြပါတယ်။ အောင်စာရင်းထွက်တဲ့နေ့မှာပဲ ကျွန်မနာမည်စာရင်း ပါလာခဲ့တယ်။ အံ့ဩစရာပါပဲ။ ဘုရားသခင်က ယုံကြည်ခြင်းအားနည်းပြီး သူ့အတွက်ဘာမှမလုပ်ပေးခဲ့တဲ့ကျွန်မကို နှစ်ချင်းပေါက် အောင်ခွင့်ပေးခဲ့တယ်။ ဒါဟာ ဘုရားသခင်အကြံစည်ရှိလိမ့်မယ်လို့ ကျွန်မထင်မိတယ်။

ဘုရားသခင်က ကျွန်မကို သိတတ်စအရွယ်ကနေ

အရွယ်ရောက်တဲ့အထိ သူဟာ အံ့ဩဖွယ်၊ တိုင်ပင်ဖက်၊ တန်ခိုးရှင်ဖြစ်ကြောင်း၊ အမျိုးမျိုးသောအဖြစ်အပျက်တွေနဲ့ ပြခဲ့တယ်။ ဒါကို ကျွန်မက လျစ်လျူရှုခဲ့တယ်။ ဘုရားသခင်ရဲ့ ကွယ်ကာစောင့်မှုတွေအတွက် ကျေးဇူးတော်ရေတွက်ဖို့ မေ့ထားခဲ့တယ်။ သူ့ဘက်မှာ အမျိုးမျိုးသောပေးဆပ်မှုတွေအတွက် ကျွန်မဘက်က ဘာမှတုန့်ပြန်မှုမပေးခဲ့ပါလားလို့တွေးပြီး သိပ်ဝမ်းနည်းခဲ့တယ်။ ကျွန်မဟာ နောင်တရလာခဲ့တယ်။

ဒါကြောင့် ဘုရားသခင်ဆီ ကျွန်မရဲ့အသက်တာတစ်ခုလုံးအပ်နှံဖို့ ဆုံးဖြတ်လိုက်တယ်။ သူ့အတွက် အမှုတော်ဆောင်ဖို့ ဆုံးဖြတ်ခဲ့တယ်။ အမှုတော်ဆောင်အတွက် ပြင်ဆင်ဖို့ ကျွန်မကျမ်းစာကျောင်းကို ရောက်လာခဲ့တယ်။ ကျောင်းမသွားခင် ကျွန်မကို သူများတွေက ကျမ်းစာကျောင်းမှာ စုံစမ်းခြင်းတွေကို ခံနိုင်ရည်ရှိပါ့မလားလို့ ပြောခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်မရဲ့အသက်တာကို ဘုရားသခင်ဆီမှာအပ်နှံထားပြီးဖြစ်တဲ့အတွက် မိမိကိုယ်ကိုမပိုင်တော့ပါဘူး။ ဘုရားသခင်နဲ့ ကတိပြုထားပြီးဖြစ်တဲ့အတွက် ကျွန်မခံစားရမယ့်ဒုက္ခ၊ သုခတွေဟာ သခင့်အတွက်ပဲလို့ ခံယူထားတယ်။ တကယ်ပဲ မမျှော်လင့်တဲ့ စုံစမ်းခြင်းတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အစပိုင်းမှာ အနည်းငယ်ယိမ်းယိုင်သွားပေမယ့် ကြာလာတဲ့အခါကျတော့ ဒါတွေကို ဂရုမစိုက်တော့ပါဘူး။ ဘုရားသခင်ဟာ ကျွန်မကို မခံနိုင်တဲ့စုံစမ်းခြင်းတွေလည်း ပေးမှာမဟုတ်ဘူးဆိုတာ ယုံကြည်တယ်။ (၁ကော ၁၀း၁၃)။ ကျွန်မရဲ့အသက်တာမှာ သခင့်အတွက်ပဲ ဖြစ်စေရမယ်။ ပြီးတော့ ဟေရှာယ ၉း၆ မှာ လည်း ကျွန်မရဲ့အသက်တာရှင်သန်ဖို့အတွက် အကောင်းဆုံးပံ့ကိုင်ရှင်သဖွယ် ဖြစ်ပါတယ်။ ကျွန်မ ဒုက္ခ၊ သုခခံစားနေရချိန်တွေမှာ ကျွန်မ အမြဲရွတ်ဆိုတဲ့ ကျမ်းချက်လည်း ဖြစ်တယ်။ ဒါကြောင့် လူ့ဘဝအသက်တာမှာ ကြုံတွေ့ရမယ့် ဒုက္ခအန္တရာယ်၊ စုံစမ်းခြင်းလှိုင်းတံပိုးတွေနဲ့ ကြုံတွေ့တိုင်း စိတ်မပျက်ပဲ ဟေရှာယ ၉း၆ ကို ဆင်ခြင်သတိရရင်း အသက်ရှင်သွားကြပါစို့။

အားလုံးအပေါ် ဘုရားသခင်ရဲ့မေတ္တာသွန်းလောင်းခံရပါစေ။

မိုင်သန္တာမြင့်
**B.Th II**

**ကျွန်မကိုသူများတွေက**
**ကျမ်းစာကျောင်းမှာ**
**စုံစမ်းခြင်းတွေကို ခံနိုင်ရည်**
**ရှိပါမလားလို့**
**ပြောခဲ့ကြပါတယ်။**





ရောမ ၁၂း၁ ၌ "သင်တို့၏ကိုယ်ခန္ဓာများကို အသက်ရှင်သောပူဇော်သက္ကာများအဖြစ် ဘုရားရှင်ထံ ဆက်ကပ်ပူဇော်ကြလော့" ဟုဖော်ပြထားပါသည်။ တစ်နည်းအားဖြင့် မိမိကိုယ်ကို လောက အညစ်အကြေးများမှ ကင်းစေလျက် ထိုက်တန်သော ပူဇော်မှုဖြစ်ရန် ကြိုးစားရမည်။




ဤကျမ်းချက်၏ ဆိုလိုရင်းသဘောကို ပို၍နားလည်လာနိုင်ရန် လောကအတွေ့အကြုံများနှင့်နှိုင်းယှဉ်၍ ရှင်းပြလိုပါသည်။ သင်သည် မွေးနေ့ရှင်တစ်ဦးကို သူ၏မွေးနေ့၌လက်ဆောင်တစ်ခုပေးမည်ဆိုအံ့။ သင်မည်သို့စဉ်းစားသနည်း။ မိမိသိကျွမ်းရင်းနှီးသောသူတစ်ဦး၊ အသက်အားဖြင့် (၄၀-၅၀) အရွယ်၊အလုပ်အကိုင်ကလည်း အရာရှိ ဆိုပါစို့။ သူ့မွေးနေ့မှာ ကစားစရာအရုပ်တစ်ခုပေးမည်လော။ ကစားစရာကားအရုပ်တစ်ခုပေးမည်လော။ မည်သူကမျှ ဤသို့ပေးမည် မဟုတ်ပေ။ သူနှင့်ထိုက်တန်မည့် ပိတ်တစ်စ၊ ပုဆိုးတစ်ထည်၊ ထဘီ၊ ပုဆိုးလည်းပေးမည်မဟုတ်ပေ။ ဤကဲ့သို့ ပေးသည့်အခါ အစွန်းထွက် အနာအဆာမရှိသောအရာများကိုသာ ပေးလေ့ပေးထရှိပေသည်။ လက်ခံရရှိသူကလည်း အလွန်တရာမှကျေးဇူးတင်မည်ဖြစ်ပါသည်။ သို့သော် အစွန်းအကွက်ပါသော၊ အနာအဆာပါသော ပိတ်တစ်စ၊ ထဘီတစ်ထည်၊ ပုဆိုးတစ်ထည်ပေးပါက လက်ခံသည့်မွေးနေ့ရှင်သည် ထိုလက်ဆောင်ကို ဖွင့်ကြည့်သည်နှင့် စိတ်ဆိုးပေမည်။ စိတ်မကောင်းဖြစ်ပေမည်။ ကျေးဇူးမတင်သည့်အပြင် "ငါ့ကိုစော်ကားတာပဲ"ဟု ခံစားရပေမည်။

တစ်ခါက လယ်သမားတစ်ဦးသည် မိမိစိုက်ပျိုးထားသော ပဲသီး၊ ခဝဲသီး၊ ခရမ်းသီးတို့ကိုခူးပြီး မိတ်ဆွေတစ်ဦးကို မိမိအပြန်လမ်း၌ဝင်ရောက်ပေးခဲ့လေသည်။စေတနာအပြည့်ဖြင့်ပေးသည်လော၊ ပိုးထိုးသဖြင့် စား၍မရကြောင်းကြိုတင်သိ၍လော မသိ။ စိုက်ပျိုးထားသောအပင်များ အလွန်သီး၍စားစေလိုကြောင်းပြော၍ပေးခဲ့လေသည်။ ထိုမိတ်ဆွေကလည်းနောက်တစ်နေ့၌ဝမ်းသာအားရစွာဖြင့် နံနက်စာအဖြစ် ချက်ပြုတ်စားသောက်ရန်လိုးသောအခါ ပဲသီးများလည်း ပိုးမထိုးသောအတောင့် တစ်တောင့်မှမရှိသကဲ့သို့ ခဝဲသီးများနှင့် ခရမ်းသီးများတို့လည်း ထိုနည်းတူ စားလို့မရနိုင်လောက်အောင် ပိုးထိုးနေ

ကြောင်းတွေ့ရှိရသည်။ ထိုမိတ်ဆွေသည် သဘောထားကြီးသူပီပီ သက်ပြင်းချရုံမျှလွဲပြီး စကားတစ်ခွန်းမှမပြောပေ။ သို့သော် ထိုသက်ပြင်းချခြင်းနောက်ကွယ်၌ စိတ်ထဲ မည်ကဲ့သို့ခံစားရမည်ကို တွေးဆနိုင်ပေသည်။

ကျွန်ုပ်တို့လူသားအချင်းချင်း လက်ဆောင်ပေးသည့်အခါ သင့်ရာတော်ရာပေးမှသာ လက်ခံရရှိသူကနှစ်သက်မည်၊ ပျော်ရွှင်မည်၊ ကျေးဇူးတင်မည်မဟုတ်ပါလား။ အမှန်စင်စစ် လက်ဆောင်ခံယူသူသည် မည်သည့်ပစ္စည်းလက်ဆောင်ပဲရရ စာဒကတက်စရာအကြောင်း လုံးဝမရှိပေ။ အကြောင်းမှာ သူသည် ထိုလက်ဆောင်ကိုပိုင်ဆိုင်သည်မဟုတ်ပဲ တစ်စုံတစ်ဦးက မိမိစရိတ်ဖြင့်အကုန်အကျခံပြီး ဝယ်ပေးခြင်းသာဖြစ်ပေသည်။ သို့သော် လက်ဆောင်မကောင်းပါက အလကားရရှိသော်လည်း ပေးကမ်းသူကို ကျေးဇူးမတင်နိုင်သည့်အပြင် ပြစ်တင်ရှုတ်ချနေပေသေးသည်။

လောကမှာ ရှိရှိသမျှသောအရာအားလုံးကို ပိုင်ဆိုင်တော်မူသည့် ဘုရားရှင်အဖို့ သူပိုင်ဆိုင်သည့်အရာများထဲမှ ခပ်ညံ့ညံ့တစ်ခုကို စေတနာအပြည့်ဖြင့်မပေးပါက ဘုရားရှင်လက်မခံပေ။ အကောင်းတကာ့ အကောင်းဆုံးကိုရွေးချယ်ပြီး စေတနာအပြည့်ဖြင့် ပေးကမ်းပူဇော်ဆက်ကပ်မှသာ ဘုရားရှင်နှစ်သက် နှစ်ထောင်းအရဖြစ်ပေမည်။

ကမ္ဘာဦးကျမ်း ၁း၃-၄ ၌ဖော်ပြသော ကာဣနနှင့် အာဗေလတို့အကြောင်းလည်း ထိုနည်းတူပင်ဖြစ်ပါသည်။ မိမိ၌ရှိသည့် အကောင်းတကာ့အကောင်းဆုံးကိုရွေးပြီး ဘုရားသခင်အား ဆက်ကပ်ပူဇော်သော အာဗေလ၏အလှူကို ဘုရားသခင် ချီးမွမ်းပြီး လက်ခံသော်လည်း၊ မိမိ၌ အကောင်းတကာ့အကောင်းဆုံးကိုမရွေးပဲ သိမ်လို့သောအသီးများနှင့် ပိုးထိုးသောအသီးများကို ဆက်ကပ်ပူဇော်သောကြောင့် ဘုရားရှင်လက်မခံခဲ့ချေ။ ဤအဖြစ်ကို ကာဣနကလက်မခံသည့်အပြင် ပြင်းစွာအမျက်ထွက်၍ အကောင်းတကာ့အကောင်းဆုံးကိုသာရွေးပြီး ဘုရားရှင်အား ပူဇော်ဆက်ကပ်ခဲ့သော ညီဖြစ်သူအာဗေလကို အလွန်မုန်းတီးပြီး သတ်ခဲ့လေသည်။

တစ်နည်းအားဖြင့်ဆိုရသော် ကာဣနသည် ကမ္ဘာမြေကြီးကိုဖန်ဆင်းသောဘုရားရှင်၊ နေရောင်ခြည်၊ လေ၊ ရေတို့ကို ဖန်ဆင်းသောဘုရားရှင်ဖြစ်ကြောင်း မေ့လျော့နေပါသည်။ ထိုအရာများကို ဖန်ဆင်းသောအရှင်သည် ပိုင်ဆိုင်နေကြောင်း ကာဣနမေ့လျော့နေပြီး မိမိပိုင်ဆိုင်သောအရာများသာဖြစ်ကြောင်း ယူဆပုံရပါသည်။ ထို့ကြောင့် လိုလိုလားလား၊ စိတ်ပါကိုယ်ရောက် ဘုရားရှင်အားဆက်ကပ်ပူဇော်လိုစိတ်မရှိပေ။ ဤသည်မှာ သူ၏ အဓိကမှားယွင်းချက်ဖြစ်နေပေသည်။

ဘုရားရှင်သည် သူ့အား မည်၍မည်မျှပူဇော်ကြောင်း ဆက်ကပ်ပူဇော်သောအရေအတွက်ကို ဘုရားရှင်နှစ်သက်သောအရာမှာ အလေးမထားပေ။ များသည်ဖြစ်စေ သူအားနည်းသည်ဖြစ်စေ၊ ဆက်ကပ်ပူဇော်သည့်အခါ စိတ်နှလုံးပါလျက် ဆက်ကပ်ပူဇော်ခြင်းလော သို့မဟုတ် စိတ်မပါပဲ ဝတ်ကျေ တန်းကျေ ဆက်ကပ်ပူဇော်နေခြင်းလော။ အာဗေလသည် စိတ်နှလုံးပါလျက် ဘုရားရှင်အား ပူဇော်ဆက်ကပ်သဖြင့် သူ၏ပူဇော်သက္ကာကို ဘုရားရှင်နှစ်သက်အားရတော်မူ၏။ လက်ခံတော်မူ၏။

ယနေ့ ကျွန်ုပ်တို့အနေဖြင့် ဘုရားရှင်အားဆက်ကပ်ပူဇော်သောအခါ မည်ကဲ့သို့စိတ်သဘောထား၍ ဆက်ကပ်ပူဇော်ကြပါသနည်း။ အလှူငွေဖြစ်စေ၊ ဝတ္ထုပစ္စည်းဖြစ်စေ၊ မိမိတို့၏အချိန်ဖြစ်စေ၊ မိမိတို့၏လုပ်အားဖြစ်စေ ဘုရားရှင်အတွက်ဆက်ကပ်မည်၊ ပေးဆပ်ပူဇော်မည်ဟု စဉ်းစားသည့်အခါတိုင်း ဘုရားရှင်နှစ်သက်တော်မူသော ပူဇော်သက္ကာဖြစ်ရန် အာဗေလစိတ်ဓာတ်မျိုး၊ ခံယူချက်မျိုးဖြင့် ဆက်ကပ်ပူဇော်မှသာလျှင် ဘုရားရှင်နှစ်သက်လက်ခံမည်ဖြစ်ကြောင်း နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

"သင်တို့၏ကိုယ်ခန္ဓာများကို အသက်ရှင်သောပူဇော်သက္ကာ၊ သန့်ရှင်းသောပူဇော်သက္ကာနှင့် လက်ခံဖွယ်ရာဖြစ်သော ပူဇော်သက္ကာများအဖြစ် ဘုရားရှင်ထံဆက်ကပ်ပူဇော်ကြလော့" (ရောမ ၁၂း၁)။

မာကု (ခ) တောသားလေး
၂၀၀၂ ခုနှစ်၊ ဇူလိုင်လ (၈) ရက်။





# သတင်း

## ရန်ကုန်သာသနာပိုင်နယ် အနာဂတ်ခရီး

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃-၂၄) ရက်များအတွင်း ကျင်းပပြုလုပ်ခဲ့သော ရန်ကုန်သာသနာပိုင်နယ် (၁၂၅) နှစ်မြောက် ကျေးဇူးတော်ချီးမွမ်းခြင်းပွဲတော်သို့ ကြွရောက်လာခဲ့ကြသည့် ရန်ကုန်သာသနာပိုင်နယ်အတွင်းရှိ အသင်းသားထုကြီးက အနာဂတ်အသင်းတော် ရှင်သန်နိုးကြားကြီးထွားရေးအတွက် လုပ်ငန်းစဉ်ကြီးတစ်ရပ်ချမှတ်ဆောင်ရွက်ရန် ဆန္ဒပြုသဘောထားဖော်ပြခဲ့ကြပါသည်။

၎င်းလုပ်ငန်းစဉ်ကြီးတွင်စည်းရုံးလှုံ့ဆော်ရေးကာလ (၂၀၀၃-၂၀၀၅) သာသနာပြုစုပျိုးထောင်ရေးကာလ (၂၀၀၆-၂၀၁၀) နှင့် အသင်းတော် တိုးတက်ကြီးထွားခြင်းဆယ်ခုနှစ် (၂၀၁၁-၂၀၂၀)ဟူ၍ ကာလအပိုင်းအခြား(၃)ခု ပါဝင်ပြီး လာမည့် ၂၀၀၃ ဇန်နဝါရီလမှစတင်၍ အကောင်အထည်ဖော်ရန် အဆိုပြုထားပါသည်။

ယခုအခါ ရန်ကုန်သာသနာပိုင်နယ် ဗဟိုအမှုဆောင်ကော်မတီမှ ရှေ့လုပ်ငန်းစဉ်မူဝါဒချမှတ်ရေးကော်မတီကို ဖွဲ့စည်းပေးထားပြီး ရှေ့လုပ်ငန်းစဉ်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

## ရန်ကုန်သာသနာပိုင်နယ်၊ လက်ထောက်သာသနာပိုင်အသစ် ခန့်ထားခြင်း

၂၀၀၂ခု၊ ဖေဖော်ဝါရီ (၂၄) ရက်နေ့တွင် အနားယူသွားသော ရန်ကုန် လက်ထောက်သာသနာပိုင် ဦးဂျိုးဇက်သန်းဖေ၏နေရာတွင် ဝိုက်ာ်းထောက်ကြီး ဦးဂျွန်တင်မောင်အား လက်ထောက်သာသနာပိုင်အဖြစ် ရန်ကုန်သာသနာပိုင်ကြီး ရှမွေလစံစီဌေးမှ ခန့်အပ်ခဲ့ပါသည်။ ဆရာတော်သည် လက်ထောက်သာသနာပိုင်အဖြစ် ခန့်အပ်ခံရချိန်၌ ရန်ကုန်သာသနာပိုင်နယ်ဝိုက်ာ်းထောက်ကြီးရာထူးအပြင် အင်းစိန်ခရစ်တော်ဘွဲ့နာမခံဘုရားကျောင်း၏ ကျောင်းထိုင်ဘုန်းတော်ကြီးတာဝန်ကိုပါ ထမ်းဆောင်နေသူဖြစ်ပါသည်။

## ၂၀၀၁-၂၀၀၂ ပညာသင်နှစ် တတိယနှစ်သင်တန်းသား/သူများအတွက် လုပ်ငန်းခွင့်လေ့လာမှုသင်တန်း

၂၀၀၁-၂၀၀၂ ပညာသင်နှစ်၊ တတိယနှစ်သင်တန်းသူ/သား (၁၃) ဦးသည် ကြီးကြပ်အုပ်ချုပ်သူ ဆရာမဒေါ်ရှီဘာမူးဗင်း (အချိန်ပိုင်းကထိက) လိုက်ပါလျက် လုပ်ငန်းခွင်လေ့လာမှုသင်တန်း (Intensive course) အဖြစ် မော်လမြိုင်မြို့ ခရစ်ယာန်အထူးကိုယ်ရေပြားရောဂါကုဆေးရုံ (တောင်ဝိုင်း) သို့ ၂၀၀၂ ဧပြီလက တစ်လတာ သွားရောက်ခဲ့ကြပါသည်။

၎င်းအဖွဲ့သည် မော်လမြိုင်သို့မသွားမီ ဖားအံသာသနာပိုင်နယ်အတွင်းရှိဖားအံ၊ကပ္ပလီ၊ ကွမ်တာ၊ လားဝါ၊ ကွမ်ဘီနှင့် လှိုင်းဘွဲ့အသင်းတော်များသို့ တစ်ပတ်တာကွင်းဆင်း လေ့လာခဲ့ကြပါသည်။ မော်လမြိုင်တွင်ရှိစဉ်အတွင်း ခရစ်ယာန်အထူးကိုယ်ရေပြားရောဂါကုဆေးရုံရှိ လူနာများအား ညစဉ်ဆုတောင်းပေးခြင်း၊ ဆေးရုံဝန်ထမ်းမိသားစုများထံ ညစဉ်အလှည့်ကျဝတ်ပြုဆုတောင်းပေးခြင်း၊ သကြံန်ရုံးပိတ်ရက်အတွင်း တောင်ဝိုင်းအသင်းတော်ရှိ လူငယ်နှင့်ကလေးသူငယ်များအတွက် ဓမ္မပညာ ရက်တိုသင်တန်းဖွင့်လှစ်ပေးခြင်း၊ လူနာများနှင့် ဝန်ထမ်းမိသားစုများကို အားပေးသည့်အနေဖြင့် ဇာတ်ရှုံအစီအစဉ်တစ်ရပ်ပြုလုပ်ပေးခြင်းအပါအဝင် အခြားလိုအပ်ရာများတွင် ဆက်ကပ် အ

စေခံခဲ့ကြပါသည်။

ဖားအံခရီးစဉ်အတွက် တာဝန်ယူ ဆောင်ရွက်ပေးသော သာသနာပိုင်ကြီးဒံယေလ ဝိုက်ကျင်းနှင့် သက်ဆိုင်ရာအသင်းတော်ကြီး များ၊ မော်လမြိုင်တွင်ရှိစဉ် အစစအရာရာ ကူညီဆောင်ရွက် ပေးကြသော ဆေးရုံအုပ်ကြီး ဒေါက်တာစောဝါးထူးနှင့် သင်ကြားရေးဆရာ/မများ၊ ဝန်ထမ်းများ၊ မော်လမြိုင်အင်္ဂလိကန်အသင်းတော် သင်းအုပ်ဘုန်းတော်ကြီး ဦးဆန်နီမူးဗင်းနှင့် အသင်းသူ အသင်းသားများအား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြပါသည်။

## သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် နှင့် ပိုးကရင်ကျမ်းစာကျောင်းမိဿဟာယ

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် ကျောင်းသားကောင်စီ၊ မိဿဟာယဆပ်ကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်၊ အလုံရှိ ပိုးကရင်ကျမ်းစာကျောင်းမှ ကျောင်းသား/သူ တို့၏ မိဿဟာယအစီအစဉ်ကို ၁၉. ၇. ၀၂ နေ့က အလုံမစ်ရှင်ဝင်း ပိုးကရင်ကျမ်းစာကျောင်း၌ ပြုလုပ်ခဲ့ပါသည်။

အစီအစဉ်တွင် ရှေးဦးစွာ အတူတကွဝတ်ပြုကိုးကွယ်ရာ၌ ပိုးကရင်ကျမ်းစာကျောင်း ကျောင်းသားကောင်စီသဘာပတိ နန့်လှိုင်ရတနာစိုးမှဦးဆောင်ပြီး သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်ကျောင်းသားကောင်စီသဘာပတိ ဆလိုင်းအိုက်ဇက်မှ နှုတ်ကပါတ်တော်ကို ဝေငှချီးဆော်ပါသည်။ ၎င်းနောက် နံနက်စာကို အတူတကွသုံးဆောင်ကြပါသည်။ နံနက်စာသုံးဆောင်အပြီးတွင် အပြန်အလှန်မိတ်ဆက်ခြင်း၊ မိဿဟာယဝိုင်းဖွဲ့ကစားခြင်းနှင့် နှစ်ဘက်ကျောင်းဘောလုံးအသင်းတို့ မိဿဟာယကစားခြင်းတို့ကို ခင်မင်ရင်းနှီးစွာပြုလုပ်ခဲ့ပါသည်။

## သန့်ရှင်းသောကားတိုင်လူငယ်အသင်း နှစ် (၅၀) ပြည့်ပြီ

ရန်ကုန်မြို့၊ (၁၀၄) အင်းယားလမ်း၊ ကမာရွတ်ရှိ သန့်ရှင်းသောကားတိုင်အသင်းတော် အင်္ဂလိကန် လူငယ်များအသင်းသည် ယခုအခါ နှစ်ပေါင်း (၅၀) ပြည့်မြောက်ပြီဖြစ်သည်။

<u>အသင်းတော်နောက်ခံသမိုင်းအကျဉ်း</u>

ရန်ကုန် သန့်ရှင်းသောကားတိုင်ဘုရားကျောင်းကို ၁၉၂၉ ခုနှစ် နိုဝင်ဘာလတွင် ဘုန်းတော်ကြီး ဆာလ်တာ (Rev. R.H.A. Salter) က ရှုပ်ငွေ (၅၀၀၀) အကုန်အကျခံ၍ စတင်ဆောက်လုပ်ခဲ့သည်။ အဓိကရည်ရွယ်ချက်မှာ ရန်ကုန်တက္ကသိုလ်ရှိ အင်္ဂလိကန်ဆရာ/မ များ၊ ကျောင်းသား/သူများ လာရောက်ဝတ်ပြုကိုးကွယ်နိုင်ရန် ဝတ်ပြုဆောင် (Chapel) အဖြစ် ဆောက်လုပ်ခြင်းဖြစ်ပါသည်။

၁၉၃၄ခုနှစ် တွင် ကုက္ကိုင်းရှိ ရန်ကုန်သာသနာပိုင်နယ်ကျမ်းစာကျောင်းကို အင်းယားလမ်းသို့ ရွှေ့ပြောင်းပြီး သန့်ရှင်းသောကားတိုင်ကောလိပ်အဖြစ် ဖွင့်လှစ်သောအခါ သန့်ရှင်းသောကားတိုင် အသင်းတော်တွင် ရှိရင်းစွဲအသင်းသူ/သားများအပြင် ကျမ်းစာကျောင်းဆရာ၊ ကျောင်းသားများလည်း ပါဝင်လာခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ရန်ကုန်မြို့ကို ဂျပန်စစ်တပ်မှ ဝင်ရောက်သိမ်းပိုက်ထားရာ သန့်ရှင်းသော





ကားတိုင်ဘုရားကျောင်းသည် ဂျပန်စစ်တပ်ထမင်းစားဆောင်နှင့် စားဖိုဆောင်အဖြစ် အသုံးပြုခံရပါသည်။

စစ်ကြီးအပြီး တိုင်းပြည်လွတ်လပ်ရေးရသောအခါ ဘုရားကျောင်းကို ဘုန်းတော်ကြီး ဦးဟင်နရီဘထက်မှ တာဝန်ယူဖွင့်လှစ်ခဲ့ပါသည်။ ၁၉၅၀-၅၄ အတွင်း သန့်ရှင်းသောကားတိုင်ကောလိပ်ကို ခေတ္တပိတ်ထားခဲ့ရသည်။ ထိုအချိန်၌ ရန်ကုန်တက္ကသိုလ်မှ ခရစ်ယာန်ကျောင်းသားများအတွက် ဘော်ဒါဆောင်အဖြစ် ကျမ်းစာကျောင်းဆောင်ကို အသုံးပြုခဲ့သည်။

<u>လူငယ်အသင်းဖြစ်ပေါ်လာခြင်း</u>

၁၉၅၁-၅၂ တွင် ဘုန်းတော်ကြီး မက်သျူး (Rev.J.M. Matthews) သည် လူငယ်လုပ်ငန်းကို စိတ်ပါဝင်စားသည့်အလျောက် စည်းရုံးလှုံ့ဆော်မှုပြုခဲ့ရာ ၁၉၅၂ ခုနှစ်တွင် Holy Cross Youth Guild (HCYG) ကို ဖွဲ့စည်းခဲ့ကြသည်။ ဤသို့ဖြင့် ပထမဆုံးလူငယ်အသင်း ဖြစ်ပေါ်လာခဲ့ပါသည်။

၁၉၆၀ အောက်တိုဘာ (၂၃) ရက်နေ့တွင် သန့်ရှင်းသောကားတိုင်ကောလိပ် ခန်းမဆောင်၌ ရန်ကုန်သာသနာပိုင်နယ်၊ အင်္ဂလိကန်လူငယ်များအသင်း (အလငသ) ကို စတင်ဖွဲ့စည်းထူထောင်ခဲ့ရာ သန့်ရှင်းသောကားတိုင်လူငယ်အဖွဲ့ (HCYG) သည် အလငသကို စတင်ဖွဲ့စည်းရာတွင် ပါဝင်သောလူငယ်အသင်းခွဲတစ်ခု ဖြစ်လာပါသည်။ ထိုအချိန်မှစ၍ ရန်ကုန်သာသနာပိုင်နယ်နှင့် သာသနာပိုင်ချုပ်နယ်ဖြစ်လာသည့် နောက်ပိုင်းသို့တိုင် လူငယ်လုပ်ငန်း၌ အားကြီးမာန်တက် ပါဝင်လှုပ်ရှားလျက်ရှိနေပါသည်။

<u>အနာဂတ်မျှော်မှန်းချက်</u>

နှစ် (၅၀) ပြည့် ရွှေရတုကျေးဇူးတော်ချီးမွမ်းခြင်းအစီအစဉ်ကို ယခုနှစ်အောက်တိုဘာလအတွင်း ပြုလုပ်ရန်ရှိသည်။ သန့်ရှင်းသောကားတိုင်လူငယ်အသင်းတစ်ခုအနေဖြင့် အသင်းတော်၏သာသနာပြုစုပျိုးထောင်ခြင်းလုပ်ငန်းများ၌ လူအား၊ ငွေအားဖြင့် ပိုမိုထိထိရောက်ရောက် ပါဝင်နိုင်ရန်အတွက်သော်လည်းကောင်း၊ အမှန်တကယ်လိုအပ်သူများအတွက် ပညာရေးထောက်ပံ့မှုအစီအစဉ်အတွက် မတည်ငွေစုဆောင်းခြင်းကိုသော်လည်းကောင်း လုပ်ဆောင်လျက်ရှိသည်။

အထက်ပါအခြေအနေများဖြင့် အသင်းတော်၏အနာဂတ်တွင် "သစ္စာရှိသောငယ်သားကောင်း" အဖြစ် ရပ်တည်နိုင်ရန် ရှုပါရုံများထားရှိလျက် အားယူပြင်ဆင်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ဖွန်နီ

## ကင်တာဘာရီသာသနာပိုင်ချုပ်ကြီးသစ် အမည်စာရင်းတင်သွင်းပြီ

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက ဝေလနယ်သာသနာပိုင်ချုပ် ရိုဝင်ဝီလျံ (Rowan Williams) အား ကင်တာဘာရီသာသနာပိုင်ချုပ်ကြီးအသစ်အဖြစ် ဇူလိုင်လကုန်ပိုင်းက အမည်တင်သွင်းလိုက်ပြီဖြစ်သည်။ သာသနာပိုင်ချုပ်ဝီလျံသည် အင်္ဂလိကန်အသင်းတော်နှင့် နိုင်ငံတော်ဆက်သွယ်တည်ရှိမှုကို ပြန်လည်သုံးသပ်လိုသူ ဖြစ်ပါသည်။

(Ref: Newsweek. August 5,2002.)

## ရောမပုပ်ရဟန်းမင်းကြီးအနားယူမည်လော

၁၉၇၈ ခုနှစ်၊ အသက်တော် (၅၈) နှစ်အရွယ်တွင် ရောမပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ်တင်မြှောက် ခြင်းခံခဲ့ရသော ပုပ်ဒုတိယမြောက်ဂျွန်ပေါလ်သည် ယခုအခါ သက်တော် (၈၂) နှစ်ရှိပြီဖြစ်သည်။ သူသည် နှစ်ပေါင်း(၁၅၅) နှစ်အတွင်း အီတလီနိုင်ငံသားမဟုတ်သော ပထမဆုံးပုပ်ရဟန်းဖြစ်သည်။ ပိုလန်နိုင်ငံ သားဖြစ်သော ပုပ်ဒုတိယမြောက် ဂျွန်ပေါလ်သည် ရောမပုပ်ရဟန်းတို့၏သမိုင်းကြောင်း၌ ယုဒတရားဇရပ်သို့ ပထမဆုံးလည်ပတ်သူ (၁၉၈၆)၊ မူဆလင်ဗလီသို့ ပထမဆုံးလည်ပတ်သူ (၂၀၀၁) ဖြစ်သည်။ သူသည် ယခုအခါ ပါကင်ဆန်ရောဂါခံစားလျက်ရှိပြီး အသင်းတော်ကြီးကို ဦးဆောင်ရန် ကျန်းမာရေးချို့ယွင်းလာလျက်ရှိသည်။ ထို့ကြောင့် အချို့သောလေ့လာစောင့်ကြည့်သူတို့က ပုပ်ရဟန်းမင်းကြီးအနားယူမည်လောဟု တွေးထင်မှုပြုကြ သည်။ အမှန်တွင် ၁၄၁၅ ခု ပုပ်ရဟန်းဂရေဂရီ (Gregory XII) ၏နောက်ပိုင်းတွင် ရာထူးမှအနားယူ သော ပုပ်ရဟန်းများမရှိခဲ့သေးချေ။ သို့သော် ရောမအသင်းတော်၏ ဓမ္မဥပဒေ အပိုဒ် ၃၃၂ (Ganon 332) တွင် ပုပ်ရဟန်းများအနားယူနိုင်သောအခွင့်အလမ်းရှိခြင်းကိုတွေ့ရသည်။

ယခုနှစ် ဇူလိုင်လအတွင်း ပုပ်ရဟန်းမင်းကြီးက ဂျိနိုအာကာဒီနယ် ဒိုင်အိုနီဂီတက်တာ မန်ဇီ (Dionigi Tettamanzi) ကို မီလန်သာသနာပိုင်ချုပ်အဖြစ်ခန့်အပ်ခဲ့ရာ ၎င်းလုပ်ရပ်သည် ပုပ်ရဟန်းမင်းကြီးအဖို့ ၎င်း၏ နေရာကိုဆက်ခံမည့်ပုဂ္ဂိုလ်အားနေရာပေးခြင်းပေလောဟု ယူဆလျက်ရှိကြပါသည်။

(Ref: Newsweek. August 5,2002. and July 22/ July 29,2002.)

## ကနေဒါသို့ မြန်မာအင်္ဂလီကန်ကိုယ်စားလှယ်အဖွဲ့သွားရောက်ခဲ့

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၏ မိတ်ဖက်သာသနာနယ်ဖြစ်သော ကနေဒါ အင်္ဂလီကန်အသင်းတော်၊ ဗြိတိသျှကိုလံဘီယာသာသနာပိုင်နယ်၏ဖိတ်ကြားချက်အရ သင်းထောက်ဦးရှေမာယ အောင်ထွန်း ဦးဆောင်၍ အဖွဲ့ဝင် (၉) ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ၂၀၀၂ မေလ (၃၁) ရက်မှ ဇွန် (၁၉) ရက်ထိ ကနေဒါနိုင်ငံသို့ သွားရောက်ခဲ့ပါသည်။

ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိသျှကိုလံဘီယာသာသနာပိုင်နယ် သာသနာ့လွှတ်တော်အစည်းအဝေးတွင် တက်ရောက်လေ့လာခဲ့ပြီး သာသနာပိုင်နယ်အတွင်းတွင်လည်း အုပ်စုများခွဲ၍ လှည့်လည်လေ့လာခဲ့ကြသည်။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်နှင့် ဗြိတိသျှကိုလံဘီယာသာသနာပိုင်နယ်တို့သည် လွန်ခဲ့သော (၅) နှစ်မှစ၍ မိတ်ဖက်နယ်များအဖြစ် စတင်ပဋိညာဉ်ပြုခဲ့ကြသည်။ ၂၀၀၇ ခုနှစ်အထိ ဒုတိယ (၅) နှစ်တာ ဆက်လက်မိတ်ဖက်အဖြစ် လက်တွဲသွားကြရန်လည်း နှစ်ဦးနှစ်ဘက်သဘောတူထားကြပြီဖြစ်သည်။

( Ref: ကိုယ်စားလှယ်အဖွဲ့၏ ၆. ၇. ၀၂ ရက်စွဲပါအစီရင်ခံစာမှ ကောက်နုတ်ချက်)







## ပြည့်ငြိမ်းအေး

### အားယူ၍ရဲရင့်လော့ ဟုဆိုရာ၌

'အားယူ၍ရဲရင့်လော့' ဟူသော ဆောင်ပုဒ်ကို အသင်းတော်ကဆုပ်ကိုင်၍ တပ်လှန့်နှိုးဆော်သည်ကိုသတိပြုမိသည်။ ဖတ်မိသည်။ မြင်မိသည်။ ကျမ်းစကားအရ အတော်ပင်ထိရောက်၍ ခံယူနိုင်သူအဖို့ တစ်တပ်တစ်အားဖြစ်စေနိုင်သည်။ ငိုက်မြည်းနေသည်ကို လှုပ်နှိုးလိုက်သလိုခံစားရမည်။ ငေးငိုင်နေသူအတွက် သတိပြန်ဝင်စေမည်။ အိပ်ချင်ယောင်ဆောင်သူများအတွက် တစ်စုံတစ်ရာအတွက် စဉ်းစားစရာ ဖြစ်လာနိုင်သည်။

ကောင်းပြီ။ 'အားယူ၍ရဲရင့်လော့' ဟူသော အဓိပ္ပါယ်ကို လေးလေးနက်နက် ပြန်လည်ဆန်းစစ်ဖို့လိုသည်။ သဘောတရားနှင့် ပြန်လည်ချိန်ကိုက်ကြည့်ဖို့လိုသည်။ လက်တွေ့နှင့်ပြန်လည် ချိန်ထိုးကြည့်ရမည်ဖြစ်သည်။

မြန်မာစကားတစ်ခုကို ပြန်လည်သတိရသည်။ "လက်တွေ့ မပါသော သဘောတရားသည် အကန်းနှင့်တူသည်"

"သဘောတရားရှိသော်လည်း လက်တွေ့မပါလျှင် အမြုံနှင့်တူသည်" ဟူသောအချက်ဖြစ်သည်။
ထို့ကြောင့် 'အားယူ၍ရဲရင့်လော့' ဆိုသည့် စကားစု၊ ကျမ်းစကားကိုအဓိပ္ပါယ်ဖွင့်ရာ၌
သဘောတရားနှင့်ဖွင့်မည်လော၊ လက်တွေ့နှင့်ဖွင့်မည်လော။ သဘောတရားနှင့်လက်တွေ့မ
ပေါင်းစပ်လျှင် အဆိုပါကျမ်းချက်သည် အဓိပ္ပါယ်မဲ့နေမည်သာဖြစ်သည်။ အသက်ဝင်မည်
မဟုတ်၊ မည်သူ့ကိုမှလည်းအကျိုးဖြစ်ထွန်းစေမည်မဟုတ်သကဲ့သို့ မိမိအတွက်လည်း အချည်းနှီး
သက်သက်ဖြစ်နေမည်သာဖြစ်သည်။
အားယူ၍ရဲရင့်လော့ ဟူသောကျမ်းစာကို လူ့အတွေး၊ လူ့အမြင်၊ လူ့အသိဖြင့်သာ ပိုင်း
ခြားစိတ်ဖြာကြည့်ကြပါစို့။
'အားယူပါ' ဟုဆိုထားပါသည်။ အားယူပါဟုဆိုကတည်းက မိမိကိုယ်၌အားအင်မရှိ
တော့သည့်သဘောကိုဆိုလိုခြင်းဖြစ်ပါသည်။ မိမိတွင်အားအင်မရှိတော့၍ အားယူဖို့လိုသည်
ဟုသတိပေးလိုက်ခြင်းဖြစ်သည်။ ဤအချက်သည်ငြင်းစရာမရှိ။ လူမှန်လျှင် ဘယ်သောအခါမျှ
အားအင်အချိန်ပြည့် ပြည့်ဝနေသည်ဟူ၍မရှိ၊ အားအင်ကုန်ခမ်းသည့်အချိန်များရှိသလို ပြည့်ဝ
သည့်အချိန်လည်းရှိနေသည်။ သို့သော် ဘဝကိုရုန်းကန်ရာ၌ အများစုသည် ခွန်အားနည်းသည့်
အချိန်ကများသည်။ ဝိညာဉ်ရေးတွင်လည်း ကျရှုံးချို့နဲ့မှုများက လူကိုပို၍လွှမ်းခြုံထားသည်။
အားယူပါဟုဆိုသည်။ အားအင်မရှိတော့၍အားယူပါဟုတိုက်တွန်းထားပါသည်။ ကျွန်
တော်တို့ အဘယ်မှာသွားယူရမည်နည်း။ မိမိကိုယ်၌ဖန်တီးယူ၍မရသောအား၊ မိမိကိုယ်
၌အားထုတ်မယူနိုင်သောအား၊ မိမိကိုယ်၌မည်သို့မျှထုတ်လုပ်နိုင်စွမ်းမရှိသောအားကို အဘယ်
မှာ ယူရပါမည်နည်း။ အဘယ်မှာတောင်းရပါမည်နည်း၊ အဘယ်မှာရှာရပါမည်နည်း။
ဝိညာဉ်ရေးရာအတွက်သော်လည်းကောင်း၊ စိတ်ဓါတ်ရေးရာအတွက်သော်လည်း
ကောင်း အဘယ်သူပေးနိုင်စွမ်းရှိပါသနည်း။
ဝိညာဉ်ရေးရာအတွက် ကျမ်းစာအုပ်၊ ဘုန်းတော်ကြီးတရားဟောချက်နှစ်မျိုးလောက်
သာ အသင်းတော်တွင်ရှိသည်။ ကျမ်းစာအုပ်တွင်ပါရှိသောကျမ်းစကားများသည် ဖတ်၍
ရှင်းသည့်အချက်များရှိသလို၊ ဖတ်၍နားမလည်နိုင်သည့်အချက်များ လည်းရှိသည်။ အားယူရန်
အတွက်ဖတ်ရှုရန် အခွင့်အရေးအပြည့်အဝရှိသော်လည်း ဖတ်၍နားမလည်နိုင်သော အ
ကြောင်းတရားများကို ခွန်အားအဖြစ် မည်သူယူနိုင်ပါမည်နည်း။ နားလည်အောင်၊ ရှင်းလင်း
အောင်ပြောပြဖို့တော့လိုမည်။ ဤသို့ပြောနိုင်သူ၊ ရှင်းနိုင်သူလိုသည်။ နားမလည်သည်ကို ချန်
ထား၍ နားလည်မည်ထင်သည့် ခွန်အားဖြစ်စေသောကျမ်းစကားများဖြင့် အားပြန်ဖြည့်နိုင်
ကောင်းသည်။ သို့သော် တစ်ခုခုတော့လိုဦးမည်ထင်သည်။ ကျမ်းစကားကိုလိုရာဆွဲ၍ မိမိတွေး
ချင်သလိုတွေးခြင်းသည်လည်း 'အား' ဖြစ်မလာဘဲ 'အမှား' များပင်ဖြစ်သွားနိုင်သည်။
ဘုန်းတော်ကြီး၊ ဆရာသမားများထံမှ 'အားယူရန်' ရှိသည်။ သို့သော် ဆရာသမား
များသည် 'အားယူရန်' လိုအပ်နေသော 'တပည့်တော်' တစ်ဦးတစ်ယောက်ကို အမှန်တကယ်
ခွန်အားရစေသော 'အားကိုဖြည့်တင်းပေးနိုင်သော အစွမ်းအစ၊ ကျွမ်းကျင်တတ်မြောက်မှု၊
ပြည့်ဝသောအနေအထား၊ ပိုပြင်သောအသက်တာရှိပါသလော။ လူတစ်ယောက်၏ကျဆင်းနေ
သော ဆုတ်ယုတ်နေသောဝိညာဉ်ရေးနှင့် စိတ်ဓာတ်ရေးရာများအတွက် ပြန်လည်အားဖြည့်
တင်းပေးနိုင်ရန် ဆရာတစ်ယောက်၌လိုအပ်သောအရည်အချင်းသည် အတတ်ပညာတစ်ခု






တည်းနှင့်မရ။ ကျွမ်းကျင်မှုတစ်ခုတည်းရှိမရ။ အလွန်ခက်ခဲနက်နဲသော ဘုရားပေးဉာဏ်ပညာ၊
အတွင်းခံယူချက်နှင့် စိတ်ဓာတ်အင်အားမှာ အလွန်အရေးပါသည်။
မိမိလုပ်ဆောင်နေသည့် အမှုတော်လုပ်ငန်း၌ မိမိအနေဖြင့် ဘက်စုံကျွမ်းကျင်မှုမရှိဘဲ၊
အနစ်နာခံနိုင်မှုမရှိဘဲ၊ ဘုရားရေးနှင့် စိတ်ဓာတ်ရေးမမြင့်မားဘဲ "အားယူရန်" လိုအပ်သော
ပုဂ္ဂိုလ်များကို မည်သည့်နည်းနှင့်မျှ "အားပေး" နိုင်မည်မဟုတ်ချေ။
"အားယူရန်" လိုအပ်နေသော တပည့်တော်များကို အခြားနည်းလမ်းများဖြင့် "အား
ဖြည့်" ပေးနိုင်ပါသေးသနည်း။
စာပေရှိသည်။ လေ့လာမှတ်သား ခွန်အားအပြည့်အဝပေးနိုင်သောအရာတွင် စာပေ
လက်နက်သည် ထက်မြက်သည်၊ ထိရောက်သည်။ အရေးပါသည်။ အင်အားအပြည့်အဝရှိ
သည်။ သို့သော် အသင်းတော်တွင် ဝိညာဉ်ရေးအတွက်၊ စိတ်ဓာတ်ရေးအတွက် ဖတ်စရာစာပေ
ရှားပါးလှသည်။ ထုတ်ဝေရကောင်းမှန်း မသိ၍လော၊ စာရေးနိုင်သူ မရှိ၍လော။ ထုတ်ဝေရန်
ငွေကြေးမရှိ၍လော။ ဖတ်မည့်သူမရှိ၍လော။ စဉ်းစားဖွယ်မေးခွန်း အမြောက်အများရှိသည်။
ဤနေရာတွင် မည်သည့်အချက်တွင် အားနည်းသည် အားသာသည်ဆိုသောအချက်
ကို ဆန်းစစ်ရန်မဟုတ်ဘဲ၊ ခွန်အားပေးနိုင်သည့် အသုံးတော်ခံတန်ဆာပလာများတွင် စာပေ
သည် တစ်ခုအပါအဝင်ဖြစ်ရုံမက၊ ထိရောက်ထက်မြက်မှုရှိကြောင်း အဓိကထားဖော်ပြလိုခြင်း
သက်သက်ဖြစ်သည်။
စာဖတ်ရန် စာမရှိသော (တစ်နည်း) ဝိညာဉ်ရေးနှင့် စိတ်ဓာတ်ရေးရာတွင် ဖတ်စရာမရှိ
သောအသင်းတော်၌ "အားယူကြ" ဟုပြောလာလျှင်၊ တိုက်တွန်းလာလျှင်၊ နှိုးဆော်လာလျှင်၊
"အားပေးနိုင်သော" စာပေကိုလည်း ရေးသားပြုစုထုတ်ဝေပြီး၊ "အားနည်းနေသူ၊ အားယူရန်
လိုအပ်နေသူ" လက်ထဲအရောက်ပို့ပေးရန် တာဝန်လည်းရှိလာပါသည်။
ဖတ်စရာစာမရှိသောအသင်းတော်သည် 'အကျိုး'နှင့်တူ၍ ထိုအသင်းတော်တွင်ရှိကြ
သောအသင်းသူအသင်းသားများသည်လည်း 'အကန်း' များနှင့်တူပေလိမ့်မည်။ အားအင်
ကုန်သော အသင်းသူအသင်းသားများသည်လည်း 'အကန်း' များနှင့်တူပေလိမ့်မည်။ အားအင်
ဆုတ်ယုတ်၍ အားယူရန်အတွက် အားပေးနိုင်မည့်နေရာကို ရှာမရကြသော အသင်းသူအသင်း
သားများအတွက် တာဝန်ရှိသူများသည် မသိကျိုးကျွန်ပြုရန် မဖြစ်နိုင်တော့ချေ။ ဝိညာဉ်ရေး၊
စိတ်ဓာတ်ရေး၊ အသင်းတော်ရေးကိစ္စများတွင် လိုအပ်နေသည့် လုပ်ပေးရန်တာဝန်မှလွဲ၍
အခြားနည်းလမ်းမရှိတော့ချေ။
အားယူကြလော့ဟုဆိုလိုက်သည်နှင့် အားပေးရမည့် ထိပ်ပိုင်းတာဝန်ရှိသူများက အစ
ပြုနည်းလမ်းရှာ၊ အကောင်အထည်ဖော်ရပေလိမ့်မည်။
ထပ်မံ၍ "ရဲရင့်ကြလော့" ဟု နှိုးဆော်ထားပြန်ပါသည်။ မရဲရင့်၍၊ သတ္တိမရှိ၍၊ သူ့ရဲ
ဘောကြောင်၍၊ စိတ်အားငယ်၍ တပ်လှန့်လိုက်ခြင်းလော။ အားလုံးသည် မိမိတို့လုပ်ရမည့်
အလုပ်၊ တာဝန်နှင့် ဝတ္တရားများကို တွန့်ဆုတ်တွန့်ဆုတ်လုပ်နေ၍ သတိပေးနှိုးဆော်လိုက်ခြင်း
လော။
"ရဲရင့်ခြင်း" သည် လူ၌ နဂိုမူလပီဇကတည်းက ပါလာပြီးဖြစ်သည်။ တစ်နည်းအားဖြင့်
"ကြောက်ရွံ့ခြင်းနှင့် ရဲရင့်ခြင်း" သည် လူ၌ဒွန်တွဲပါလာသည်။ သို့သော် လူသည် မကြောက်
သင့်သည့်ကိစ္စများတွင် ကြောက်ရွံ့တတ်ပြီး၊ ကြောက်ရမည့်ကိစ္စတွင် မကြောက်သည်က ခက်

သည်။ ဤကဲ့သို့ပင် "ရရှင့်ရမည့်ကိစ္စတွင် သူရဲဘောကြောင်နေ၍ မရဲရမည့်ကိစ္စတွင် သတ္တိ တွေပြနေတတ်သည်။" ထို့ကြောင့် အသင်းတော်တွင် "ရဲရင့်ခြင်းနှင့် ကြောက်ရွံ့ခြင်း" ကိုကောင်း ခွဲခြားနားလည်အောင် သွန်သင်ပြဖို့လိုပေလိမ့်မည်။

ဘုရားသခင်အတွက်၊ အသင်းတော်အတွက် "ရဲရင့်ခြင်းသည်" မိုက်ရူးရဲလုပ်ခြင်းမဟုတ်၊ 'မျက်ကန်းသစ္စေမကြောက်'ဆိုသည့် သဘောမျိုးမဟုတ်၊ ဆင်ခြင်တုံကင်းမဲ့သောလုပ်ရပ်မဟုတ်။ ဘုရားသခင်၌ ရဲရင့်ခြင်းသည် ဝိညာဉ်ရေးအားပြည့်သည့်သဘောကိုပြသည်။ ဆင်းရဲပင်ပန်း ခြင်းကို မမှုသည့်သဘောဖြစ်သည်။ ပေးအပ်မည့်တာဝန်နှင့် ဝတ္တရားမှန်သမျှကို လက်ကမ်းကြို ဆိုရန် အသင့်အနေအထား၌ရှိသည်။ ထို့ပြင် စွန့်လွှတ်ရန်၊ အနစ်နာခံရန်၊ အခက်အခဲမှန်သမျှ ကိုခံယူရန် ပြင်ဆင်ထားပြီးသည့်သဘောဖြစ်သည်။

ဘုရားသခင်၌ရဲရင့်ခြင်းသည် ဖြောင့်မတ်ခြင်းသဘော၊ ဖြူစင်ခြင်းသဘော၊ ရိုးသား သည့်သဘောကိုဆောင်သည်။ ဖြောင့်မတ်ရန်အတွက် ကိုယ်ကျိုးစွန့်ရန်အသင့်ရှိနေသလို ဖြူ စင်ရန်အတွက် စိတ်ကောင်းနှလုံးကောင်းရှိပြီးသူလည်းဖြစ်သည်။

ဘုရားသခင်၌ရဲရင့်သူများသည် မိမိအသက်ဝိညာဉ်ကိုပင် စွန့်လွှတ်ရန်လက်မနှေးသူ များဖြစ်သည်။

ထို့ကြောင့် "အားယူ၍ရဲရင့်ကြလော့" ဟုဆိုရာ၌ အားယူသင့်သော၊ ရဲရင့်ရမည်ဖြစ် သောသူများအားလုံးကို ဆောင်ပုဒ်တစ်ခုပေးလိုက်ရုံဖြင့် အလုပ်ပြီးဆုံးသွားမည်မဟုတ်ပါ။ ဆောင်ပုဒ်သည် ဆောင်ပုဒ်သာဖြစ်၍၊ ဆောင်ပုဒ်ကိုလက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ ဦးဆောင်ပေးရမည့်သူ ရှိရပေမည်။ အသင်းသူအသင်းသားအားလုံး ဆောင်ပုဒ်ကိုလက်တွေ့ အသက်တာ၌ ကျင့်ကြံအားထုတ်လာနိုင်ရန် နည်းလမ်းများ၊ ပညာပေးမှုများ၊ ခွန်အားပေးမှု များ၊ လမ်းကြောင်းမှန်ပေါ်တင်ပေးနိုင်မှုများ၊ အသိအမြင်ခံယူချက်များကို ခေတ်နှင့်အမှီ ဖွင့် ပေးရန်လိုအပ်ပေမည်။

ကျွန်တော်တို့အများစုသည် ဆောင်ပုဒ်အမျိုးမျိုးထုတ်နှုတ်၊ သတ်မှတ်၊ ရွေးချယ်၍ အစီအစဉ်အမျိုးမျိုးကို နှစ်ပေါင်းများစွာ ပြုလုပ်လာခဲ့ပြီးဖြစ်သည်။ ဆောင်ပုဒ်ရွေးချယ်ရာ၌ ကျွမ်းကျင်ပိုင်နိုင်ကြသော်လည်း၊ ဆောင်ပုဒ်၊ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာ၌မူ ဘယ်သောအခါမှ ပြီးပြည့်စုံခြင်းမျိုးမရှိခဲ့ချေ။ ပွဲတစ်ပွဲလုပ်တိုင်း ဆောင်ပုဒ်တစ်ခုသတ်မှတ် ကြသော်လည်း ထိုဆောင်ပုဒ်သည် ပွဲပြီးသည်နှင့် အသိဉာဏ်ထဲက၊ မျက်စိထဲက ပျောက်ကွယ် သွားသည်ကများသည်။

ယနေ့အသင်းတော်သည် "ဆောင်ပုဒ်အသင်းတော် မဖြစ်အနေ" မှ "အောင်မြင်ဖို့အ သင်းတော်အဖြစ်အနေ" သို့ ရွေ့လျားပြောင်းလဲတိုးတက်ရန်အတွက် အသင်းသူအသင်းသား တိုင်း "အားယူ၍ရဲရင့်ခြင်း" ရှိလာ၊ ရလာနိုင်ကြစေခြင်းငှာ စလုပ်သင့်သူကစလုပ်၍ နောက် လိုက်ရမည့်သူက အဓိပ္ပာယ်ရှိရှိလိုက်လျှောက်ခြင်းမှတစ်ပါး အခြားရွေးချယ်စရာလမ်းမရှိချေ။

ဆောင်ပုဒ်တိုင်း သက်ဝင်လှုပ်ရှား၊ အဓိပ္ပာယ်ပြည့်ဝနိုင်ကြပါစေ။

**ဖြည်ငြိမ်းအေး**





## သ က် သေ ခံ ချ က် (၂)

(B. Th - II)

ရှေးဦးစွာ ဘုရားရှင်ရဲ့ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ ကျွန်မနာမည်က နော်ဘွယ်စေး ပါ။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် ဒုတိယနှစ်မှာ ပညာသင်ကြားနေပါတယ်။ ကျွန် မရဲ့မွေးမြေဇာတိနဲ့ နေတဲ့ဒေသကတော့ ကယားပြည်နယ် (လွိုင်ကော်မြို့) မှာဖြစ်ပါသည်။ ကျွန်မရဲ့မိသားစုမှာ ရရှိခံစားခဲ့ရသောကောင်းချီးမင်္ဂလာအကြောင်းကို အနည်းငယ် သက်သေ ခံချင်ပါတယ်။ ကျွန်မရဲ့မိသားစုဝင် (၅) ယောက်ရှိပါတယ်။ အဖေရဲ့အလုပ်က ဆင်လုပ်ငန်း (သစ်လုပ်ငန်း) အလုပ်ကိုလုပ်ကိုင်ပြီး အမေကတော့ အိမ်မှာနေပြီး သား၊ သမီးများကို ကြည့်ရှု စောင့်ရှောက်ပါတယ်။ ကျွန်မမှာ အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်ရှိပါတယ်။ ကျွန်မ အသက်ငယ်တဲ့အချိန်မှာ အဖေရဲ့စီးပွားရေးဟာ အဆင်ပြေပါတယ်။ ၁၉၉၄-၉၅ ခုနှစ်၊ ကျွန်မ (၆) တန်း တက်ရောက်တဲ့အချိန်ကစပြီး အဖေရဲ့စီးပွားရေးဟာ အဆင်မပြေမှုများလာပါတယ်။ အကြွေးတွေလည်း အများကြီးတင်ခဲ့ပါတယ်။ အဖေဟာ စီးပွားရေးအခြေအနေက မကောင်း၊ ဒီကြားထဲ လူမှုရေးပြဿနာကပေါ်လာတော့ အိမ်မှမနေတော့ပဲ အဝေးကိုရှောင်ပုန်းနေခဲ့ပါ တယ်။ ဒီလိုနဲ့ အဖေဟာ (၄) နှစ်လောက် အိမ်နဲ့ဝေးနေခဲ့ရပါတယ်။ ဒီကြားမှာ အကြွေးရှင်များ ဟာ အကြွေးပြန်ရရှိဖို့အတွက် အမြဲလာတောင်းပါတယ်။

ဒီလိုနဲ့ အမေဟာ စိတ်ဆင်းရဲမှုနဲ့ သောကဝေဒနာခံစားခဲ့ရပါတယ်။ အဲဒီအချိန်မှာ ကျွန်မတို့ရဲ့အကြွေးဟာ သိန်း ( ) လောက်ရှိပါတယ်။ ဒီလိုနဲ့ အမေဟာ အကြွေးပြန်မပေး နိုင်သေးတာကြောင့် သူများရဲ့တံတွေးခွက်မှာ ပက်လက်မျောခဲ့ရပါတယ်။ ကျွန်မတို့ မောင်နှမ သုံးယောက်စလုံးလည်း ပတ်ဝန်းကျင်ရဲ့မြစ်တင်ရှုတ်ချခြင်းကို ခံခဲ့ရပါတယ်။ အစ်ကိုဟာ (၉) တန်းမှာ ပညာသင်ကြားနေတဲ့အချိန်ဖြစ်ပါတယ်။ အကြွေးကြေဖို့အတွက် အစ်ကိုဟာ ကျွန်ရစ် ခဲ့တဲ့ အဖေ့ရဲ့လုပ်ငန်းကို ကြိုးစားပြီးလုပ်ကိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ အစ်ကိုဟာ (၁၀) တန်းရောက် တဲ့အချိန်မှာ လုပ်ငန်းကတစ်ဘက်၊ စာကတစ်ဘက်ဖြစ်ခဲ့ပေမယ့် ဘုရားရှင်ရဲ့ကျေးဇူးတော် ကြောင့် (၁၀) တန်းကို အောင်မြင်ခဲ့ပါတယ်။

ဒီလိုနဲ့ အခက်အခဲကြားဖြတ်သန်းလာခဲ့တာ (၁၉၉၇-၉၈) မှာ အဖေဟာ အိမ်ကိုတော့ ပြန်မလာသေးဘဲ တောထဲမှာရှိတဲ့ ဆင်စခန်းကိုပြန်လာခဲ့ပြီး အလုပ်ကိုပြန်ပြီးကြိုးစားလုပ်ခဲ့ ပါတယ်။ ဒီလိုကြိုးစားပြီးလုပ်ဆောင်ခဲ့ပေမယ့်လည်း အောင်မြင်မှုလမ်းစကို မတွေ့ခဲ့ပါဘူး။ အဲဒီနှစ်မှာပဲ အစ်မဟာလည်း (၁၀) တန်းကို အောင်မြင်ခဲ့တယ်။ စာမေးပွဲအောင်ပြီးနောက်ပိုင်း ကျွန်မ (၁၀) တန်းတက်မယ့်နှစ်မှာပဲ အမေဟာ အိမ်မှာမနေချင်တော့ဘဲ အဖေရှိတဲ့ဆင်စခန်း ကို သွားနေခဲ့ပါတယ်။ (၁၀) တန်းဖြေခါနီး ဇန်နဝါရီ (၇) ရက်နေ့မှာ အဖေဘက်က အသွား ဆုံးသွားပါတယ်။ ထို့အတူ ကျွန်မအမေဟာလည်း တောမှာရှိတဲ့ဆင်စခန်းမှာ အသည်းအသန် ဖြစ်ပြီး အဲဒီ (၇) ရက်နေ့ည (၁၂) နာရီကျော်မှာပဲ ဘုရားရှင်ရဲ့ခေါ်တော်မူခြင်းကို ခံခဲ့ရပါ တယ်။ အဲဒီအချိန်မှာ ကျွန်မအဖေနဲ့ မောင်နှမသုံးယောက်စလုံးဟာ ပူပင်သောကနှင့်အတူ စိတ်ဆင်းရဲခြင်း၊ ဝမ်းနည်းခြင်းများကို ခံစားခဲ့ရပါတယ်။ အဖေက ဘာပဲဖြစ်ဖြစ် လွိုင်ကော်မှာ အမေ့ကိုပြန်ခေါ်လာပြီးသင်္ဂြိုလ်မယ် ဆိုပြီးဆုံးဖြတ်ခဲ့ပါတယ်။ ဒီလိုနဲ့ လွိုင်ကော်မှာ အမေ့ကို ပြန်ခေါ်လာပြီး ကောင်းမွန်စွာသင်္ဂြိုလ်ပေးခဲ့ပါတယ်။ ကျွန်မတို့မိသားစုဟာ ဘုရားရှင်ရဲ့မစခြင်း

ကိုရရှိနိုင်ရန်အတွက် ဆုတောင်းခဲ့ကြသော်လည်း ဘုရားရှင်ရဲ့တုန့်ပြန်မှုဟာ ဘာမှထူးခြားမှု မရှိခဲ့ပါဘူး။ အဖေလည်း ဆင်ကိုရောင်း အကြွေးတွေကိုဆပ်ပြီး အဖေအမေတို့ရဲ့ မွေးမြေဇာတိဖြစ်တဲ့ မော်ချီးကိုပြန်နေကြမယ်ဆိုပြီး အစ်ကိုနဲ့အတူ ဆွေးနွေးကြပါတယ်။ ဒီလိုအခက်အခဲတွေ ပြဿနာတွေများစွာထဲမှာ ဘုရားရှင်ဟာ ကျွန်မကို (၁၀) တန်းအောင်မြင်ခွင့် ပေးခဲ့ပါတယ်။

ထိုနှစ်မှာပဲ ကျွန်မတို့ရဲ့လွိုင်ကော်ဘုန်းတော်ကြီး ဦးစတိုင်လိုဟာ ဆယ်ဘို့တစ်ဘို့နှင့် ပတ်သက်ပြီး အသင်းသူအသင်းသားများကို ဟောပြောသွန်သင်ခဲ့ပါတယ်။ အသင်းတော်မှာရှိတဲ့အိမ်တိုင်မှာ "ကောင်းကြီးမင်္ဂလာခံစားဘို့ ဆယ်ဘို့တစ်ဘို့ပေးကြစို့" ဟူသောဆောင်ပုဒ်ကို ထားရှိကြပါတယ်။ ဘုရားရှင်ရဲ့ပိုက်ဆံကို ဘုရားရှင်အား ပြန်ပေးရမယ်၊ မပေးလျှင် ဘုရားရဲ့ ပိုက်ဆံများကို ခိုးယူသူများဖြစ်ကြောင်း၊ ဆယ်ဘို့မှာ ကိုးဘို့ကို မိမိတို့ကြိုက်ရာလုပ်ဆောင်နိုင်ပြီး ကျန် တစ်ဘို့ကို ဘုရားရှင်အားပြန်ပေးရန် နှိုးဆော်ဝေမျှခဲ့ပါတယ်။ ကျွန်မတို့ဟာ ဘုရားရဲ့ ပိုက်ဆံကိုခိုးယူထားတဲ့အတွက် လုပ်ဆောင်နေခဲ့သောလုပ်ငန်းများဟာ အောင်မြင်မှုမရှိခြင်း ဖြစ်မည်ဟုခံယူပြီး ဆယ်ဘို့တစ်ဘို့ကို စတင်ပေးဆောင်ရန် ကျွန်မတို့မိသားစုဟာ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ (မာလခိ ၃း၈-၁၁) မှာ ကျွန်တော်၊ ကျွန်မတို့တစ်ယောက်စီတိုင်းကို စိန်ခေါ်ပြီး စုံစမ်းခိုင်းတဲ့အတိုင်း ဘုရားရှင်ကိုစုံစမ်းမှုပြုကြပါတယ်။ လုပ်ငန်းမှရရှိလာသောငွေကို ဆယ်ဘို့ တစ်ဘို့ ပေးဆောင်ခဲ့ပါတယ်။ ဒီလိုနဲ့လုပ်ဆောင်ခဲ့တာ မကြာခင်မှာပဲ ဘုရားရှင်ရဲ့ကျေးဇူးတော် ဘုရားရှင်ရဲ့ကောင်းချီးမင်္ဂလာဟာ ကျွန်မတို့မိသားစုအပေါ်မှာ ကျရောက်လာပါတယ်။ သက္ကရာဇ် (၂၀၀၀) မတ်လကုန်မှာပဲ ကျွန်မမိသားစုရဲ့ အကြွေး သိန်း ( ) ကို ကျေးဇူးတော်ကြောင့် ပြန်ဆပ်နိုင်ခဲ့ပါတယ်။

"သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင် သင်တို့သည် တောင်းချင်သမျှကို တောင်း၍ရကြလိမ့်မည်" ဟု ဘုရားရှင်ရဲ့ဂတိတော်အတိုင်း ကျွန်မတို့ရဲ့မိသားစုဟာ ဘုရားရှင်ရဲ့စကားအတိုင်း လိုက်လျှောက်အသက်ရှင်မှုမရှိခဲ့တာကြောင့် ကျွန်မတို့ဟာ အခက်အခဲတွေ့တဲ့အချိန်မှာ ဘုရားရှင်ကို အကူအညီတောင်းခဲ့သော်လည်း ဘုရားရှင်ဟာ ကျွန်မတို့ရဲ့ ဆုတောင်းသံကို နားမထောင်ခဲ့ပါဘူး။ ကောင်းချီးမင်္ဂလာခံစားချင်ရင် ဆယ်ဘို့တစ်ဘို့ ပေးဆောင်ပါဟု ဘုရားရှင်ပြောခဲ့သောစကားအတိုင်း လိုက်လျှောက်အသက်ရှင်တဲ့အချိန်မှာတော့ ကျွန်မတို့မိသားစုဟာ ဘုရားရှင်ထံမှ ပြောမပြနိုင်လောက်တဲ့ ကောင်းချီးမင်္ဂလာကို အသက်တာမှာ လက်တွေ့ခံစားခဲ့ရပါတယ်။

ယခုအချိန်မှာတော့ ကျွန်မဟာ ဘုရားရှင်ရဲ့ခေါ်တော်မူခြင်းကြောင့် ကျွန်မဝါသနာပါတဲ့ ကျမ်းစာကျောင်းကို တက်ရောက်နိုင်ခဲ့တယ်။ ဘုရားရဲ့ကျေးဇူးတော်ကြောင့် First year ကို ကောင်းမွန်စွာကျော်ဖြတ်လာနိုင်ခဲ့ပါပြီ။ Second year ကို တက်ရောက်နေပါတယ်။ ယခုနှစ်နဲ့လာမည့်နှစ်များမှာလည်း တွေ့ကြုံလာရမယ့်အခက်အခဲများ၊ စုံစမ်းခြင်းများကို ခံနိုင်ရည်ရှိနိုင်ရန် ဘုရားရှင်မစတော်မူပါလို့ ဆုတောင်းရင်း . . . ။

**နော်ဘွယ်စေး**
**B.Th (II)**






# ၃ နှင့် ၄ မှသည် ၄ နှင့် ၃ သို့

လူ့ဘဝအသက်တာသည် တိုတောင်းလှပါသည်။ ပင်လယ်သမုဒ္ဒရာအတွင်းမှ ရေတစ်စက်ခန့်သာရှိသော ဤ တိုတောင်းလှသောအသက်တာအတွင်း လူတို့သည် မေတ္တာတရားကို ဦးထိပ်ထား၍မနေနိုင်ကြ။ တစ်ဦးနှင့်တစ်ဦး အက္ခရာသင်္ကေတဖြစ်သော ၃နှင့်၄ ကဲ့သို့ ကျောခိုင်း၊ မျက်နှာချင်းမဆိုင်လိုမှုက အလေးသာနေတတ်သည်။

၃ နှင့် ၄ သည် တစ်ခုနှင့်တစ်ခု နောက်ကျောပေးထားသော အက္ခရာနှစ်လုံးဖြစ်ပါသည်။ အဓိပ္ပာယ်မှာ မျက်နှာခြင်းဆိုင်၍မရခြင်း၊ တစ်ဦးတိုးတက်သည်ကို တစ်ဦးမနာလိုခြင်း၊ တစ်ဦးကောင်းစားသည်ကို တစ်ဦးမုန်းတီးရွံ့ရှာခြင်း ပင်ဖြစ်သည်။ ဤသို့ ကျောပေးထားသောကြောင့် မိတ်သဟာယပြုမှု၊ ဆက်သွယ်ဆောင်ရွက်မှု၊ လက်တွဲတာဝန်ထမ်းဆောင်မှုမရှိသည့်သဘောလည်းဖြစ်သည်။

လူနှင့်ဘုရား၊ လူလူချင်း ဆက်သွယ်ရာတွင် ဤအချက်များကို သတိထားရပါမည်။ ကျွန်တော်တို့၏အသက်တာသည် ၃နှင့် ၄ကဲ့သို့ အဖြစ်အနေသို့ ရောက်ရှိနေပြီလော။ စဉ်းစားဆန်းစစ်ရန်လိုပါသည်။ လူသည် ရောင့်ရဲတင်းတိမ်မှုမရှိသောသတ္တဝါဟုဆိုလျှင် မှားမည်မဟုတ်ချေ။ လူသည် လောဘရှိသည်။ ရလေလိုလေ အတောမသတ်နိုင်သောဆန္ဒ ရှိသည်။ လူသည် စားဝတ်နေရေးပြဿနာတွင် တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်ရှိ၍ ထိုအပြိုင်အဆိုင်သည် အတိုင်းအတာမရှိ ဖြစ်တတ်သည်။ ပညာကိုရှာရာ၌လည်းကောင်း၊ ဥစ္စာကိုရှာရာ၌လည်းကောင်း၊ လူသည် သူ့ထက်ငါသာလွန်ရန် အားထုတ်ကြသည်။ ဤသို့အားထုတ်ခြင်းသည် အပြစ်မဆိုသာသော်လည်း ဖြူစင်ဖြောင့်မတ်ရိုးသားတည်ကြည်သော အကျင့်အကြံဖြင့် ဆောင်ရွက်မှုတွင် အားနည်းတတ်သောကြောင့် မလိုလားအပ်သောအရာများစွာ ဖြစ်ပေါ်လာရပေသည်။

လူသည် လောဘ၊ ဒေါသ၊ မောဟလွှမ်းမိုးလာသည်နှင့် စိတ်နှလုံးမှာ ငြိမ်သက်မှုမရှိနိုင်တော့ချေ။ စိတ်လက်ကြည်လင်မှုလည်း မရနိုင်တော့ချေ။ လူလူချင်းဆက်ဆံရာတွင်လည်း မယုံသင်္ကာဖြစ်ခြင်း၊ အဆင်မပြေခြင်း၊ သံသယရှိခြင်း၊ ခွင့်မလွှတ်နိုင်ခြင်းများက အဆီးအတား ဖြစ်လာစေသည်။ ထိုအချိန်အခါမျိုးတွင် လူသည် မိမိအပြစ် မိမိအားနည်းချက်ကိုသာ မမြင်နိုင်တော့ပဲ သူတစ်ပါး၏အပြစ်အားနည်းချက်ကိုသာ တသမတ်တည်း မြင်လာတတ်သည်။ ထို့ကြောင့် ဤအဖြစ်အနေသည် ၃နှင့် ၄အဖြစ်အနေသို့ တွန်းပို့နေသော အဖြစ်အနေမျိုးသာ ဖြစ်ကြောင်း သတိပြုသင့်ပေသည်။

လူလူချင်း တစ်ဦးနှင့်တစ်ဦး မနာလိုဝန်တိုခြင်း၊ ဒိုက်ရန်ဒေါသဖြစ်ခြင်း၊ မုန်းတီးခြင်း၊ အပြစ်တင်ခြင်း၊ အပြစ်ပြောခြင်း၊ သည်းခံစိတ်မရှိခြင်း၊ မေတ္တာကင်းမဲ့ခြင်း၊ မိမိကိုယ်ကို အထင်ကြီးလွန်းခြင်း၊ မာန်မာနထားခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း စသည်တို့သည် ၃နှင့် ၄ အခြေအနေကို ဖန်တီးသည့် အနိဋ္ဌာရုံများဖြစ်ပေသည်။ ဤသို့ရှိနေသမျှ လူလူချင်းကျေအေးဖို့နေနေသာသာ

လူနှင့်ဘုရား ကျေအေးဖို့ဆိုသည်မှာ ဝိုဈပင်ဝေးနေပေသေးသည်။ ဤသို့ ဝေးနေသမျှကာလ
ပတ်လုံး ကောင်းမြတ်ဘွယ်ရာပူဇော်သက္ကာကို ဆက်ကပ်လှူဒါန်းခြင်းသည် အနှစ်သာရရှိမည်
မဟုတ်တော့ချေ။

ကျွန်တော်တို့ပတ်ဝန်းကျင် လူလူချင်းဆက်ဆံရာတွင်လည်းကောင်း၊ အသင်းတော်အ
တွက် အသက်ရှင်ရပ်တည်ရာတွင်လည်းကောင်း၊ ဤ ၃နှင့် ၄ အနေအထားမဖြစ်စေရန်
အစဉ်သတိပြုရမည်ဖြစ်ပေသည်။

၄ နှင့် ၃သည် မျက်နှာချင်းဆိုင်သော အကွာရာနှစ်လုံးဖြစ်သည်။ အဓိပ္ပာယ်မှာ ချစ်ခြင်း
ကျေအေးခြင်း၊ ခွင့်လွှတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ အတူတကွလက်တွဲဝန်ဆောင်ခြင်း၊ ဆက်သွယ်မှု
ရှိခြင်းပင်ဖြစ်သည်။ ဤအနေအထားကိုရဖို့ရန်ကား ဘုရားရှင်ထံမှလာသော ခွန်အားမှလွဲ၍
အခြားနည်းလမ်းမရှိပေ။ ဘုရားရှင်ကို ဦးထိပ်ထား၍ ဘုရားရှင်မေတ္တာအားဖြင့်သာလျှင် ၃နှင့်၄
မှသည် ၄နှင့် ၃အဖြစ်သို့ ရောက်ရှိနိုင်ပေမည်။

ခရစ်တော်သည် မေတ္တာတော်ရှင်ဖြစ်ပါသည်။ ကယ်တင်ပိုင်ရှင်ဖြစ်ပါသည်။ ခရစ်တော်
အားဖြင့် အရာရာကိုတတ်စွမ်းနိုင်မည်ဖြစ်ပါသည်။ ကျွန်တော်တို့၏အသက်တာသည် ခရစ်
တော်နှင့်ကင်းကွာ၍မရနိုင်ပါ။ ခရစ်တော်နှင့်ကင်းကွာသည်နှင့် တစ်ပြိုင်နက် မာရ်နတ်၏သွေး
ဆောင်ဖြားယောင်းမှုနောက် ကောက်ကောက်ပါသွားမည်မှာ သေချာသည်။

မေတ္တာတော်ရှင်ဖြစ်သော ခရစ်တော်ကို အပိုင်ရယူနိုင်ရန် ကြိုးစားရမည်။
သူ့ကိုသိရန် ကြိုးစားရမည်။ သူ့အကြောင်းနားလည်နိုင်ရန် အားထုတ်ရပါမည်။
ထောင်ရန် ဝန်မလေးရပါ။ သူ့ကိုသိ၍ သူ့စကားနားထောင်လျှင် သူတစ်ပါးအကျိုး အလိုအ
လျောက်သယ်ပိုးပြီးသား ဖြစ်သွားမည်ဖြစ်သည်။ သူ့နောက်လိုက်သည်နှင့် သူတည်ထောင်သော
အသင်းတော်အတွက် စစ်မှန်စွာ အသက်ရှင်ရပ်တည်ပြီးသား ဖြစ်သွားပေလိမ့်မည်။

လူလူချင်း ၄နှင့် ၃ကဲ့သို့ မျက်နှာချင်းဆိုင်နိုင်ရန်မှာ မေတ္တာသည် အခြေခံအရင်းမူလ
ပင်ဖြစ်သည်။ အထူးသဖြင့် သူတစ်ပါးကို အရင်မစီရင်ပဲ မိမိကိုယ်ကို မိမိအရင်ဆန်းစစ်ဝေဖန်
ရမည်ဖြစ်သည်။ အဆိုးအကောင်း၊ အကျိုးအကြောင်းမှန်သမျှ ပတ်ဝန်းကျင်၌ ဆက်ဆံရာ
တွင် မိမိကပင် အစပြုရသည်ကို မမေ့သင့်ပေ။ မိမိက အကောင်းဖြင့်စလျှင် အကောင်းတုန့်
ပြန်မှုရရှိသကဲ့သို့ အဆိုးဖြင့်စလျှင် အဆိုးတုန့်ပြန်မှုကို ခံရတတ်သည်။ မိမိအသက်တာကို
အကောင်းဆုံး၊ အသန့်ရှင်းဆုံး၊ ဖြောင့်မတ်တည်ကြည်မှုအရှိဆုံး တည်ဆောက်သွားသမျှကာလ
ပတ်လုံး အထူးသဖြင့် ခရစ်တော်၌ရှိသောသဘော မိမိ၌ရှိနေသမျှ လောဘ၊ ဒေါသ၊ မောဟ
မာန်မာနကင်းမဲ့မည်ဖြစ်ပြီး၊ ကမ္ဘာလောကကြီးအတွက် ဘုရားရှင်အလိုတော်ရှိသည့်နည်းတူ
အသက်ရှင်ရပ်တည်နိုင်မည်ဖြစ်သကဲ့သို့ ခရစ်တော်တည်ထောင်သော အသင်းတော်ဘောင်အ
တွင်းတွင်လည်း သစ္စာရှိသောခရစ်ယာန်ဘဏ္ဍာစိုးကောင်းတစ်ဦးကဲ့သို့ အသက်ရှင်သွားနိုင်
မည်သာဖြစ်ပေသည်။

ဘော်ဒွေးကြာ
(ဘားအံ)





# Interview

## ဝိုလ်မှူးချုပ်စိန်လွင် (ငြိမ်း) နှင့် တွေ့ဆုံစကားပြောခြင်း

၁။ အန်ကယ့်အနေနဲ့ အသင်းတော်ရဲ့လုပ်ငန်းတွေမှာ
အားကြိုးမာန်တက် ဆက်ကပ်ထမ်းဆောင်နေတာကိုတွေ့
ရပါတယ်။ အဲဒါနဲ့ပတ်သက်လို့ အန်ကယ်ရဲ့ခံယူချက်ကို
သိပါရစေ။

အရင် တိုင်းပြည်တာဝန်ထမ်းဆောင်နေချိန်မှာလည်း
တတ်နိုင်သလောက် အသင်းတော်မှာ ပါဝင်လုပ်ဆောင်ခဲ့ပါ
တယ်။ အထူးသဖြင့် ဓမ္မပြဇာတ်အတွက်ဆိုရင် ကိုဖွန်မြတို့၊
ဆရာအောင်လှထွန်းတို့နှင့် လက်တွဲလုပ်ဆောင်ခဲ့တာပါပဲ။
၁၉၉၇ခုနှစ်မှာ သံအမတ်အဖြစ်ကနေ အငြိမ်းစားယူပြီး
နောက်ပိုင်း သန့်လျှင်အသင်းတော်မှာ ဘုန်းတော်ကြီးဖိလစ်
အောင်သွင်ဦးရဲ့ တာဝန်ပေးမှုကြောင့် အသင်းတော်ကောင်စီ
ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ပါတယ်။ အဲဒီအပြင်
ယခင်သာသနာပိုင်ချုပ်ကြီး ဒေါက်တာအန္ဒရေမြဟန်မှတစ်
ဆင့် ရန်ကုန်ဝိုင်အမ်စီအေက လာရောက်မေတ္တာရပ်ခံတဲ့အ
တွက် အဲဒီမှာလည်း ဘုတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိ
ပါတယ်။ ရန်ကုန်သာသနာပိုင်နယ်မှာရော၊ သာသနာပိုင်ချုပ်
နယ်မှာပါ အသင်းတော်ရဲ့တာဝန်ပေးမှုကြောင့်တတ်နိုင်သရွေ့
ပါဝင်လုပ်ဆောင်ပေးလျက်ရှိပါတယ်။ အထူးသဖြင့်ကတော့
တိုင်းပြည်တာဝန်မှ အငြိမ်းစားယူပြီးနောက်ပိုင်း အားလပ်ချိန်
ပိုမိုရရှိလာတဲ့အတွက် အသင်းတော်လုပ်ငန်းတွေမှာ ပိုမိုအချိန်
ပေးသင့်တယ်လို့ ခံယူချက်ရှိတဲ့အတွက် ပါဝင်လုပ်ဆောင်ခဲ့
ခြင်းပဲဖြစ်ပါတယ်။

၂။ အသင်းတော်ရဲ့လုပ်ငန်းတွေမှာ Lay person တွေရဲ့
ဆက်ကပ်ပါဝင်မှုနဲ့ပတ်သက်လို့ အန်ကယ်ရဲ့အမြင် ခံယူ
ချက်ကို သိပါရစေခင်ဗျာ။

အသင်းတော်ရဲ့လုပ်ငန်းတွေမှာ Lay person တွေရဲ့
ပါဝင်ဆက်ကပ်မှုအပြည့်အဝမရရင် အသင်းတော်ဟာ strong
မဖြစ်ဘူး။ ချည့်နဲ့တတ်တယ်ဆိုတာ မှန်ပါတယ်။ အဲသလို
မဖြစ်အောင် အသင်းတော်မှာ Lay person တွေ ပါဝင်ဆက်
ကပ်မှု ပိုမိုတိုးတက်လာစေဖို့ဆိုရင် အဓိကကတော့ ဘုန်းတော်
ကြီးတွေရဲ့အားပေးမစမှု၊ လက်တွဲခေါ်မှုနှင့်ပညာပေးမှု လိုအပ်
ပါတယ်။ အဲဒီအပြင် အသင်းတော်ကောင်စီကလည်း အရေး
ပါတဲ့ အခန်းကဏ္ဍမှာရှိနေမယ်လို့ ယုံကြည်ပါတယ်။

၃။ ဒီနေ့အသင်းတော်ရဲ့ သတင်းကောင်းကြေညာခြင်းနဲ့
ပတ်သက်လို့ အန်ကယ်ရဲ့အမြင်ကိုသိပါရစေခင်ဗျာ။

ဒီနေ့ အသင်းတော်ဟာ Gospel ကိုဖော်ပြတဲ့နေရာမှာ
အခြေအနေနဲ့ အချိန်အခါကိုသုံးသပ်ပြီး လုပ်ဆောင်ဖို့လိုမယ်
ထင်ပါတယ်။ စိတ်အားထက်သန်မှုတစ်ခုတည်းနဲ့ ကိုယ်လုပ်
ချင်ရာလုပ်မိတာမျိုး မဖြစ်စေချင်ဘူး။ ရေရှည်အမြင်နဲ့ တိုင်း
ပြည်ရဲ့အနေအထားမှန်ကိုကြည့်ပြီး လုပ်သင့်တယ်လို့ထင်ပါ
တယ်။အထူးသဖြင့်ကတော့ လူမှုရေးကိုအခြေခံတဲ့ Gospel
ဖြစ်ရင် အသင်းတော်ဟာ ပိုပြီးကျယ်ပြန့်နက်ရှိုင်းတဲ့အခြေ
အနေကို ရယူနိုင်မှာဖြစ်မယ်လို့ထင်ပါတယ်။

၄။ ခေတ်ရဲ့ဖြစ်ပေါ်ပြောင်းလဲမှုများအလယ်မှာ အသင်း
တော်ကို ဦးစီးဦးဆောင်ရတဲ့၊ ဦးစီးဦးဆောင်ရမယ့် ပုဂ္ဂိုလ်
များမှာ လိုအပ်လာနေပြီဖြစ်တဲ့ အရည်အချင်းများကို သိ
ပါရစေခင်ဗျာ။

အရင်ကတော့ Traditionally နားလည်ထားခဲ့ကြတဲ့၊
လက်ခံထားခဲ့ကြတဲ့ သတ်မှတ်ချက်တွေရှိပါတယ်။ သို့သော်
ယခုတော့ အရင်ကနားလည်ထားခဲ့ကြတဲ့ အရည်အချင်းတွေ
အပြင် မျက်မှောက်ခေတ်ရဲ့အခြေအနေကို လေ့လာသုံးသပ်
နိုင်ဖို့ အရည်အချင်းတွေလည်း လိုအပ်လာပါတယ်။ အခြေခံ
ကျတဲ့အရည်အချင်းကတော့ (Basic Education) ပညာရေး
ပါပဲ။ ပညာရေးအခြေခံမြင့်မားမှုရှိမှသာလျှင် အခြားသောအ
ရည်အချင်းများကို ဆင့်ပွားနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခု
ကတော့ အလိမ္မာစာမှာရှိ ဆိုသလို စာဖတ်ဖို့ပါပဲ။ စာဖတ်ပါ။
များများဖတ်ပါ။

၅။ အသင်းတော်ကို ရေခဲမြေခြင်ဖြစ် အောင်လုပ်ဆောင်ခြင်းနဲ့ပတ်သက်လို့ အန်ကယ်ရဲ့အမြင်ကိုသိပါရစေခင်ဗျာ။

လွန်ခဲ့တဲ့ သာသနာပိုင်ချုပ်နယ် ဗဟိုကော်မတီအစည်းအဝေးမှာ ဒီကိစ္စကို ပြောကြသွားတွေရှိပါတယ်။ Contextualization ပေါ့။ ဒါကို ကြိုက်တဲ့လူရှိတယ်၊ မကြိုက်တဲ့လူရှိတယ်။ အန်ကယ့်အနေနဲ့ ပြောရရင် ခရစ်တော်ကိုမြန်မာပုံစံ သျှောင် ထုံး၊ တိုက်ပုံနဲ့ကြည့်လိုက်တော့ သဘော မတွေ့ဘူး။ ခရစ်တော်ဟာ ဂျူးထဲမှာ ပေါ်ထွန်းလာတာဆိုတော့ ဂျူးပုံစံတော့ ရှိမှာပေါ့။ ရေခဲမြေခြင်ဖြစ်အောင်လုပ်တယ် ဆိုပေမယ့် မူလအရင်းအမြစ်ကို စွန့်ပယ် ထားလို့မှမရဘဲ၊ သို့သော် မြန်မာမှု မြန်မာ ဟန်ကိုတော့ အန်ကယ်တို့ တန်ဖိုးထားရ ပါမယ်။

၆။ အသင်းတော်ဟာ ကိုယ့်ခြေထောက် ပေါ်ကိုယ်ရပ်တည်နိုင်ဖို့ ဆိုတာရှိပါ တယ်၊ သို့သော် လက်ရှိအခြေအနေ မှာအသင်းတော်အနေနဲ့ အခြားသော သာသနာပိုင်ချုပ် နယ်များရဲ့ ပံ့ပိုးကူညီမှုကို ရယူနေရပါတယ်။ အဲဒါနဲ့ပတ် သက်ပြီး အသင်းတော်ရဲ့ စီမံ/ဘဏ္ဍာရေးရာကို တာဝန် ယူနေရသူတစ်ဦးအနေနဲ့ အန်ကယ်ရဲ့အမြင်ကို သိပါရစေ ခင်ဗျာ။


art: zaw lay '2002

တစ်ခုအထိတော့ အခြားသာသနာပိုင်ချုပ်နယ်များရဲ့ ပံ့ပိုး ကူညီမှုကို ရယူနေရဦးမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်တည်လာနိုင်တဲ့ အခြေအနေအထိ ဖြစ်ပေါ်လာဖို့ကိုတော့ ဆက်လက်အားထုတ်ကြိုးစား လုပ် ဆောင်သွားကြရမှာဖြစ်ပါတယ်။

အသင်းတော်အနေနဲ့ အရင်သာသနာပိုင်ချုပ်လက် ထက်ကပြီး အသင်းတော်ရဲ့နောင်ရေးအတွက် အတိုင်းအ တာတစ်ခုထိ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားတာတွေရှိပါတယ်။ အဲဒီရင်းနှီးမြှုပ်နှံမှုတွေကနေ အမှုတော်ဆောင်များရဲ့ ထောက် ပံ့ငွေကို တိုးမြှင့်ပေးနိုင်တာမျိုး၊ သာသနာပိုင်ချုပ်ရုံး ဝန်ထမ်း များအတွက် ထပ်ဆောင်းပံ့ပိုးပေးနိုင်တာမျိုးတွေရှိပါတယ်။ အသင်းတော်အနေနဲ့ သုံးရတဲ့ Volume ကများပါတယ်။ အားလုံးကိုခြုံကြည့်လိုက်မယ်ဆိုတော့ အနာဂတ်အချိန်ကာလ

၇။ Classical Guitar မှာ ကျွမ်းကျင်တတ်မြောက်တဲ့ ဂီတ အနုပညာသည်တစ်ဦးအနေနဲ့ လက်ရှိအသင်းတော်ရဲ့ဓမ္မ တေးဂီတအခြေအနေအပေါ် အမြင်ကိုသိပါရစေခင်ဗျာ။

အသင်းတော်ဘုရားကျောင်းတွေမှာ ဓမ္မတေးဂီတသီ ဆိုမှုနဲ့ပတ်သက်လို့ ကျေနပ်အားရစရာကောင်းတဲ့နေရာတွေ ရှိသလို၊ ကျေနပ်အားရဖွယ်လိုနေသေးတဲ့နေရာတွေလည်း




art: zaw lay '2002

တွေ့ရပါတယ်။ အသင်းတော်မှာ ဓမ္မတေးတွေကို ဋ္ဌာန်က ရိုက်ကူးကျ၊ စည်းချက်ညီညီ သံစဉ်မှန်မှန် မသီဆိုနိုင်ကြတာတွေ ကတော့ အဓိကအားဖြင့် စနစ်တကျသင်ကြားလေ့ကျင့်ပေး ခြင်းအားနည်းလို့ လို့ဆိုရမှာပါ။ အထူးသဖြင့် Sunday School အရွယ် ငယ်ငယ်ကတည်းက ဓမ္မတေးကို သံစုံနဲ့သီဆိုတတ် အောင် ပြုစုပျိုးထောင်ပေးဖို့လိုအပ်ပါတယ်။

၈။ အန်ကယ်ရဲ့ဝိညာဉ်ရေးအသက်တာကို ဘယ်လိုတည် ဆောက်ခဲ့ပါသလဲ၊ သိပါရစေခင်ဗျာ။

ငယ်စဉ်ကတည်းက ဘုရားတရားကြည်ညိုကိုင်းရှိုင်း တဲ့ မိသားစုကနေ ဆင်းသက်လာသူဖြစ်တော့ ဘုရားဝတ်မှာ မှန်မှန်ခြင်းရှိပါတယ်။ အပတ်တိုင်း ဘုရားကျောင်းသွားရ



တာကို ငယ်ငယ်ကတည်းက ပျော်မွေ့ခဲ့ ပါတယ်။ ရေတပ်မှာ တာဝန်ထမ်း ဆောင်ရစဉ်အချိန်ကရော၊ နိုင်ငံခြားမှာ သံအမတ်အဖြစ် တာဝန်ထမ်းဆောင် ရတဲ့အချိန် တွေမှာပါ ဒီနေ့အထိ အရေး ကြီးတဲ့အခြေအနေ၊ ကျန်းမာရေး အခြေ အနေတွေကလွဲရင် ရောက်တဲ့နေရာ၊ ရှိ တဲ့နေရာမှာ ဘုရားကျောင်းကို အမြဲ သွားပါတယ်။ ဝိညာဉ်ရေးအသက်တာ အခြေအနေကတော့ သူများထက် ပိုဖို့ထူး ခြားမှာ မလုပ်ဆောင်နိုင်သည့်တိုင် လစ် ဟင်းမှုတော့မရှိဘူးလို့ ဆိုချင်ပါတယ်။

၁၀။ နောက်ဆုံးအနေနဲ့ အန်ကယ်ရဲ့ ဘဝအတွေ့အကြုံတွေကနေပြီးယနေ့ လူငယ်တွေကို မှာကြားပြောပြလိုတာ တွေသိပါရစေခင်ဗျာ။

အန်ကယ်ရဲ့ ဘဝအတွေ့အကြုံ ဖြတ် သန်းလာခဲ့ရတဲ့သင်ခန်းစာတွေကအခြေ ခံပြီးပြောရရင် လူ့ဘဝဆိုတာ ကိုယ်ဖြစ် ချင်တာထက် ဘုရားသခင်ရဲ့အလိုတော် အတိုင်း အသက်ရှင်ရတာဖြစ်တယ်ဆို တာပါ၊ လူက ကြိုးစားအားထုတ်သော်လည်း ဘုရားသခင်ရဲ့ အလိုတော်အရသာလျှင် အကောင်အထည်ပေါ်လာတော ဖြစ်ပါတယ်။ ဒါကြောင့် ဘုရားရဲ့အလိုတော်ကို ရှာဖွေဖို့ခံဖို့ ပြောပြချင်ပါတယ်။ ဒုတိယအနေနဲ့ အန်ကယ့်အဖေက အန်ကယ့်ကိုပြောခဲ့တဲ့စကား၊ ပြီးတော့ အန်ကယ်ကလည်း အန်ကယ့်သားသမီးတွေကိုပြောတဲ့စကား။ အဲဒါက "ဘုရား ကိုမမေ့ပါနှင့်" ဆိုတာပါ။ "ဘုရားကိုမမေ့ကြပါနှင့်"။

(ယခုလိုဖြေကြားပေးခြင်းအတွက် အထူးကျေးဇူး တင်ပါတယ်ခင်ဗျာ။)

shalom

# သမ္မာကျမ်းစာထဲမှ

## သစ္စာတရားလေးပါး

ဗုဒ္ဓဘာသာဝင်များအကြား အမှုတော်ဆောင်ရာ၌ ဗုဒ္ဓဘာသာ၏အဓိကအချက်ကြီးများကိုသိရှိပြီး ခရစ်ယာန်ဘာသာနှင့်နှိုင်းယှဉ်ချိန်ထိုးပြနိုင်ဖို့ အရေးကြီးပေသည်။ မိမိဘာသာ၏ကောင်းကြောင်းများကိုသာ တစ်ဖက်သတ်ပြောပြနေခြင်းထက် တစ်ဖက်ဘာသာ၏ ကောင်းရာကောင်းကြောင်းများကိုလည်း ဖော်ပြနှိုင်းယှဉ်သင့်ပေသည်။ မြန်မာနိုင်ငံ၌ နေထိုင်ကြီးပြင်းလာသော ခရစ်ယာန်ဘာသာဝင်များအဖို့ ဗုဒ္ဓဘာသာအကြောင်း ကောင်းမွန်စွာသိရှိထားသင့်သည်။ ထို့အပြင် ဗုဒ္ဓဒဿနကို နားလည်နေသော ဗုဒ္ဓဘာသာဝင်တစ်ဦးနှင့်စကားပြောရာတွင် အဆင်ပြေမှုရှိနိုင်သော်လည်း ဗုဒ္ဓဒဿနကို တစ်လုံးတစ်ပါဒမျှမသိသော ဗုဒ္ဓဘာသာတစ်ဦးနှင့် စကားပြောရာ၌ အခက်အခဲတွေ့နိုင်ပါသည်။ ထိုအခါ မိမိအနေဖြင့် ဗုဒ္ဓဒဿနကိုလည်းရှင်းပြရင်း၊ ခရစ်ယာန်တို့၏ တရားတော်နှင့်လည်း နှိုင်းယှဉ်ချိန်ထိုးပြရပေမည်။

ဤဆောင်းပါးသည် ဗုဒ္ဓဒဿန၏အဓိကအချက်ဖြစ်သော သစ္စာတရားလေးပါးနှင့် သမ္မာကျမ်းစာမှဖော်ပြသောအချက်များကို အကျဉ်းသဘောမျှ နှိုင်းယှဉ်ဖော်ပြခြင်းပင်ဖြစ်ပါသည်။ နက်နဲလှသော သမ္မာကျမ်းစာနှင့် ဗုဒ္ဓဒဿနတို့ကို ဆက်လက်၍ ကျယ်ပြန့်စွာလေ့လာသိရှိဖို့ လိုအပ်ပါသည်။ ထို့အပြင် ဤဆောင်းပါးသည် Contextualization ဆိုသည့် ရေခံမြေခံသဘောတရားနှင့် မြန်မာသီချင်းလော်ဂျီလည်း မဟုတ်ပေ။ ထိုအဆင့်သို့ရောက်ရန် ခြေလှမ်းတစ်လှမ်း လှမ်းကြည့်ခြင်းသာဖြစ်ပါသည်။

Concept: ခံယူယုံကြည်မှု

ဗုဒ္ဓဒဿန၌ သစ္စာတရားလေးပါးသည် အဓိကအချက်ပင်ဖြစ်သည်။ ထိုသစ္စာတရားလေးပါးမှာ -

၁။ ဒုက္ခသစ္စာ (ဆင်းရဲခြင်း၏သဘောသဘာဝ)
၂။ သမုဒယသစ္စာ (ဆင်းရဲခြင်းဖြစ်ကြောင်း၏သဘောသဘာဝ)
၃။ နိရောဓသစ္စာ (ဆင်းရဲခြင်းချုပ်ငြိမ်းခြင်း၏သဘောသဘာဝ)
၄။ မဂ္ဂသစ္စာ (ဆင်းရဲခြင်းချုပ်ငြိမ်းရန်ကျင့်စဉ် (ဝါ) နည်းလမ်းသဘောသဘာဝ) ဟူ၍ဖြစ်သည်။

"သစ္စာတရားလေးပါးတွင် ပထမသစ္စာသည် ဒုတိယသစ္စာ၏အကျိုးတရားဖြစ်၍ တတိယသစ္စာသည် စတုတ္ထသစ္စာ၏အကျိုးတရားဖြစ်သည်။ အပြန်အလှန်အားဖြင့် ဒုတိယသစ္စာသည် ပထမသစ္စာ၏ အကြောင်းတရားဖြစ်၍ စတုတ္ထသစ္စာသည် တတိယသစ္စာ၏အကြောင်းတရားဖြစ်၏။

ဒုက္ခသဘောသည် လူသတ္တဝါတို့၌ အမှန်ဖြစ်နေသောသဘောတရားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သမုဒယသည် လူသတ္တဝါတို့၌ အမှန်ရှိနေသောကြောင့်ပင်ဖြစ်သည်။ သို့ရာတွင် ထိုဒုက္ခမှ လူသတ္တဝါတို့ အမှန်ထွက်မြောက်မှု၊ လွတ်မြောက်မှုသည် ရှိသည်။ ဤသည်မှာ တတိယသစ္စာ (နိရောဓသစ္စာ) ပင်ဖြစ်သည်။ ထိုထွက်မြောက်မှု၊ လွတ်မြောက်မှုကို ရနိုင်သောနည်းလမ်းသည်လည်း အမှန်ရှိသည်။ ဤသည်မှာ စတုတ္ထသစ္စာ (မဂ္ဂသစ္စာ) ပင်ဖြစ်သည်။ ဤအချက်များကို ထောက်၍ ပထမနှင့် ဒုတိယသစ္စာသည် လောကီသစ္စာများဖြစ်၍ တတိယနှင့် စတုတ္ထသစ္စာသည် လောကုတ္တရာသစ္စာများဖြစ်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပေလိမ့်မည်။"[1]

ဗုဒ္ဓအလိုအရ "ဆင်းရဲဖြစ်သော အရိယာသစ္စာကို ပိုင်းခြားသိအပ်၏။ ဆင်းရဲဖြစ်ပေါ်ကြောင်းဖြစ်သော အရိယာသစ္စာကို ပယ်အပ်၏။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ဖြစ်သော အရိယာသစ္စာကို မျက်မှောက်ပြုအပ်၏။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ကိုရောက်ကြောင်း အကျင့်ဖြစ်သော အရိယာသစ္စာကိုပွားများအပ်၏။"[2]

လူတို့၌ ဒုတိယသစ္စာဖြစ်သော သမုဒယနှောင်ကြိုး၊ သံယောဇဉ်တို့၏ ငြိတွယ်မှုကြောင့် (ထိုအထဲမှလည်း ရုန်းမထွက်နိုင်သဖြင့်) ပထမသစ္စာတည်းဟူသော ဒုက္ခသည် ဖြစ်ပေါ်လာရပေသည်။ ထိုသံယောဇဉ်၊ သမုဒယနှောင်ကြိုးကို ဖြတ်တောက်ပစ်နိုင်မှသာလျှင် (ထိုမှရုန်းထွက်နိုင်မှသာလျှင်) ဒုက္ခကို ချုပ်ငြိမ်းနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ ဒုက္ခမှလွတ်မြောက်နိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ စတုတ္ထသစ္စာတည်းဟူသော မဂ္ဂင်တရားများပင်ဖြစ်သည်။ မဂ္ဂင်တရားများကို ကျင့်ဆောင်ခြင်းဖြင့် တတိယသစ္စာဖြစ်သော ဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းသည် ဖြစ်ပေါ်လာပေမည်။

ဗုဒ္ဓသည် "တဏှာ" ကို ဒုတိယဘဝသစ္စာဖြစ်သော သမုဒယသစ္စာအဖြစ် ရှေ့တင်၍ ဖော်ပြခဲ့သည်။ နှစ်သက်ခြင်း၊ တပ်မက်ခြင်းတည်းဟူသော "တဏှာ" ကိုပယ်ဖြတ်နိုင်မှသာလျှင် ဒုက္ခမှချုပ်ငြိမ်းနိုင်မည်ဖြစ်သည်။

- သင်သည် အသက်တာ၌ ဆုံးရှုံးမှုများရှိခဲ့သည်ဟု ထင်မြင်ယူဆပါသလား။
- အသက်တာ၌ သင်ရှာဖွေနေသောအရာများ ပြည့်စုံမှုမရှိခဲ့ဟု ထင်မြင်ယူဆပါသလား။
- လောကသည် သင့်အားကြင်နာမှုမရှိခဲ့ပါဟု ထင်မြင်ယူဆပါသလား။

ဗုဒ္ဓအလိုအရ အထက်ပါမေးခွန်းများ၏ အချုပ်အခြာသည် ဒုတိယသစ္စာဖြစ်သော သမုဒယ (တဏှာ) ကြောင့်ပင်ဖြစ်သည်ဟု ဖြေဆိုရပေလိမ့်မည်။ လောက၌ ဆုံးရှုံးမှုများ၊ ဆင်းရဲဒုက္ခများ၊ အလိုမပြည့်မှုများ၊ အခြားသူတို့၏ ဥပေက္ခာခံရခြင်းများတို့သည် သမုဒယနှောင်ကြိုး (တဏှာ) ကိုမပယ်ဖြတ်နိုင်၍ပင်ဖြစ်သည်။ တဏှာကိုပင်ဖြတ်နိုင်ခြင်းသည် ထိုမေးခွန်းတို့၏အဖြေပင်ဖြစ်သည်။

### သမ္မာကျမ်းစာနှင့် သစ္စာတရားလေးပါး

၁။ ပထမသစ္စာဖြစ်သော ဒုက္ခသစ္စာ
(The first Noble Truth about suffering)

ဤလောကသည် ဆုံးရှုံးမှုများ၊ ဝေဒနာခံစားမှုများနှင့် ပြည့်နှက်နေပေသည်။
(The world is full of suffering and failure.)

ဆင်းရဲဒုက္ခ၊ ဝေဒနာခံစားမှုတို့ကို လူသားတို့သည် ရှောင်လွှဲ၍မရနိုင်ပေ။ (ကမ္ဘာ ၃၉း၁-၂၀) တွင် ယောသပ်သည် အစ်ကိုများ၏စွန့်ပယ်မှုကို ခံခဲ့ရပါသည်။ သူ၏အစ်ကိုများက ကျွန်အဖြစ်ရောင်းစားခဲ့ပြီးနောက် ယောသပ်သည် အီဂျစ်ပြည်သို့ ရောက်ရှိခဲ့ပါသည်။ ပေါတိဖာ၏မိန်းမလှည့်ဖျားနှောင့်ယှက်မှုကြောင့်ထောင်ကျခဲ့သည်။ ထောင်မှလွတ်မြောက်ပြီးနောက် ကျရောက်လာမည့်ကပ်ရောဂါ၊ ငတ်မွတ်ခေါင်းပါးမှုဘေးမှ အီဂျစ်ပြည်သူပြည်သားတို့နှင့် သူ၏ဆွေမျိုးနွယ်စုတို့ကို ကယ်တင်နိုင်ခဲ့ပါသည်။

ယောသပ်သည် ကျဆုံးမှုများ၊ ဆင်းရဲဒုက္ခ၊ ဝေဒနာများကို ခံစားခဲ့ရပါသည်။ ထိုအရာများသည် လောက၌ရှောင်လွှဲ၍မရနိုင်သော အရာများဖြစ်ပါသည်။ သို့သော် ထိုရှောင်လွှဲ၍မရသောအရာကို စိတ်ပျက်လက်ပျက်နှင့် အရှုံးပေးမည့်အစား ရင်ဆိုင်ဖြေရှင်းလျက် လွတ်မြောက်မှုကို ရယူနိုင်ရန် ကြိုးစားရပေမည်။


ပထမသစ္စာဖြစ်သော ဆင်းရဲဒုက္ခမှလွတ်မြောက်ရာလမ်းသည် စတုတ္ထသစ္စာဖြစ်သော မဂ္ဂင်တရားများဖြစ်ပေသည်။ ယောသပ်သည် ဒုက္ခဆင်းရဲမှ ဘုရားသခင်၏ကူညီစောင်မမှုကြောင့် လွတ်မြောက်ခဲ့ရပါသည်။ ထို့အပြင် အီဂျစ်ပြည်သူပြည်သားများသာမက သူ၏မျိုးနွယ်စုများပါ ကျရောက်လာမည့် ဘေးအန္တရာယ်မှ ကင်းဝေးလွတ်ငြိမ်းခဲ့သည်။ ကျွန်တော်တို့ ရင်ဆိုင်ကြုံတွေ့ရသည့် ဆင်းရဲဒုက္ခမှ လွတ်ငြိမ်းရာလမ်းသည် ဘုရားသခင်ကို ခိုလှုံကိုးစားခြင်းပင်ဖြစ်သည်။

၂။ ဒုတိယသစ္စာဖြစ်သော သမုဒယသစ္စာ
(The second Noble Truth about the cause of Suffering)

ဘုရားသခင်အား မနာခံခြင်းသည် ဆုံးရှုံးမှုနှင့်ဝေဒနာခံစားရခြင်းများဆီသို့ ဦးတည်ရောက်ရှိစေပါသည်။
(Disobedience leads to suffering and failure.)

လောကုတ္တရာစွဲလန်းခြင်းထက် လောကီစွဲလန်းခြင်းနောက်သို့လိုက်နေသရွေ့ ကျွန်တော်တို့သည် ဆင်းရဲဒုက္ခကို ခံစားနေရဦးမည်ဖြစ်သည်။ သမုဒယသစ္စာသည် ဒုက္ခသစ္စာကို ဖြစ်ပေါ်စေသော အကြောင်းတရားဖြစ်သည်ဟု ရှေ့၌ဆိုခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် လောကီစွဲလန်းခြင်းများကို ပယ်ဖြတ်နိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ဘုရားသခင်ကို နာခံခြင်းပင် ဖြစ်သည်။ (ရောမ ၃း၁၀-၂၀၊ ၂၃) အရ လူသည် ဒုစရိုက်ကိုပြုတတ်သောသတ္တဝါဖြစ်ကြောင်း နားလည်ရသည်။ကျွန်

[1] နန္ဒာသိန်းဇံ "ဘဝအဓိပ္ပာယ်နှင့်ဘဝသစ္စာ" (ရန်ကုန်၊ လွိုင်းသစ်စာပေ၊ ၁၉၈၉) စာမျက်နှာ ၁၀၈၊ ၁၀၉။
[2] ပရိညေယျသုတ် - ကောဋိဂါမဝဂ် - သစ္စသံယုတ်။ ၄၆၁။




တော်တို့သည် လောကီဒုစရိုက်အတွင်း နစ်မွန်းနေသရွေ့ ဆင်းရဲဒုက္ခကို ခံစားနေရဦးမည်ဖြစ်သည်။ ဘုရားသခင်ကို မနာခံမှုကြောင့် လူသည် အပြစ်၌နစ်မွန်းခဲ့ရသည်။ဒုက္ခဝေဒနာအတွင်း ကျင်လည်ခဲ့ရသည်။ လူ့သမိုင်းတစ်လျှောက်၊ ခေတ်အဆက်ဆက်၌ လူတို့သည် အပြစ်ကိုပြုလျက် ဘုရားသခင်ကို ပုန်ကန်ခဲ့ကြသည်။ ဆင်းရဲဒုက္ခတည်းဟူသော အကျိုးဆက်ကိုလည်း အစဉ်ခံစားခဲ့ရကြသည်။ ဘုရားသခင်ကိုနာခံခြင်း၊ ခိုလှုံကိုးစားခြင်းမရှိသရွေ့ တစ်နည်းအားဖြင့် နောင်တမရသရွေ့ ကျွန်တော်တို့သည် ဆုံးရှုံးမှု၊ ဒုက္ခဝေဒနာ၊ ဆင်းရဲခြင်းများကို ဆက်လက်ခံစားနေရဦးမည်ဖြစ်သည်။



၃။ တတိယသစ္စာဖြစ်သော နိရောဓသစ္စာ
(The Third Noble Truth about the Cessation of Suffering.)

ဆုံးရှုံးမှု၊ ဒုက္ခဝေဒနာများ၏ ချုပ်ငြိမ်းရာအဆုံးသည် တည်ရှိပါသည်။ (There is an end to suffering and failure.) ထိုဆင်းရဲခြင်း ချုပ်ငြိမ်းရာအဆုံးသည် နိဗ္ဗာန်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ကောင်းကင်ရွှေပြည်ပင်ဖြစ်သည်။ ထိုနေရာသည် ဘုရားသခင်စံနေတော်မူရာ ဘုံဗိမာန်ပင်ဖြစ်သည်။ (ဟေရှာယ ၅၇း၁၅) အရ သန့်ရှင်းတော်မူသော၊ အထွတ်အမြတ်ဖြစ်သော၊ မြင့်မြတ်သောဘုရားရှင်သည်အနန္တကာလတည်းဟူသော ထိုဘုံဗိမာန်၊ နိဗ္ဗာန်ရွှေပြည်၌ စံနေတော်မူပါသည်။ ထိုနေရာသည် စိတ်နှလုံးနှိမ့်ချသူများ၊ ကြေကွဲဝမ်းနည်းသူများအတွက်လည်းဖြစ်သည်။ ထိုသူတို့သည် နောင်တနှင့်အတူ ကြေကွဲနှိမ့်ချလျက် ဘုရားရှင်ထံချဉ်းကပ်လျှင် ဘုရားရှင်သည် ထိုသူတို့၏ဝေဒနာများကို ငြိမ်းအေးစေမည်ဖြစ်သည်။ ထို့အပြင် ဘုရားသခင်၏ဘုံဗိမာန်၊ နိဗ္ဗာန်ရွှေပြည်၌လည်း အနန္တကာလတိုင်အောင် ဒုက္ခဝေဒနာကင်းဝေးလျက် ငြိမ်းချမ်းစွာနေထိုင်ရမည်ဖြစ်သည်။

၄။ စတုတ္ထသစ္စာဖြစ်သော မဂ္ဂသစ္စာ
(The Fourth Noble Truth about the Path to Liberation.)

ဆုံးရှုံးမှု၊ ဒုက္ခဝေဒနာများချုပ်ငြိမ်းရာတစ်ခုတည်းသောလမ်းရှိပေသည်။ (The way to end suffering and failure.) ထိုလမ်းသည် ထာဝရဘုရားအား ခိုလှုံကိုးစားခြင်းပင်ဖြစ်သည်။ စတုတ္ထသစ္စာဖြစ်သော မဂ္ဂင်တရားသည်လည်း ဆင်းရဲချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ပို့ဆောင်ပေးနိုင်သည့် ယာဉ်ရထားပင်ဖြစ်သည်။

မဂ္ဂင်တရား (၈) ပါးမှာ -

၁။ သမ္မာဒိဋ္ဌိ (ကောင်းသောအမြင်)
Right views

၂။ သမ္မာသင်္ကပ္ပ (ကောင်းသောဆုံးဖြတ်ချက်)
Right resolve

၃။ သမ္မာဝါစာ (ကောင်းသောစကား)
Right speech

၄။ သမ္မာကမ္မန္တ (ကောင်းသောဆောင်ရွက်ချက်)
Right conduct

၅။ သမ္မာအာဇီဝ (ကောင်းသောအသက်မွေးမှု)
Right livilihood

၆။ သမ္မာဝါယမ (ကောင်းသောအားထုတ်မှု)
Right effort

၇။ သမ္မာသတိ (ကောင်းသောအတွေး)
Right mindfulness

၈။ သမ္မာသမာဓိ (ကောင်းသောစိတ်တည်ကြည်မှု)
Right concentration တို့ဖြစ်ကြသည်။

မဂ္ဂင်တရားတို့သည် လောက၌မှန်ကန်စွာတွေးခေါ်ကြံစည်ဆောင်ရွက်ခြင်းအားဖြင့် လူတို့သည် ဆုံးရှုံးမှု၊ ဆင်းရဲဒုက္ခများမှကင်းဝေးလျက် နောင်ဘဝ၌ နိဗ္ဗာန်သို့ရောက်ရာရောက်ကြောင်းကိုဖြစ်စေသည်။ နိဗ္ဗာန်သည် အလုံးစုံတို့၏ချုပ်ငြိမ်းရာဖြစ်လျက် ထာဝရတည်နေသော (မပျက်စီးနိုင်သော) အရာတစ်ခုလည်းဖြစ်သည်။

ဟေရှာယ ၄၀း၂၈-၃၀) ၌ ထာဝရဘုရားသည် အစဉ်အမြဲတည်တော်မူသောဘုရား၊ ကမ္ဘာအစွန်းတိုင်အောင် ဖန်ဆင်းတော်မူသောဘုရားဖြစ်သည်။ လူ့ဉာဏ်ဖြင့်မမှီနိုင်သော အနန္တတန်ခိုးရှင်ဖြစ်ပြီး ခွန်အားအစွမ်းတို့နှင့်လည်း ပြည့်စုံသောဘုရားဖြစ်ပေသည်။ ထိုကဲ့သို့သော ဘုရားရှင်ကိုယုံကြည်ကိုးစားသူတို့သည်လည်း ခွန်အားအစွမ်းနှင့်ပြည့်စုံလျက် အရာရာကိုစွမ်းဆောင်နိုင်ရန် သတ္တိတန်ခိုးထူးကို ရရှိမည်ဖြစ်သည်။ ထာဝရဘုရားအား ခိုလှုံကိုးစားခြင်း၊ နာခံလိုက်လျှောက်ခြင်းအားဖြင့် ကျွန်တော်တို့သည် ဆင်းရဲဒုက္ခကင်းဝေးချုပ်ငြိမ်းလျက် ကောင်းကင်နိဗ္ဗာန်ရွှေပြည်သို့ ဝင်ရောက်ခစားနိုင်မည်ဖြစ်ပေသည်။

**Rev: အောင်မျိုးထွန်း**

# ဟာသတို

## ကျေးဇူးပါ အာဒံ၊ ဧဝ

မမွတက္ကသိုလ်ကျောင်းသူနှစ်ဦးစကားပြောကြရာတွင် . .

ပထမကျောင်းသူ ။ ။ သူငယ်ချင်း . . ငါတို့ အာဒံနဲ့ဧဝကို ကျေးဇူးတင်ရမယ်။

ဒုတိယကျောင်းသူ ။ ။ ဘာဖြစ်လို့လဲဟဲ့၊

ပထမကျောင်းသူ ။ ။ နင် စဉ်းစားကြည့်လေ၊ သူတို့နှစ်ယောက်သာသစ်သီးစားပြီးအပြစ်မလုပ်ဘူးဆိုရင် ငါတို့လည်း အခုအချိန်အထိ အဝတ်အစားဝတ်ချင်မှဝတ်ရမှာဟ . . ရှက်စရာကြီး ဟီး ဟီး . . ။

ထီးဆံမှုံ

## စိတ်မကောင်းဖြစ်မိလို့

မေရီနှင့်ကက်သရင်းနှစ်ယောက်သည် စကားစမြည်ပြောကြရင်း . .

ကက်သရင်း ။ ။ မေရီရေ . . ငါတွေးရင်းစိတ်မကောင်းဖြစ်မိတယ်။ ဘုရားသခင်ရဲ့စာရင်းရှုပ်အောင်လုပ်မိလို့ လေ။

မေရီ ။ ။ ဘာကိုလဲ ကက်သရင်းရယ်။

ကက်သရင်း ။ ။ ဘုရားသခင်က လူသားတွေဦးခေါင်းထက်ကဆံခြည်မျှင်ကို 'ရေ' ထားသတဲ့ကွယ်။ ငါလေ ခေါင်းလျှော်ရည်ကို တစ်မျိုးပြီးတစ်မျိုးသုံးလို့ ဆံပင်တွေများလိုက်၊ နည်းလိုက်နဲ့ကွယ်။ငါ့ဆံပင် စာရင်းအတွက် ဘုရားကအလုပ်ရှုပ်နေမှာပဲ။

လီလီ

## အချိန်မရှိဘူး

ဂျွန် ။ ။ ဟေ့ ပီတာ . . လှေကိုရေနက်ရာရွှေ့ရအောင်။

ပီတာ ။ ။ အချိန်မရှိပါဘူးဆို . . မင်းက လှေအကြာကြီးစီးချင်နေပြန်ပြီ။

စောမုတ်ဆိတ် (ကေတု)

## စောင်းမပြောနဲ့

သားဖြစ်သူက မိခင်ဖြစ်သူအား "အမေ ဖာရိရှဲဆိုတာ ဘယ်လိုလူမျိုးလဲ" ဟုမေးရာ မိခင်ဖြစ်သူက "ကိုယ့်ကိုကိုယ် အထင်ကြီးတယ်၊ သူတစ်ပါးအပြစ်မြင်တယ်၊ အကြွားလည်းသန်တယ် . . " မိခင်ဖြစ်သူရှင်းပြလို့ပင်မဆုံးသေး သားဖြစ်သူက "မေမေကလည်း ဖေဖေ့ကိုစောင်းမပြောနဲ့လေ" ဟူ၍ . . . ။

စောမုတ်ဆိတ် (ကေတု)





# သတင်း

## ကင်တာဘာရီ သာသနာပိုင်ချုပ်ကြီးအနားယူတော့မည်

လက်ရှိ(၁၀၃)ဆက်မြောက်ကင်တာဘာရီသာသနာပိုင်ချုပ်ကြီးအဖြစ် (၁၁) နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာဂျော့ချ်ကယ်ရီ (Most Rev. and Rt. Hon. George L.Carey) သည် ယခုနှစ် အောက်တိုဘာ (၃) ရက်နေ့တွင် တာဝန်မှအနားယူတော့မည်ဖြစ်သည်။

ယခင် ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာ၏ အမည်စာရင်းတင်သွင်းမှုဖြင့် ၁၉၉၀ခုနှစ်မှစ၍ကင်တာဘာရီသာသနာပိုင်ချုပ်ဖြစ်လာသော ဒေါက်တာဂျော့ချ်ကယ်ရီသည် အင်္ဂလန်နိုင်ငံလုံးဆိုင်ရာသာသနာပိုင်ချုပ်ကြီး (Primate of All England) နှင့် တစ်ကမ္ဘာလုံးဆိုင်ရာ အင်္ဂလီကန်သဟာယ၏အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်း၏တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း အမျိုးသမီးများအား သိက္ခာ၊ ဘိသိက်ပေးခြင်း၊ လိင်တူဆက်ဆံသူများအမှုတော်ဆောင်ခြင်း၊ လစ်ဘရယ်နှင့် ကွန်ဆာဗေးတစ်တို့ကြားတင်းမာမှုများအပါအဝင် အခြားခေါင်းခဲစရာပြဿနာများစွာကို ရင်ဆိုင်ခဲ့ရသည်။

ဒေါက်တာဂျော့ချ်ကယ်ရီသည်အီဗန်ဂျယ်လစ်ကယ်ခံယူချက်ကို နက်ရှိုင်းစွာလက်ခံထားသူဖြစ်သည်။ အမျိုးသမီးများအားသိက္ခာပေးခြင်းကို ထောက်ခံသူလည်းဖြစ်သည်၊ ရာစုသစ်ထဲသို့ဝင်ရောက်လာချိန်တွင် ကမ္ဘာ့မိသားစုအတွင်း၌ အင်္ဂလီကန်တို့၏အခန်းကဏ္ဍကို ဆွဲယူမြှင့်တင်ပေးသူလည်းဖြစ်သည်။ သူသည် "Mission in a Market Place" အပါအဝင် စာအုပ်များစွာကိုရေးသားခဲ့ပါသည်။

(Ref: Anglican World vol: 105/2002)

## လာမည့်ကင်တာဘာရီသာသနာပိုင်ချုပ်ကြီးအသစ်

ယခုနှစ် အောက်တိုဘာ (၃၀) ရက်နေ့တွင် ရာထူးမှအနားယူတော့မည့် သာသနာပိုင်ချုပ်ကြီး ဒေါက်တာဂျော့ချ်ကယ်ရီကို ဆက်ခံမည့်ပုဂ္ဂိုလ်အား ဗြိတိန်ဘုရင်မ၏ရွေးချယ်ရေးကော်မရှင် (Crown Appointments Commission) နှင့်တွေ့ဆုံညှိနှိုင်းပြီးနောက် ဝန်ကြီးချုပ်တိုနီဘလဲက ဒုတိယ မြောက် အဲလိဇဘက်ဘုရင်မထံ အမည်စာရင်းတင်သွင်းမည်ဖြစ်သည်။ ၎င်းအမည်စာရင်းတင်သွင်းခံရသူအား ဘုရင်မက အတည်ပြုခန့်အပ်လိုက်သည်နှင့် ၁၀၄ ဆက်မြောက်ကင်တာဘာရီ သာသနာပိုင်ချုပ်ကြီးအသစ်ကို ရရှိမည်ဖြစ်သည်။

ကင်တာဘာရီသာသနာပိုင်ချုပ်ကြီးရာထူးသည် အင်္ဂလီကန်သဟာယ၏ အကြီးအကဲရာထူးလည်းဖြစ်ရာ အပြည်ပြည်ဆိုင်ရာသက်ရောက်မှုရှိပါသည်။ ထို့ပြင် အင်္ဂလန်နိုင်ငံ ၏အထက်လွှတ်တော် (House of Lords) တွင်လည်း ပါဝင်ရပါသည်။ ယခုအကြိမ် ကင်တာဘာရီသာသနာပိုင်ချုပ်ကြီး အသစ်အား အမည်စာရင်းတင်သွင်းခြင်းပြုရာ၌ ကမ္ဘာအရပ်ရပ်ရှိ အင်္ဂလီကန်သာသနာပိုင်ချုပ်ကြီး (Primates) (၃၈)ပါး နှင့်အင်္ဂလီကန်ညှိနှိုင်းရေးကောင်စီ (အေစီစီ) အဖွဲ့ဝင်များသည် ပထမဆုံးအကြိမ်အဖြစ် အင်္ဂလီကန်ညှိနှိုင်းရေးကောင်စီ၊ အထွေထွေအတွင်းရေးမှူးမှတစ်ဆင့် မိမိတို့၏ဆန္ဒသဘောထားများကိုတင်ပြခွင့်ရရှိမည်ဖြစ်ပါသည်။

ကင်တာဘာရီသာသနာပိုင်ချုပ်ကြီးလောင်း အမည်စာရင်းတင်သွင်းခံရဖွယ်ရှိသူများအနက်တစ်ဦးမှာရိုချက်စတာသာသနာပိုင် ဒေါက်တာမိုက်ကယ်နာဇာအလီ (Rt Rev. Dr. micheal Nazir-Ali) ဖြစ်ပါသည်။ သူသည် ပါကစ္စတန်လူမျိုးဖြစ်ပြီး အီဗန်ဂျယ်လစ်ကယ်ခံယူချက်ရှိသူဖြစ်သည်။ အခြားပုဂ္ဂိုလ်တစ်ဦးမှာ ဝေလနယ်သာသနာပိုင်ချုပ် ရိုဝင်ဝီလီယံ (Most-Rev. Rowan Williams) ဖြစ်ပါသည်။ သူသည် လစ်ဘရယ်ခံယူချက်ရှိသူဖြစ်သည်။ နောက်ထပ်တစ်ဦးမှာ လန်ဒန်သာသနာပိုင် ရစ်ချက်ချာတာစ် (Rt. Rev. Richard Chartres) ဖြစ်ပါသည်။ သူသည် ထုံးတမ်းစဉ်လာသမားဖြစ်ပါသည်။ သူသည် ယခင်ကင်တာဘာရီသာသနာပိုင်ချုပ်ကြီး ရောဘတ်ရန်စီ၏အပါးတော်မြဲအဖြစ် မြန်မာပြည်သို့ ရောက်ရှိဖူးပါသည်။

(Ref: The Christian Challenge. Vol:XII No (1).

# သတင်း

## အင်္ဂလိကန်-နှစ်ခြင်း အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ (အာဖရိကဒေသ)

အင်္ဂလိကန်-နှစ်ခြင်း အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ (Anglican-Baptist International Conversation-ABIC) (အာဖရိကဒေသ) ကို ၂၀၀၁ ဇန်နဝါရီ (၂၄-၂၆) ရက်များအတွင်း ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့၌ကျင်းပခဲ့ပါသည်။ ၎င်းမတိုင်မီ ဥရောပဒေသအတွက် အင်္ဂလန်နိုင်ငံ၊ နော့ဝ်ရှ်မြို့၌လည်းကောင်း၊ အာရှနှင့် ပစိဖိတ်ဒေသအတွက် မြန်မာနိုင်ငံ ရန်ကုန်မြို့၌လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခု အာဖရိကဒေသဆွေးနွေးပွဲတွင် ကမ္ဘာ့နှစ်ခြင်းအဖွဲ့ချုပ်နှင့် အင်္ဂလိကန်သဟာယတို့ကို ကိုယ်စားပြု၍ ဂါနာ၊ နိုက်ဂျီးရီးယား၊ တောင်အာဖရိက၊ တန်ဇန်းနီးယား၊ ယူဂါဒါနှင့် ဇင်ဘာဘွေနိုင်ငံများမှ နှစ်ဖက်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အထက်ပါဆွေးနွေးပွဲတွင်နှစ်ဘက်ကိုယ်စားလှယ်တို့က အာဖရိကဒေသရှိ မိမိတို့သဟာယများ၏အခြေအနေကို ယေဘုယျတင်ပြကြသည်။ ဧဝံဂေလိတရားဒေသတွင်း အင်္ဂလိကန်-နှစ်ခြင်းဆက်ဆံရေး၊ အာဖရိကန်အသင်းတော်များကြား သာသနာပြုစုပျိုးထောင်ခြင်းနှင့်အမှုတော်ဆောင်ခြင်း စသည့်ခေါင်းစဉ်များဖြင့် တင်ပြဆွေးနွေးခဲ့ကြသည်။ စဉ်ဆက်မပြတ်ရှိနေခြင်းနှင့် ဖြစ်စဉ်ပုံပြင် (Continuity and Story)၊ လက်ခံခြင်း (Recognition and Acceptance)၊ ဒေသခံမြေခံသာသနာပြုစုပျိုးထောင်ခြင်းနှင့် အမှုတော်ဆောင်ခြင်း၊ (Contextual mission and misistry)၊ ဧဝံဂေလိတရားနှင့် ခရစ်ယာန်အစပြုခြင်း (Baptism and Christian Initiation)၊ သင်းဝင်ဖြစ်ခြင်းနှင့်သဟာယဖွဲ့ခြင်း (Membership and Community)၊ ကြည့်ရှုအုပ်ထိန်းခြင်းနှင့် သာသနာပိုင်အဖြစ်အနေ(oversight and episcope)၊ နှင့် ယုံကြည်ခြင်းကိုဝန်ခံခြင်း (Confessing the Faith) စသော ယခင်ဒေသတွင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာချက်များအပေါ် အာဖရိကဒေသခံမြေခံရှုထောင့်မှ ပြန်လည်ဆွေးနွေးသုံးသပ်ကြပါသည်။

ထိုမြင်ပင်လယ်ရပ်ခြားရှိအသင်းတော်များနှင့်"စုစည်းလက်တွဲ" လုပ်ဆောင်ခြင်းမှ တူညီသောအတွေ့အကြုံများကိုလည်းဖလှယ်ခဲ့ကြသည်။ အာဖရိကရှိ အင်္ဂလိကန်နှင့် နှစ်ခြင်းတို့၏အသက်တာပုံရိပ်အားဖြင့် ယုံကြည်ခြင်း၌ရှေးဘိုးဘေးတို့၏အခန်းကဏ္ဍ၊ လူ့အဖွဲ့အစည်းအတွင်း အသင်းတော်ငယ်၏ပရောဖက်ပြုခြင်းအခန်းကဏ္ဍ၊ အသင်းတော်ကြီးထွားရှင်သန်ခြင်း၊ ဧဝံဂေလိပြန့်ပွားခြင်းနှင့် အသင်းသစ်စိုက်ပျိုးခြင်း စသည့်ကဏ္ဍများအပေါ် အတူတကွ အမြင်ချင်းဖလှယ်နိုင်ခဲ့ကြပါသည်။

ဤဆွေးနွေးပွဲမှ အင်္ဂလိကန် (၄) ဦး၊ နှစ်ခြင်း (၄) ဦး ပါဝင်သော စဉ်ဆက်မပြတ်ကော်မတီ (Continuing Committee) ကိုဖွဲ့စည်းပေးခဲ့ပြီး၊ ၎င်းကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ၂၀၀၅ ခုနှစ် ACC နှင့် BWA အစည်းအဝေးများသို့ တင်ပြရမည်ဖြစ်ပါသည်။

(Ref: Anglican World. Vol: 105/2002)

## အင်္ဂလိကန်-ရိုမန်ကက်သလစ်ညီညွတ်ရေးနှင့် သာသနာပြုစုပျိုးထောင်ရေးအပြည်ပြည်ဆိုင်ရာကော်မရှင်

သာသနာပိုင်ချုပ်ကြီး ဒေါက်တာဂျော့ခ်ျကယ်ရီနှင့် ပုပ်ရဟန်းမင်း ဒုတိယမြောက်ဂျွန်ပေါလ်တို့၏ တွေ့ဆုံဆွေးနွေးပွဲများက ပုပ်ရဟန်းမင်း၏ ခရစ်ယာန်စည်းလုံးညီညွတ်မှုမြှင့်တင်ရေးဆိုင်ရာကောင်စီ (PCPCU) နှင့် အင်္ဂလိကန်သဟာယတို့အကြား အသစ်သောအလုပ်အဖွဲ့တစ်ခု ရရှိလာရန် ရှုပါရုံအစပြုခဲ့ပါသည်။ ၂၀၀၀ပြည့်နှစ် မေလတွင် ကနေဒါနိုင်ငံ မစ်ဆီဆူဂါ (Mississauga) ၌ပြုလုပ်သော အင်္ဂလိကန်နှင့် ရိုမန်ကက်သလစ်သာသနာပိုင်များ အဆင့် အပြည်ပြည်ဆိုင်ရာအထူးအစည်းအဝေးက အထက်ပါရှုပါရုံကို ရုပ်လုံးဖော်ပေးခဲ့ပါသည်။ ဤသို့ဖြင့် ၂၀၀၁ ခုနှစ် နိုဝင်ဘာလအတွင်း လန်ဒန်နှင့် ရောမတို့၏ အဆင့်မြင့်အရာရှိများ အပြန်အလှန်တွေ့ဆုံစည်းဝေးကြပြီး "အင်္ဂလိကန်-ရိုမန်ကက်သလစ်ညီညွတ်ရေးနှင့် သာသနာပြုစုပျိုးထောင်ရေး အပြည်ပြည်ဆိုင်ရာကော်မရှင်" (International Anglican-Roman Catholic Commission for Unity and Mission) ကို ဖွဲ့စည်းခဲ့ပါသည်။

၎င်းသည် ၁၉၇၀ခုနှစ်ကတည်းကစတင်လာခဲ့သော အင်္ဂလိကန်-ရိုမန်ကက်သလစ် အပြည်ပြည်ဆိုင်ကော်မရှင် (ARCIC) ၏နောက်ဆက်တွဲလုပ်ငန်းများကို လက်ဆင့်ကမ်းရန်လည်းဖြစ်ပါသည်။ ဤသို့ဖြင့် သဟာယနှစ်ခုကြား ပိုမို၍ လက်တွေ့ကျပြီး မျက်မြင်ဖြစ်သောစည်းလုံးညီညွတ်မှုကို ဖော်ဆောင်နိုင်ရန်အာရုံပြုထားပါသည်။ ထို့ပြင် မျက်မှောက်ခေတ် ရှုပ်ထွေးပွေလီနေသော ကမ္ဘာလောကကြီးထဲ၌ လူသားဂုဏ်သိက္ခာကိုကာကွယ်ရန်၊ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးကိုမြှင့်တင်ရန်တို့အတွက် လူမှုရေးနှင့် ယဉ်ကျေးမှုအခန်းကဏ္ဍများ၌ သဟာယနှစ်ခု အတူတကွလက်တွဲဆောင်ရွက်နိုင်သောအခြေအနေကောင်းများကို ဖော်ထုတ်ရန် သံဓိဋ္ဌာန်ချထားပါသည်။

လက်ရှိပူးတွဲသဘာပတိများမှာ တောင်အာဖရိကမှ အင်္ဂလိကန်သာသနာပိုင်ဒေးဗစ်ဘီတ် (Bishop David Beetge) နှင့် ဩစတြေးလျမှ ရိုမန်ကက်သလစ်သာသနာပိုင်ချုပ် ဂျွန်ဘေသာစ်ဘီ (Archbishop John Bathersby) တို့ဖြစ်သည်။ ဤကော်မရှင်သည် ယခုနှစ် နိုဝင်ဘာ (၁၉-၂၃) ရက်အတွင်း မော်လတာနိုင်ငံတွင် စုံညီစည်းဝေးပြုလုပ်မည်ဖြစ်ပါသည်။

(Ref: Anglican World: vol: 105/2002)

## အင်္ဂလိကန်ညှိနှိုင်းရေးကောင်စီဆိုသည်မှာ

အင်္ဂလိကန်ညှိနှိုင်းရေးကောင်စီ (The Anglican Consultative Council - ACC) ဆိုသည်မှာ အင်္ဂလိကန် သဟာယကိုယ်စားပြု အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းဖြစ်ပါ သည်။ ၎င်းကို အင်္ဂလိကန်သဟာယအဖွဲ့ဝင်အသင်းတော်များ မှစေလွှတ်သောကိုယ်စားလှယ်များနှင့် ဖွဲ့စည်းပါသည်။ ၁၉၆၈ ခုနှစ် လင်းဘတ်ညီလာခံ၏ဆုံးဖြတ်ချက်ဖြင့် ဖွဲ့စည်းခဲ့ပြီး ၁၉၆၉ အောက်တိုဘာလတွင် လုပ်ငန်းစတင်ဆောင်ရွက်ပါ သည်။ အေစီစီ၏ဖွဲ့စည်းပုံစည်းမျဉ်းကို အင်္ဂလိကန်သဟာယ အဖွဲ့ဝင်အသင်းတော်များ၏ အထွေထွေသာသနာ့လွှတ်တော် ချုပ်အားလုံးမှ လက်ခံအတည်ပြုထားပါသည်။

အေစီစီ အစည်းအဝေးများကို (၂)နှစ် သို့မဟုတ် (၃)နှစ် တစ်ကြိမ် ကျင်းပပြုလုပ်ပါသည်။ ယနေ့ထိ (၉) ကြိမ် စည်းဝေးခဲ့ပြီးဖြစ်ပါသည်။ ၎င်းတို့မှာ လီမူးရူး (ကင်ညာ) (၁၉၇၀)၊ ဒပ္ပလင် (အိုင်ယာလန်) (၁၉၇၃)၊ တြိနီဒက် (တြိနီဒက်) (၁၉၇၆)၊ လန်ဒန် (အင်္ဂလန်) နှင့် အွန်တေရီယိုး (ကနေဒါ) (၁၉၇၉)၊ ချူးကယ်ဆယ်အပွန်းတိုင်း (အင်္ဂလန်) (၁၉၈၁)၊ ဘာဒါဂရီ (နိုက်ဂျီးရီးယား) (၁၉၈၄)၊ စင်ကာပူ (၁၉၈၇)၊ ဝေလနယ် (အင်္ဂလန်) (၁၉၉၀)၊ ကိပ်တောင်း (တောင်အာဖရိက) (၁၉၉၃)၊ ပနားမား (ပနားမား) (၁၉၉၆)၊ စကော့တလန် (၁၉၉၉) နှင့် ဟောင်ကောင် (၂၀၀၂) တို့ဖြစ်ပါသည်။

အေစီစီသည်လင်းဘတ်ညီလာခံနှင့်သာသနာပိုင်ချုပ်ကြီးများစည်းဝေး (Primates' Meeting) တို့၏လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ပါသည်။ ပုံမှန်အားဖြင့် အခြားသောဂိုဏ်းဂဏအသင်းတော်များနှင့်စည်းလုံးညီညွတ်ရေးဆိုင်ရာဆွေးနွေးပွဲများ၊ အင်္ဂလိကန်သဟာယအတွင်း ဓမ္မအတွေးအခေါ်နှင့် ဒေသနာကော်မရှင်၊လစ်တာဂျီညှိနှိုင်းရေးကော်မရှင်၊ ကုလသမဂ္ဂရေးရာနှင့် အင်္ဂလိကန်သဟာယအတွင်း သတင်းဖလှယ်ခြင်း စသည့်လုပ်ငန်းများအပြင် အခါအားလျော်စွာ အင်္ဂလိကန်သဟာယနှင့် သက်ဆိုင်သောလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ပါသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်မှ လက်ရှိ အေစီစီ ကိုယ်စားလှယ်မှာ ဦးစောစီးဟဲဖြစ်ပါသည်။



shalom magazine

**၁။ အသင်းတော်ရဲ့လုပ်ငန်းတွေမှာ Layperson တွေရဲ့ ပါဝင်ဆက်ကပ်မှု အပြည့်အဝသာမရလျှင် အသင်းတော် ဟာ ချည့်နဲ့တတ်ပါတယ်။ Layperson တွေရဲ့ပါဝင်ဆက် ကပ်မှု ပိုမိုတိုးတက် နိုင်မာလာရေးအတွက် ဘယ်လိုအနေ အထားမျိုးရှိသင့်ပါသလဲခင်ဗျား?**

အသင်းတော်မှာ ခရစ်ယာန်သာသနာပိုင်များ၊ ဘုန်းတော်ကြီးများ၊ သင်းထောက်များနဲ့ ယုံကြည်သူခရစ်ယာန်အားလုံး ပါဝင်ပါတယ်။ အသင်းသူအသင်းသား ပိုများတာကတစ်ကြောင်း၊ ဓမ္မကြောင်းအရ ယုံကြည်သူတိုင်း ဘုရားရှင်ရဲ့အသင်းတော်မှာ တစ်ယောက်မကျန်ပါဝင်ဖို့ အလိုတော်ရှိတဲ့အတွက် Layperson တွေမပါလို့ ဘယ်ရမလဲ။ အုတ်တစ်ချပ်၊ သဲတစ်ပွင့်လျော့နေမှာပေါ့။ အသင်းတော်မှာ Layperson တိုင်းပါဝင်လာအောင် သူ့ဆုကျေးဇူးနဲ့သူ နေရာပေး ပါဝင်လုပ်ဆောင်ဖို့ **အခွင့်အရေးဖန်တီးပေး** ရပါမယ်။

**၂။ လက်ရှိတိုင်းပြည်ရဲ့ဖြစ်ပေါ်ပြောင်းလဲမှုတွေကြားမှာ အသင်းတော်ရဲ့ပါဝင်ရောယှက်မှုနဲ့ပတ်သက်ပြီး ဆရာရဲ့ အမြင်ကိုသိပါရစေခင်ဗျား?**

အသင်းတော်ဟာ သဘောထားကြီးရပါမယ်။ အရာခပ်သိမ်းကို ဘုရားသခင်ဖန်ဆင်းပါတယ်။ လူသားအားလုံး အပါအဝင်ပေါ့။ သခင်ကိုသိတာနဲ့မသိတာပဲကွာခြားပါတယ်။ သူဖန်ဆင်းတာအားလုံး သူ့ဘုန်းတော်ထင်ရှားစေဖို့ဖြစ်တဲ့အတွက် ပတ်ဝန်းကျင်လည်း အသင်းတော်ပါပဲ။ ပါဝင်ရောယှက်မှုသာမကပါဘူး၊ ပတ်ဝန်းကျင်တစ်ခုလုံး အဖက်ဖက်က တိုးတက်ဖို့ ဖန်ဆင်းရှင်ကို သခင်ဘုရားဖြစ်ကြောင်းသိဖို့နဲ့ ဘုန်းတော်ထင်ရှားစေဖို့အရေးဟာ အသင်းတော်ရဲ့အရေးပါ။

**၃။ ခေတ်ရဲ့ဖြစ်ပေါ်ပြောင်းလဲမှုများအလယ်မှာ အသင်းတော်ကိုဦးစီးဦးဆောင်နေရသောပုဂ္ဂိုလ်များအတွက်လိုအပ်လာနေပြီဖြစ်တဲ့အရည်အချင်းများကိုသိပါရစေခင်ဗျား?**

အဓိကမှာတော့ ခရစ်တော်နဲ့ ကနဦးအသင်းတော်ခေါင်းဆောင်များပြခဲ့ ဟောခဲ့တဲ့ စစ်မှန်သော **အမှုတော်ဆောင်ခြင်း** ကို သိဖို့နဲ့ ခြေတော်ရာ အတိုင်း လိုက်လျှောက်ဖို့ပါပဲ။ ခရစ်ယာန်ခေါင်းဆောင်များရဲ့ အရည်အချင်းမှာတော့

(၁) ကိုယ်ကျိုးစွန့်ဆက်ကပ်ခြင်း - Selfless dedication
(၂) မှန်ကန်သော ရဲရင့်ခြင်း [illegible] သတ္တိနှင့်ဖွဲ့ရှိခြင်း - Courage
(၃) မှန်ကန်သောဆုံးဖြတ်ချက်ချခြင်း - Decisineness
(၄) တိုက်တွန်းနှိုးဆော်နိုင်သောစွမ်းပကားရှိခြင်း - Persuasiveness
(၅) နှိမ့်ချမှုရှိသူ - Humility
(၆) မိမိပါဝင်လုပ်ဆောင်ရတဲ့ကဏ္ဍမှာ ကျွမ်းကျင်မှုရှိခြင်း - Confidence
(၇) ကိုယ်ရည်ကိုယ်သွေးကောင်းခြင်း - Personality . . . စတာတွေပါ။

ပညတ်တရားတော်မှာ ဘုရားကိုအကြွင်းမဲ့ချစ်ပြီး ကိုယ်နဲ့စပ်ဆိုင်သူကို ကိုယ်နဲ့အမျှချစ်ဖို့ပါ။ အရည်အချင်းဆိုတာ သူတို့ရဲ့လုပ်ဆောင်ချက်တွေပါ။ လုပ်ဆောင်ချက်ဆိုတာ ချစ်ခြင်းမေတ္တာ ကလာတယ်လို့ သဘောရပါတယ်။

**၄။ အသင်းတော်ဟာ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်ဖို့ဆိုတာရှိပါတယ်။ သို့သော် လက်ရှိအခြေအနေ မှာ အခြားသာသနာပိုင်ချုပ်နယ်များရဲ့ ပံ့ပိုးကူညီမှုကို အလွန်ရယူနေရပါတယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သောအသင်းတော်ဖြစ်လာဖို့ ဘယ်လိုအားထုတ်လုပ်ဆောင်လာရပါမလဲခင်ဗျား?**

Interview

# ဆရာတော်စီးဟဲနှင့် တွေ့ဆုံစကားပြောခြင်း

မိမိအင်အား မိမိမှာသာရှိပါတယ်။ ဘုရားရှင်က ဖွံ့ဖြိုးလာအောင် ကျေးဇူးတော်တွေနဲ့ ပံ့ပိုးကောင်းချီးပေးထားပြီးသားပါ။ ကိုယ့်ခြေပေါ်ကိုယ်ရပ်ချင်တဲ့ **ဆန္ဒ** ရှိရင်ပြီးတာပါပဲ။ ဒီလို **စိတ်ဓာတ်** မျိုးရှိလာအောင်နည်းလမ်းရှာပြီး လုပ်ကြတာပေါ့။





**၅။ အင်္ဂလိကန်အသင်းတော်ဟာအနောက်တိုင်းဆန်တယ် လို့ ပြောကြပါတယ်။ မြန်မာ့ယဉ်ကျေးမှုထဲမှာ မြန်မာပီသသော၊ မြန်မာဆန်သောအသင်းတော်ဖြစ်လာဖို့ လိုအပ်ပါသလား၊ ဘယ်လိုဖြစ်လာသင့်ပါသလဲခင်ဗျား?**

ထာဝရဘုရားကိုယုံကြည်ခြင်းဟာ တစ်ပါးတည်းပါ။ ကျင့်သုံးမှုမှာတော့ ကိုယ့်ယဉ်ကျေးမှုနဲ့ရေခံမြေခံဖြစ်ဖို့တော့ လိုတာပေါ့။ ကိုယ့်ယဉ်ကျေးမှုကဘာလဲဆိုတာ အသေအချာမသိဘဲနဲ့တော့ ပြုပြင်ပြောင်းလဲမှုမစဉ်းစားနဲ့ဦး။ ဘာသာရေးဟာ ထာဝရကိစ္စဖြစ်တာကြောင့် တစ်ချက်မမှားသင့်ပါဘူး။

**၆။ Church Music မှာ ကျွမ်းကျင်ပြောင်မြောက်သူတစ်ဦး အနေနဲ့ လက်ရှိအသင်းတော်ရဲ့ဓမ္မတေးဂီတအပေါ် သုံးသပ်ချက်နဲ့ အနာဂတ်ရူပါရုံတို့ကိုသိပါရစေခင်ဗျား?**

ကျွမ်းကျင်ပြောင်မြောက်သူမဟုတ်ပါဘူး။ အခြေခံလောက်ပါ။ အနူတောမှာလူချောတော့ဖြစ်ချင်ဖြစ်မှာပေါ့။ အသင်းတော်ရဲ့ဝတ်ပြုကိုးကွယ်ခြင်းနဲ့ သာသနာပြုလုပ်ငန်းမှာ ဓမ္မသီချင်း၊ တေးဂီတဟာ အရေးကြီးကြောင်း သိလာကတည်းက အသင်းတော်တိုင်းမှာ ဓမ္မသီချင်းစာအုပ်မှာရှိတဲ့ သီချင်းအားလုံးနဲ့ ဂုဏ်တော်ကိုချီးမွမ်းနိုင်ဖို့ သံစုံသီချင်းများနဲ့ ချီးမွမ်းသက်သေခံကြဖို့ ဘုရားကျောင်းတိုင်းမှာ စန္ဒယား၊ အော်ဂင်၊ ဂစ်တာ၊ တူရိယာစုံနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုကျူးဧနိုင်ကြဖို့ ဆန္ဒရှိပြီးသားပါ။

**၇။ ဆရာအနေနဲ့ ကျန်ရှိတဲ့ဘဝအသက်တာကို ဘယ်လိုအသုံးချဖို့ကြံရွယ်ပြင်ဆင်ထားပါသလဲခင်ဗျား?**

ကြွေးမြီကင်းမဲ့သောအသက်တာ၊ အကူအညီလိုအပ်သူကို ကူညီမပေးနိုင်ရသောအသက်တာ၊ အသင်းတော်မှာ အစေခံသောအမှုတော်ဆောင်များကို ပြုစုပျိုးထောင်နိုင်ရသောအသက်တာမျိုးဖြစ်အောင် ဆုတောင်းရင်းအားထုတ်သွားမှာပါ။

မိဘမဲ့ကလေးတွေ၊ အသိမိတ်ဆွေတွေ၊ ကျေးဇူးပြုခဲ့သူတွေ စုံညီစွာနဲ့ တို့ရဲ့စည်ကားသိုက်မြိုက်စွာနဲ့ မိတ်သဟာယဖွဲ့ပြီး ဂုဏ်တော်ချီးမွမ်းကြတာကိုဘဲ ရလိုပါတယ်။

**၈။ ဆရာရဲ့ အဆင့်ဆင့်ဖြတ်သန်းလာခဲ့ရတဲ့ ဘဝအတွေ့အကြုံအပေါ်အခြေခံပြီး ဒီနေ့လူငယ်တွေကို မှာကြားပြောချင်တာတွေကိုသိပါရစေခင်ဗျား?**

(၁) အမှုတော်ဆောင်ဖို့ဆုံးဖြတ်ပြီးဆိုရင် ရာနှုန်းပြည့်သာပေးဆက်ပါ။

(၂) ဘုရားအတွက် ပထမ၊ အခြားသူအတွက် ဒုတိယနှင့် မိမိအတွက်နောက်ဆုံးမှာထားပါ။ နောင်တစ်ချိန်မှာ ခြေရာကျန်ရစ်အောင် အားထုတ်ပါ။


(၃) ဘုရားကို ကြောက်ချစ်ရိုသေပါ။ သစ္စာရှိပါ။ သင်ပေးရင် တတ်အောင်ကြိုးစားပါ။ အမြင်ကျယ်ပါ။

(၄) တိုးတက်မှုအတွက် အခွင့်အရေးကိုအမြဲရှာပါ။

(၅) မိမိရဲ့အခြေအနေမှန်ကို အမြဲသုံးသပ်ပါ။ မှားနေတာတွေ့ရင် ရဲရဲပြင်ပါ။ မှန်တာတွေ့ရင် ဒီထက်ကောင်းအောင်ကြိုးစားပါ။

**လက်ရှိတာဝန်ယူနေသော သာသနာပြုလုပ်ငန်းနှင့် ပါဝင်နေသော သာသနာအဖွဲ့အစည်းများ**

၁။ တာဝန်ခံ (National Director)
မြန်မာခရစ်တော်အတွက်လူငယ်
(Myanmar Youth for Christ)
၂။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်
ဗဟိုအမှုဆောင်ကော်မတီအဖွဲ့ဝင်
၃။ ရန်ကုန်သာသနာပိုင်နယ် ဗဟိုအမှုဆောင်ကော်မတီနဲ့ စီမံရေးဘဏ္ဍာရေးကော်မတီအဖွဲ့ဝင်
၄။ ရန်ကုန်သာသနာပိုင်နယ် ရှေ့လုပ်ငန်းကော်မတီ သဘာပတိ
၅။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်
၆။ MIT ကျောင်းဆောင်သစ်တည်ဆောက်ရေး ဘဏ္ဍာရှာကြံရေးကော်မတီအဖွဲ့ဝင်
၇။ ခေါင်းဆောင်သင်တန်း အမျိုးမျိုး၌ "ခရစ်ယာန်ခေါင်းဆောင်နှင့်အုပ်ချုပ်စီမံရေး" ဘာသာရပ်ကိုသင်ကြားပို့ချပေးလျက်ရှိသည်။
၈။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၌ ခရစ်ယာန်ခေါင်းဆောင်နှင့်အုပ်ချုပ်စီမံရေးဘာသာရပ်ကို သင်ကြားပို့ချပေးသည်။
၉။ သန့်ရှင်းသောကားတိုင်အသင်းတော်ကော်မတီအဖွဲ့ဝင်




ကျွန်တော် စိတ်ဝင်စားမိတဲ့ဖြစ်ရပ်တစ်ခုရှိပါတယ်။ ခမ္မသစ်ခေတ် တမန်တော်ကြီးရှင်ပေါလု မမျှော်လင့်ပဲ ဂရိလူမျိုးတွေရဲ့မြို့တော် 'အေသင်' ကိုရောက်သွားတဲ့အကြောင်းပါ။ ရှင်ပေါလုရဲ့ အေသင်မြို့မှာ လှုပ်ရှားဟောပြောခဲ့ခြင်းကို ဓမ္မပညာရှင်တွေက Paul's Sermon on Mars' Hill လို့ ရေးသားမှတ်တမ်းတင်ထားကြပါတယ်။ မား (စ်) လို့ခေါ်တဲ့ တောင်ကုန်းပေါ်မှာဟောပြောခဲ့သောရှင်ပေါလု၏တရား လို့နားလည်ရပါတယ်။ သာမန်အားဖြင့်တော့ ရှင်ပေါလုတရားဟောတာ ဘာများဆန်းသလဲလို့ မေးစရာရှိတာပေါ့။ ကျွန်တော့်ရဲ့အမြင်က အေသင်မြို့ဟာသာမန်မြို့မဟုတ်ဘူး။ ပညာရှိတွေ၊ ဘာသာရေးသမားတွေအများကြီးရှိတဲ့မြို့ဖြစ်နေတယ်။ မြို့သားတွေက စာတတ်ပေတတ်တွေဖြစ်တယ်ဆိုတာပါပဲ။

အေသင်မြို့ဟာ ဒီနေ့မှာတော့ ဂရိနိုင်ငံရဲ့မြို့တော်ဖြစ်သလို ရှေးယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းထားတဲ့မြို့လည်းဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ လူပြောအများဆုံး 'ဒီမိုကရေစီ' ဆိုတဲ့ ဝေါဟာရကလည်း အေသင်မြို့ကထွက်လာပါသတဲ့။ 'အိုလံပစ်' အားကစားပွဲကလည်း အေသင်မြို့ကပဲ စခဲ့တာဖြစ်ပါတယ်။ အေသင်မြို့ဟာ ကမ္ဘာ့သမိုင်းခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ရပါတယ်။ ဒဏ်ရာတွေအများကြီး ရှိခဲ့ဘူးတဲ့မြို့လို့ ပြောနိုင်မယ်ထင်တယ်။ ကျွန်တော် အဓိက စိတ်ဝင်စားရတာက ဓမ္မသစ်ခေတ်ကာလအချိန်က အေသင်မြို့ဖြစ်ပေမယ့် အေသင်မြို့ရဲ့ဖြစ်ပေါ်လာပုံနဲ့ မြို့ရဲ့ပုံသဏ္ဌာန်ကိုလည်းတင်ပြဖို့ လိုပါလိမ့်မည်။

အေသင်မြို့ရဲ့တည်နေရာက မြေထဲပင်လယ် အာတိကကျွန်းဆွယ်ရဲ့ တောင်ဖက်စွန်းမှာတည်ရှိပါတယ်။ အေဂျီယန်ပင်လယ်က အရှေ့ဖက်မှာရှိတယ်။ ပတ်ပတ်လည်မှာ ပင်လယ်တွေပဲရှိပြီး ကုန်းပေါ်မှာတော့ တောင်ထူထပ်တယ်။ အေဂျီယန်ဆောင်တွေနဲ့ပင်လယ်ကွေ့တွေလည်း ကမ်းရိုးတန်းတစ်လျှောက် ပေါ်များပါသေးတယ်။ ကျွန်းတွေကလည်း အများကြီးပဲတဲ့။ ကျောက်တစ်ကျွန်းနဲ့တစ်ကျွန်းက ကပ်နေကြတယ်။ ဒီတော့ ဂရိတွေအတွက် ရေကြောင်းသွားလာရေးက အဓိက ဖြစ်သွားတာပေါ့။



မြေထဲပင်လယ်အနားသတ်ရပ်ဝန်းကဒေသတွေဟာ မျှတတဲ့ ရာသီဥတုကိုရရှိပါတယ်။ စိုက်ပျိုးလို့ လည်း ကောင်းကြတယ်။ ရာသီဥတုကလည်းမျှ၊ ပင်လယ်ပြာပြာကြီးနဲ့လည်းနီးဆိုတော့ ဂရိလူမျိုးတွေဟာ စွန့်စားလိုစိတ်၊ တီထွင်လိုစိတ်တွေရှိခဲ့ကြပါတယ်။

"အေသင်" ဆိုတဲ့ နာမည်ရရှိလာပုံကလည်း စိတ်ဝင်စားစရာပါ။ ဂရိလူမျိုးတွေဟာ နတ်ကိုးကွယ်မှုပြုသူတွေဖြစ်ကြတယ်။ နတ်ကိုးကွယ်တယ်ဆိုတာနဲ့ အရိုင်းအစိုင်းလို့မထင်ပါနဲ့။ ဂရိနတ်တွေဟာ ဂရိလူမျိုးတွေရဲ့ဘဝနဲ့ ရောနှောဆက်စပ်နေတယ်။ ရှေးဂရိစာဆိုကြီး 'ဟိုးမား' ရေးသားခဲ့တဲ့ 'အီလျှဒ်နဲ့ဩဒစ္ဆေ' ကဗျာရှည်ကြီးထဲမှာ ဂရိနတ်တွေနဲ့ လူသားတွေအကြောင်းပါဝင်ပါတယ်။ အေသင်မြို့ကလည်း နတ်တွေပေးထားတဲ့နာမည်ပါ။ တစ်ခါမှာတော့ ဂရိနတ်တွေက စည်းဝေးကြသတဲ့။ ဂရိလူမျိုးတွေရဲ့မြို့တော်ကို ဘာနာမည်ပေးကြမလဲဆိုပြီး ရွေးချယ်ကြပါတယ်။ နတ်အများကြီးထဲကတန်ခိုးကြီးတဲ့ ပင်လယ်စောင့်နတ် 'ပိုဆီဒုံ' နဲ့ ဉာဏ်ပညာနတ်သမီး 'အေသီနာ' တို့ နှစ်ယောက်ကိုရွေးပြီး ဂရိလူမျိုးတွေအတွက်အဖိုးထိုက်တဲ့အရာကို ဖန်ဆင်းကြပါ။ ဖန်ဆင်းပေးနိုင်သူရဲ့နာမည်ကို ရွေးမယ်လို့ ဆုံးဖြတ်ကြတယ်။


'ပိုဆီဒုံ' က မြင်းကိုဖန်ဆင်းပေးတယ်။ ဂရိတွေသုံးဖို့ပေါ့။ 'အေသီနာ' ကတော့ သံလွင်ပင်ကို ဖန်ဆင်းပေးတယ်။ နတ်တွေက 'အေသီနာ' ဖန်ဆင်းပေးတဲ့ သံလွင်ပင်ဟာ ပိုပြီးအဖိုးထိုက်တန်ပါတယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒီတော့ ဂရိတွေရဲ့မြို့တော်ဟာ အေသီနာရဲ့နာမည် "အေသင်" ဖြစ်သွားရပါတော့တယ်။ 'အေသီနာ' ကလည်း မြို့ကိုစောင့်ရှောက်တဲ့နတ်သမီးဖြစ်သွားတာပေါ့။ သံလွင်ပင်ကို ဘာကြောင့်အဖိုးတန်တယ်ဆိုပြီး သတ်မှတ်သလဲ။ ကျွန်တော်တို့အနေနဲ့ ထူးဆန်းသလိုဖြစ်နေတယ်။

သံလွင်ပင်နဲ့ ဂရိလူမျိုးတွေရဲ့ဘဝက ဆက်စပ်နေတာကိုး။ ဂရိတွေက သံလွင်ဆီကိုလိမ်းတယ်။ သံလွင်သီးကို စားကြတယ်။ သံလွင်ရွက်ကိုတော့ အိုလံပစ်ကစားပွဲမှာ အောင်နိုင်သူကို သရဖူလုပ်ပေးပြီး ဆောင်းပေးကြပါတယ်။ ဂရိတွေက ကစားပွဲမှာနိုင်တဲ့သူကို ငွေကြေးနဲ့ဂုဏ်မပြုကြဘူး။ ငွေကြေးနဲ့ အောင်မြင်မှုကိုမတိုင်းတာသင့်ဘူးလို့ ခံယူထားကြပါတယ်။ 'အေသီနာ' နတ်သမီးရဲ့ရုပ်တုကို ထုလုပ်တဲ့အခါမှာ လက်ထဲမှာသံလွင်ခက်ကိုင်ထားတဲ့ပုံကို ထုကြပါသေးတယ်။

အေသင်မြို့ကို ဘယ်တုန်းက စတည်သလဲဆိုတာ မခန့်မှန်းနိုင်ကြပါဘူး။ ဂရိလူမျိုးတွေရဲ့အကြောင်းကို လေ့လာရာမှာလည်း ဘီစီ ၁၉၀၀ လောက်က အကြောင်းတွေကိုပဲ သိရှိကြပါသေးတယ်။ အေသင်ကို ကုန်းမြင့်တစ်ခုပေါ်မှာ စတည်ခဲ့ပါတယ်။ အေခရိုပိုလစ်လို့ခေါ်တဲ့ တောင်ကုန်းပါ။ အဓိပ္ပာယ်က "မြင့်မားသောမြို့" ဖြစ်ပါတယ်။ အေသင်ဟာ နိုင်ငံငယ်တစ်ခုပါ။ သူတို့ရှေးဂရိတွေဟာ လူမျိုးချင်းတူပေမယ့် ကိုယ့်မြို့ကို မြို့ပြနိုင်ငံငယ်လုပ်ပြီး သပ်သပ်စီနေကြပါတယ်။ တစ်မြို့နဲ့တစ်မြို့ကလည်း မတည့်ကြဘူး။ ဒါကြောင့်မို့ ဂရိတွေဟာ ရောမအင်ပါယာလက်ထဲကျသွားရတယ် ထင်ပါတယ်။

အေသင်မြို့ဟာ ယဉ်ကျေးမှုအနုပညာမြို့တော်ကြီးပါ။ အေခရိုပိုလစ်တောင်ပေါ်မှာ အင်မတန်ခန်းနားတဲ့ ပါသီနွန် နတ်ကျောင်းတော်ကြီးရှိပါတယ်။ အေသီနာနတ်သမီးရဲ့ ကျောင်းတော်ကြီးပေါ့။ အေသင်မြို့ကို အဝေးကလှမ်းကြည့်ရင် ကျောင်းတော်ကြီးကို ထင်ရှားစွာတွေ့နိုင်ပါတယ်။ ထင်ရှားတဲ့နတ်ဗိမာန်တစ်ခုကတော့ ဇုနတ်မင်းကြီးရဲ့ ဗိမာန်ပါပဲ။ မူလအဆောက်အဦးမှာ လုံးပတ်ထောက်တိုင်ကြီး (၁၀၄) တိုင်ရှိပါတယ်။ တိုင်တစ်လုံးစီတိုင်းဟာ (၅၆ ပေ) မြင့်ပါတယ်။ အခုအချိန်မှာတော့ (၁၆) တိုင်ပဲကျန်ပါတော့တယ်။ ရှေးအေသင်မှာ တက္ကသိုလ်ကျောင်းတွေ စပေါ်ခဲ့ပါတယ်။ တွေးခေါ်မှုပညာရှင်ဆိုကရေးတီးက "အကယ်ဒမီ" ဆိုတဲ့ ကျောင်းကိုတည်ထောင်တယ်။ အရစ္စတိုတယ်ဆိုတဲ့ တွေးခေါ်ပညာရှင်က "လိုင်စီယမ်" ကျောင်းကိုတည်ခဲ့ပါတယ်။

အေသင်မြို့သားတွေက မြို့တည်ဆောက်မှုကိုစနစ်တကျလုပ်ခဲ့ကြပါတယ်။ ဈေး၊ ရုံး၊ လူနေအိမ်တွေကို သူ့နေရာနဲ့သူတည်ဆောက်ခဲ့ပါတယ်။ထူးခြားတာက မြို့ရဲ့အရပ်လေးမျက်နှာတိုင်းမှာ နတ်စင်တွေ၊ ယဇ်ပုလ္လင်တွေ၊ နတ်ကျောင်းတွေနဲ့ ပြည့်နေတယ်လို့ဆိုပါတယ်။ အေသင်တွေဟာ အနုပညာမှာထွန်းပြောင်ခဲ့ကြတာမို့ သူတို့ရဲ့ဇာတ်ရုံတွေဟာလည်း အံ့မခန်းစရာပါပဲ။ ဒိုင်နီးစပ်ဆိုတဲ့ပြဇာတ်ရုံကြီးဟာ လူတစ်သောင်းခွဲဆန့်တယ်။ ထိုင်ခုံတွေက နောက်မှီမပါတဲ့ ကျောက်သားခုံတွေ၊ ပြဇာတ်ကသူတွေက အောက်ဆုံးမြေကွက်လပ်မှာကပြကြရတယ်။ ပွဲကြည့်သူတွေက ကွင်းကိုရံပြီး အဆင့်ဆင့်



ဦးဟူမြင်း (မြစ်ကြီးနား)

# နာမတော်သည် "ငါ...ဖြစ်၏"

"ထိုသခင်၏ နာမတော်မှတစ်ပါး၊ ငါတို့ကိုကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင် ..."

နိဒါန်းကျမ်းချက်။ ။ ငါတို့အဖို့ သူငယ်ကိုဖွားမြင်၏။ . . နာမတော်မူကား အံ့သြဘွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောသခင်၊ . . ငြိမ်သက်ခြင်းအရှင်ဟု ခေါ် ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။ (ဟေရှာယ ၉း၆)

ထွက်မြောက်ရာကျမ်းတွင် ဘုရားသခင်က မောရှေအား ဣသရေလလူတို့ကို ပြန်ပြောစေရန်၊ မိမိ၏နာမတော်သည် "ငါဖြစ်သည့်အတိုင်း ငါဖြစ်၏" ဟုမိန့်တော်မူခဲ့သည်။

ရှင်ယောဟန်၏ ဧဝံဂေလိကျမ်းတွင် ခရစ်တော်ယေရှုကလည်း "ငါ . . ဖြစ်၏" ဟူသောနာမတော်ကို ခုနစ်ကြိမ်ပုံဆောင်၍ ဖော်ပြခဲ့သည်။

၁။ ငါသည် အသက်မုန့်ဖြစ်၏။ (ယောဟန် ၆း၃၅)
၂။ ငါသည် လောကအလင်းဖြစ်၏။ (၉း၅)
၃။ ငါသည် ကောင်းသောသိုးထိန်းဖြစ်၏။ (၁၀း၁၁)
၄။ ငါသည် တံခါးဝဖြစ်၏။ (၁၀း၉)
၅။ ငါသည် ထမြောက်ခြင်းဖြစ်၏။ (၁၁း၉)
၆။ ငါသည် စပျစ်နွယ်ဖြစ်၏။ (၁၅း၁)
၇။ ငါသည် လမ်းဖြစ်၏။ (၁၄း၆)

ခရစ်တော်ကိုညွှန်းဆိုသောနာမတော်များစွာရှိပါသည်။ အာလဖ၊ ဩမေဃ (အဦးဆုံးသောသူ၊ နောက်ဆုံးသောသူ) (ဗျာ ၁း၈၊ ၂း၈) ဧမာနွေလ (အတူရှိတော်မူသောဘုရားသခင်) (မဿဲ ၁း၂၃) ဘုရင်တို့၏ဘုရင် (ဗျာ ၁၇း၁၄)၊ တရားတော်နေမင်း (မာလခိ ၄း၂)၊ နှုတ်ကပတ်တော် (ယော ၁း၁)၊ အသင်းတော်ဦးခေါင်း (ကောလော ၁း၁၈)၊ ဆုကျေးဇူးတော် (၂ကော ၉း၁၅)။ ရှာရုန်နှင်းဆီပွင့် (ရှောလမုန်သီချင်း ၂း၁) . . . ဟူသော နာမတော်များသည် ထူးခြားလှပလေသည်။

ထိုနာမတော်များစွာတွင် ယေရှုခရစ်တော်ကိုယ်တိုင်ပုံဆောင်ဖော်ညွှန်းခဲ့သော နာမတော် (၇) ခွန်းမှာ အထူးခြားဆုံး၊ အလေးနက်ဆုံးနာမတော်များ ဖြစ်ပါသည်။

## နာမတော် (၁) အသက်မုန့် (The Bread of life)

ရှင်ယောဟန်ကျမ်းတွင်ဖော်ပြသော နာမတော် (၇) ခွန်းအနက်၊ "အသက်မုန့်" သည် ပထမဆုံးသော နာမတော်ဖြစ်သည်။

"ငါသည် အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တစ်ဖန်အဆာအမွတ်မခံရ။" (ယောဟန် ၆း၃၅)

ကိုယ်တော်ရှင်ဆောင်ရွက်တော်မူခဲ့သော အမှုတော်ကဏ္ဍသဘောကို နာမတော်တစ်ခုစီဖြင့် ရည်ညွှန်းဖော်ပြခဲ့ပါသည်။ "အသက်မုန့်" ဟူသော နာမတော်အားဖြင့် ခရစ်တော်သည် ထာဝရအသက်ကိုရစေသော ဝိညာဏအစာဖြစ်ခြင်းကို ပုံဆောင်သည်။

"ငါသည် ကောင်းကင်မှ ဆင်းသက်သော အသက်မုန့် ဖြစ်၏။ ဤမုန့်ကိုစားသောသူမည်သည်ကား အစဉ်မပြတ် အသက်ရှင်လိမ့်မည်။" (ယော ၆း၅၁)

## နာမတော် (၂) လောကအလင်း (The light of the world)

"ငါသည် ဤလောက၌ရှိစဉ်တွင် ဤလောက၏အလင်းဖြစ်၏။" (ယော ၉း၅) အမိဝမ်းတွင်းကပင် မျက်စိကန်းသောသူအား ကိုယ်တော်ရှင်သည် သူ၏မျက်စေ့ကို ရွှံ့ဖြင့်လူး၍ ရှိလောင်ရေကန်၌သွား၍ ဆေးစေရာ မျက်စိပြန်မြင်ခဲ့လေသည်။

"မျက်စိမမြင်သောသူသည် မြင်စေခြင်းငှာ၊ . . ငါသည် ဤလောကသို့ရောက်လာပြီ" ဟု ယေရှုမိန့်တော်မူခဲ့သည်။ (ယော ၉း၃၉)

"နှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏။" (ယော ၁း၄)

## နာမတော် (၃) တံခါးဝ (The Gate)

ငါသည် တံခါးဝဖြစ်၏။ ငါဖြင့် ဝင်သောသူသည် ဘေးနှင့်ကင်းလွတ်လျက် ထွက်ဝင်၍ ကျက်စားရာကိုတွေ့လိမ့်မည်။ (ယော ၁၀း၉)

ခရစ်တော်အားဖြင့် ဝင်သောသူတို့သည် အသက်ရှင်ခြင်းသို့ရောက်၍ ထိုသူတို့သည် ကြွယ်ဝသောထာဝရအသက်တာကိုရမည်။ ခရစ်တော်သည် ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောတံခါးဝဖြစ်သည်ဟု ပုံဆောင်ထားပါသည်။

"ထိုသခင်၏ နာမတော်မှတစ်ပါး၊ ငါတို့ကိုကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ် မရှိချေ။" (တမန် ၄း၁၂)

## နာမတော် (၄) ကောင်းသောသိုးထိန်း (The good shephard)

"ငါသည် ကောင်းသောသိုးထိန်းဖြစ်၏။ ကောင်းသောသိုးထိန်းသည် သိုးတို့အဖို့အလို့ငှါ မိမိအသက်ကိုစွန့်တတ်၏။" (ယော ၁၀း၁၁)

ခရစ်တော်သည် မိမိနာမတော်ကို "ကောင်းသောသိုးထိန်း" အဖြစ်ပုံဆောင်ရာ၌ သူ့အားယုံကြည်သူတို့၏ လမ်းမှားခဲ့သောအဖြစ်ကို ကားတိုင်တွင် အသက်စွန့်တော်မူခြင်းဖြင့် ပျောက်သောသိုးတို့ကို ရှာဖွေကယ်တင်ခဲ့သည် . . ဟု ရည်ညွှန်းပါသည်။

"ဘုရားသခင်သည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ။ စိမ်းလန်းသောကျက်စားရာအရပ်၌ ငါ့ကို အိပ်စေတော်မူ၏။ သာယာသောမြစ်နားသို့ လမ်းပြတော်မူ၏။" ဟု ဆာလံကလည်း ဖော်ညွှန်းပါသည်။ (ဆာ ၂၃း၁)

**“အပြန်ခရီးသည်**
**မိမိနေအိမ်သို့ဦးတည်နေလျှင်၊**
**အဘယ်သူသည်**
**ထိုခရီးကို စိတ်ပျက်နိုင်အံ့နည်း”**

နာမတော် (၅) ထမြောက်ခြင်းအကြောင်း
**(The Resurection)**

“ငါသည် ထမြောက်ခြင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ (ယော ၁၁း၂၅)

သေခြင်းတရားသည် ဝမ်းနည်းစိတ်ပျက်ဖွယ် အဆုံးသတ်ခြင်းမဟုတ်။ စင်စစ် သေခြင်းဟူသည် ထာဝရအသက်သို့ကူးသော ယုံကြည်သူတို့၏ထမြောက်ခြင်းသာ ဖြစ်သည်။

“သေခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်မည်” ဟုဆိုသည်ကား ထမြောက်သော ယုံကြည်သူတို့၏ ထာဝရအသက်ကိုရခြင်းအကြောင်း ဖြစ်လေသည်။

“ကိုယ်သည် စိုက်သောအခါ ပုပ်တတ်သောသဘောရှိ၏။ (ထမြောက်သောအခါ) မပုပ်နိုင်သောအဖြစ်၌တည်၏။
(၁ကော ၁၅း၄၂)

နာမတော် (၆) စပျစ်နွယ် **(The Vine)**

“ငါသည် မှန်သော စပျစ်နွယ်ပင် ဖြစ်၏။ ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့်ဖြစ်တော်မူ၏။”
(ယော ၁၅း၁)

ခရစ်တော်သည် မိမိနာမတော်ကို စပျစ်နွယ်နှင့် ပုံဆောင်ဖော်ပြပြီး၊ ယုံကြည်သူတို့အား စပျစ်အခက်များဖြစ်ကြောင်း ဖော်ပြခဲ့သည်။

“စပျစ်နွယ်” ၌တည်သော အခက်တို့သည် များစွာသောအသီးတို့ကို သီးစေသကဲ့သို့ ခရစ်တော်၌တည်သောသူတို့သည် ထာဝရအသက်တည်းဟူသောအသီးကို သီးပွင့်နိုင်ကြမည်။ အသက်ရှင်ခြင်း၏ အရင်းမူလအကြောင်းတရား (The source of life) ဟူမူကား ခရစ်တော် စပျစ်နွယ်ဖြစ်ပါသည်။

မှန်သောစပျစ်နွယ်၌ များစွာသောအသီးတို့သီးပွင့်ရခြင်းအကြောင်းကား ခမည်းတော်ဘုရားသခင်ကိုယ်တိုင် ဥယျာဉ်စောင့်ဖြစ်တော်မူသောကြောင့်တည်း။

နာမတော် (၇) လမ်းခရီး **(The Way)**

တပည့်တော် သောမက “သခင်၊ ကိုယ်တော်သည် အဘယ်အရပ်သို့သွားတော်မူသည်ကို အကျွန်ုပ်တို့ မသိသည်ဖြစ်၍ လမ်းခရီးကို အဘယ်သို့သိနိုင်ပါမည်နည်း” ဟုလျှောက်ထားရာ . . .

ယေရှုက “ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံမရောက်ရ” ဟုမိန့်တော်မူခဲ့သည်။
(ယော ၁၄း၆)

ယုံကြည်သူတို့၏ အသက်တာအဆုံး၌ အိမ်အပြန်လမ်းခရီးမှာ အားတက်နှစ်လိုဖွယ်ရာဖြစ်ပါသည်။ အဖအိမ်တော် (ကောင်းကင်ဘုံ၌) နေစရာအခန်းများစွာ ဖွဲ့စည်းထားကြောင်း ကိုယ်တော်ရှင် မိန့်ကြားထားပါသည်။

“လမ်းခရီး” ၏နှစ်သက်ဖွယ်ကောင်းပုံကို ဓမ္မပညာရှင် James M.Gray ကဖော်ကျူးရာတွင် . . “အပြန်ခရီးသည် မိမိနေအိမ်သို့ဦးတည်နေလျှင်၊ အဘယ်သူသည် ထိုခရီးကို စိတ်ပျက်နိုင်အံ့နည်း” ဟုဆိုထားပါ၏။

“ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ . . သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်။” (ယော ၁၄း၃) ခရစ်တော်၏နာမတော်သည် “လမ်းခရီး” ဖြစ်လေသည်။

နိဂုံးကျမ်းချက်။ ။(ငါဖြစ်သည့်အတိုင်းငါဖြစ်၏ ဟူ၍လည်းကောင်း၊ “ငါဖြစ်သည်” ဟုအမည်ရှိသောသူသည် ငါ့ကိုသင်တို့ရှိရာသို့ စေလွှတ်တော်မူပြီ။) (ထွက် ၃း၁၄)

ဦးယုမင်း
(မြစ်ကြီးနား)






# သောင်ပြင်၌ခြေရာများကိုထင်ရစ်ခဲ့စေသူ
သို့မဟုတ်
# DRUMMER စန်းချိုလင်း

◆ ဇာတိ၊ လက်ရှိဘယ်မှာနေထိုင်ပါသလဲ။

➲ ဇာတိ - ရန်ကုန်မြို့
လက်ရှိနေထိုင် - ၉/၉က၊ ပိတောက်ရိပ်မြိမ် (၃) ရပ်ကွက် မရမ်းကုန်းမြို့နယ်။

◆ ပထမဦးဆုံး မည်သည့်အသင်းတော်၌ပါဝင်ခဲ့ပါသလဲ? အများဆုံးပါဝင်လှုပ်ရှားခဲ့သောအသင်းတော်။

➲ ကျွန်တော် လူငယ်အမှုတော်ဆောင်လုပ်ငန်းကို စတင်ပါဝင်ခဲ့တဲ့အသင်းတော်ဟာ အင်းစိန်ခရစ်တော်ဘွဲ့နာမခံ အင်္ဂလိကန်အသင်းတော်ဖြစ်ပါတယ်။ အများဆုံးပါဝင်လှုပ်ရှားခဲ့တာလည်း ဒီအသင်းတော်ပဲဖြစ်ပါတယ်။

◆ ဂီတသည် ကိုစန်းကို မည်သည့်အရွယ်မှစ၍ လွှမ်းမိုးခဲ့ပါသလဲ?

➲ ဂီတကို ငယ်စဉ်ကတည်းက ဝါသနာပါခဲ့တာပါ။

◆ ဂစ်တာတစ်လက်ကို ပထမဦးဆုံး ဘယ်အချိန်လောက်မှာ ပိုင်ဆိုင်ခဲ့ပါသလဲ? (အမျိုးအစားသိလျှင်)

➲ ဂစ်တာတစ်လက်ကို (၈) တန်းအောင်ပြီးတဲ့အချိန် ၁၉၇၅ ခုနှစ်မှာ ပထမဆုံး စတင်ပိုင်ဆိုင်ခဲ့ပါတယ်။ ဂစ်တာတီးဖို့ တိုက်တွန်းအားပေးခဲ့သူတစ်ဦးဖြစ်တဲ့ ဦးလေးဖြစ်သူ ဦးဝိုင်မျိုးဆွေ (ကွယ်လွန်) က လိုက်ပြီးဝယ်ပေးခဲ့တာပါ။

◆ Drum အပေါ် ဘယ်အချိန်လောက်မှာ စိတ်ဝင်စားခဲ့သလဲ? ဘယ်အချိန်လောက်မှာ စ၍လေ့ကျင့်ခဲ့ပါသလဲ?

➲ Drums ကို ဂစ်တာစတီးပြီး မကြာခင်မှာ စိတ်ဝင်စားခဲ့တာပါ။ (၁၀) တန်း ၁၉၇၅-၇၆ မှစပြီး အိမ်မှာရှိတဲ့ စက္ကူပုံးတွေ၊ ရှိတဲ့ပစ္စည်းတွေနဲ့စပြီး လေ့ကျင့်ခဲ့ပါတယ်။ အဲဒီခေတ်တုန်းကတော့ သီချင်းတွေကို နားထောင်ပြီး နားအကြားနဲ့ဘဲ လေ့ကျင့်ခဲ့ရပါတယ်။

◆ Drum ကို စင်မြင့်ပေါ်မှာ ဘယ်အချိန်လောက်မှာ (နေရာသိလျှင်) စတီးခတ်ခဲ့ပါသလဲ?

➲ Drums ကို ပထမဆုံး သူငယ်ချင်းတွေနဲ့ ကျောက်ကုန်း ရန်ကင်းမြို့နယ်က တန်ဆောင်တိုင်ပွဲတော်မှာ စတီးခဲ့ပါတယ်။ ရပ်ကွက်ပွဲလေးပေါ့ဗျာ။ ပိုက်ဆံတွေ ဘာတွေရဘို့ဝေးလို့ ကိုယ့်စားရိတ်နဲ့ကိုယ် တီးချင်လွန်းလို့တီးခဲ့တာပါ။

◆ ပထမဦးဆုံးတီးခတ်မှုရဲ့ရင်ခုန်သံ?

➲ အင်း . . ပထမဆုံးတီးခတ်မှုက ရင်ခုန်စရာရော၊ စိတ်ညစ်စရာရော၊ ပျော်စရာတွေရော အားလုံးပါပဲ။

◆ လေ့ကျင့်စဉ်ကာလက ကိုစန်းအပေါ်မှာ လွှမ်းမိုးခဲ့သောဂီတပညာရှင်ရှိပါသလား? ရှိလျှင်ပြောပြပါ။

➲ လွှမ်းမိုးခဲ့တဲ့ ဂီတပညာရှင် (Drummer) ပေါ့နော်။ ကိုဇော်ဝင်းရှိန်ပါပဲ၊ ကျွန်တော့်ရဲ့ မြင်ဆရာ၊ ကြားဆရာလို့ ပြောချင်ပါတယ်။

◆ Drum တစ်စုံလုံးကို ပိုင်ဆိုင်ခွင့်ရှိမယ်ဆိုရင် ဘယ်အမျိုးအစားကို ရွေးချယ်မလဲ?

➲ Drums အမျိုးအစားတွေအားလုံး သူ့ဟာနဲ့သူ ကောင်းကြတာပါပဲ။ ကျွန်တော့်အနေနဲ့တော့ "PEARL" အမျိုးအစားကိုကြိုက်ပါတယ်။

သီချင်းပိုင်းလေးကိုဆက်ကြရအောင် . . . ။

◆ ပထမဦးဆုံးသီချင်းတစ်ပုဒ်ဖြစ်လာခဲ့တဲ့ဖြစ်စဉ်လေးကို ပြောပြပါ . . (အချစ်သီချင်း (သို့) ဘုရားသီချင်း)

➲ ကျွန်တော့်ဘဝမှာ သီချင်းရေးတာနဲ့ပတ်သက်လို့ အမှန်တွေကို ရိုးရိုးသားသားပြောချင်ပါတယ်။ ကျွန်တော် ဂစ်တာတီးလို့ (၁၀) တန်းအောင်ပြီး First Year ပတ်ဝန်းကျင်လောက်မှာပဲ ဂစ်တာတီးရင်းနဲ့ သံစဉ်တွေကိုရာကြည့်နေပြီ။

စပြီးခံစားနေပြီ။ သီချင်းရေးဘို့အတွက် မသိစိတ်မှာ ပြင်ဆင်နေပြီပေါ့ဗျာ။

မှတ်မှတ်ရရ (၁၉၇၅-၇၆) မင်းသားကျော်ဟိန်းရဲ့ "ကမ္ဘာဆယ်သိန်းချစ်ပါ့မယ်" ဆိုတဲ့ ရုပ်ရှင်ကားကိုကြည့်လိုက်မိတယ်။ အဲဒါ ကျွန်တော့်ဘဝမှာ သီချင်းစရေးဘို့ ခလုပ်နှိပ်



လိုက်သလိုပါပဲ။ ကျွန်တော်ရှင်းပြပါ့မယ်။ အဲဒီဇာတ်ကားမှာ ဦးကျော်ဟိန်းက တေးရေး၊ တေးဆို၊ ဂီတသမားအနေနဲ့ သရုပ်ဆောင်ပါတယ်။ အနုပညာသမားတစ်ယောက်ရဲ့ဘဝကို ရိုက်ထားတာပါပဲ။ ဇာတ်သိမ်းက သူရေးထားတဲ့သီချင်း သူကိုယ်တိုင် Studio မှာ သီဆိုအသံသွင်းရင်း အသက်စွန့်သွားတဲ့ဇာတ်ပါပဲ။

အဓိကပြောချင်တာက ဇာတ်လမ်းမဟုတ်ပါဘူး။ ကျွန်တော့်ရဲ့သီချင်းရေးချင်တဲ့စိတ်တွေကို ဘယ်လိုမှထိန်းမရဘဲ တံခါးဖွင့်ပေးလိုက်ရတာပါပဲ။ အဲဒီနေ့က ရုပ်ရှင်ကြည့်ပြီး ပြန်လာလာခြင်း ပထမဦးဆုံး သီချင်းတစ်ပုဒ်ကို စရေးမိပါတယ်။ ဟုတ်ကဲ့ အချစ်သီချင်းလေးပါပဲ။ ကျွန်တော် သိပ်မမှတ်မိတော့ဘူး။ ပြီးတော့ အဲဒီနှစ် ဒီဇင်ဘာလကစပြီး ဘုရား



သီချင်းတွေ စရေးဖြစ်ခဲ့ပါတယ်။ ပထမဦးဆုံးရေးတဲ့သီချင်းက "ဓမ္မာနွေလ" ပါ။

◆ ရေးစပ်ခဲ့သောသီချင်း (အချစ်+ဘုရားသီချင်း) ခန့်မှန်းသိရင်ပြောပြပါ။

၁ ရေးခဲ့တဲ့ ဘုရားသီချင်း၊ အချစ်သီချင်းအားလုံးတော့ မမှတ်မိတော့ပါဘူး။ ခန့်မှန်း (၁၀၀) ပတ်ဝန်းကျင်လောက်





တော့ ရှိမယ်ထင်တယ်။ တစ်ချို့ဘုရားသီချင်းတွေဆိုရင် လှုငယ်သင်တန်းတွေ၊ နှိုးနှောဖလှယ်ပွဲတွေမှာ လိုအပ်လို့ တစ်ခါထဲရေး၊ တစ်ခါထဲသင်၊ ပြီးတော့ ကျွန်တော့်မှာ 'လက်ခံ' မရှိတော့လို့ မေ့နေတဲ့သီချင်းတွေလည်း အများကြီးရှိပါတယ်။

◆ 'ဘဝရဲ့သင်ခန်းစာ' ဆိုတဲ့ သီချင်းလေးဟာ ကိုစန်းရဲ့ ဂီတအသွေးအသားထဲကိုဘယ်လိုစတင်ဝင်ရောက်ခဲ့ပါသလဲ? ဘယ်လိုခံစားချက်ကြောင့် စပ်ခဲ့ပါသလဲ?

၁ "ဘဝရဲ့သင်ခန်းစာ" ဒီသီချင်းလေးနဲ့ပတ်သက်လို့ ကျွန်တော့်ရင်ထဲ ပထမဆုံးပြောချင်တာကတော့ သီချင်း နာမည်ပါပဲ။ ဒီသီချင်းနာမည်အရင်းက "သင်ခန်းစာ" ပါပဲ။



"ဘဝ" ဆိုတာ နောက်ပိုင်းမှာ ဘယ်သူက ဖြည့်စွက်လိုက်သလဲ တော့မသိဘူး၊ ထားလိုက်ပါတော့။

ဒီသီချင်းနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် အင်္ဂလိကန်အသင်းတော်ရဲ့ဓမ္မပြဇာတ်အခန်းကဏ္ဍကို ထည့်မပြောလို့ မဖြစ်ပါဘူး။အင်္ဂလိကန်အသင်းတော်ရဲ့ဓမ္မပြဇာတ်အကြောင်း ပြောရရင် ဆရာဦးအောင်လှထွန်းအကြောင်း မပါလို့မဖြစ်ပါဘူး။

ဆရာဦးအောင်လှထွန်းဟာ ကျွန်တော့်ရဲ့ဓမ္မတေးတွေနဲ့ အမှုတော်ဆောင်ဆက်ကပ်တဲ့အပိုင်းမှာ ကျွန်တော့်ကို မြေတောင်မြှောက် အားပေးခဲ့တဲ့၊ လက်တွဲခေါ်ခဲ့တဲ့၊ ကျွန်တော် ဘယ်တော့မှ မမေ့နိုင်တဲ့ ကျေးဇူးရှင်ဆရာပါပဲ။

ဒီ "သင်ခန်းစာ" သီချင်းလေးစတင်ခဲ့တဲ့ဖြစ်စဉ်

၁၉၈၁-၈၂ မှာ "လက်ဆောင်မွန်" ဆိုတဲ့ ဓမ္မပြဇာတ်ကပြဘို့ စီစဉ်ပါတယ်။ တစ်ခုသောညနေခင်းမှာ ဆရာဦးအောင်လှထွန်းခေါ်လို့ သူ့အိမ်ကို ကျွန်တော်သွားခဲ့ပါတယ်။ အဲဒီနေ့ညနေမှာပဲ ဒီ "သင်ခန်းစာ" ဆိုတဲ့ သီချင်းလေးရဲ့အကြောင်းအရာကို ဆရာက ကျွန်တော့်ကိုပြောပြပြီး သီချင်းရေးခိုင်းပါတယ်။ "လက်ဆောင်မွန်" ဓမ္မပြဇာတ်ရဲ့ ဇာတ်ဝင်ခန်းမှာ သုံးဖို့ဖြစ်ပါတယ်။

ဒီသီချင်းလေးဟာ အဲဒီနှစ်မှာ ဘုရားရှင် ကျွန်တော့်ကိုပေးခဲ့တဲ့ "လက်ဆောင်မွန်" တစ်ခုပါပဲ။

ဒီသီချင်းလေးရဲ့အကြောင်းအရာကို ဘုရားရှင်က ဆရာဦးအောင်လှထွန်းကနေတစ်ဆင့် ကျွန်တော့်ကိုပြောပြခဲ့ပေးခဲ့တာပါ။ ဘုရားရှင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဆရာရဲ့ကျေးဇူးကိုလည်း အမြဲအမှတ်ရနေမယ်ဆိုတာ ဒီကနေ ပြောချင်ပါတယ်။

◆ ဒီသီချင်းလေးဟာ လူငယ်တွေရဲ့နှလုံးသားပေါ်မှာ ခြေရာတွေ ထင်ကျန်ရစ်ခဲ့ပါတယ်။ ပထမဦးဆုံးအဆိုရှင်၊ နောက်ဘယ်သူတွေ ထပ်ဆိုဖြစ်ပါသလဲ။

➲ ဒီသီချင်းရဲ့ ပထမဦးဆုံးအဆိုရှင်ကတော့ "ကလိုမူး" ပါဘဲ။ နောက်ပိုင်း "ကိုအောင်ပန်း" သီဆိုခဲ့ပါတယ်။ ဒီဖက်ခေတ်လူငယ်တွေက "ကိုအောင်ပန်း" သီဆိုတာကို လူသိပိုများပါတယ်။

◆ ဘယ်ဂီတအမျိုးအစားကို ခုံခုံမင်မင်ဖြစ်ပါသလဲ။

➲ နိုင်ငံခြားက ကျွန်တော်ဖတ်ဘူးတဲ့ ဂီတပညာရှင်တစ်ယောက်ပြောတာ သတိရမိတယ်။ "ဂီတလောကမှာ ပျော်စရာရော၊ စိတ်ညစ်စရာရော တွေ့ခဲ့တယ်။ POP, ROCK, COUNTRY, DISCO, TECHNO, HIP HOP, R & B အစရှိသဖြင့်ပေါ့ဗျာ၊ ကိုယ်ကြိုက်တာကိုယ်မတီးရဘူး။ ခင်ဗျားတီးတော့ တီးနေရမှာပဲ။ ဂီတကို ခင်တွယ်မှုသည်သာ အဓိကပါပဲ"

◆ မြန်မာပြည်မှာ ဘယ် Drummer အကြိုက်ဆုံးလဲ။

➲ အားလုံးကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ ကိုဇော်ဝင်းရှိန်ကိုကြိုက်ပါတယ်။

◆ နိုင်ငံခြားက ဘယ် Drummer အကြိုက်ဆုံးလဲ?

➲ အားလုံးကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ "DEEP PURPLE" အဖွဲ့က "IRAN PIECE" ကို ကြိုက်ပါတယ်။

◆ ဂီတသမားတွေမှာ စည်းစနစ်နဲ့အချိန်ဆိုတာ အရေးပါသလား၊ ပြောပြပါ။

➲ လောကမှာ ဘယ်အလုပ်မဆို စည်းစနစ်ရှိသင့်သလို လူတိုင်းအတွက် အချိန်ဆိုတာလဲ အရေးကြီးပါတယ်။

◆ ကိုစန်းတစ်ယောက်တည်းနဲ့ ဂီတလောကကို လျှောက်လှမ်းရင်း . . လက်တွဲဖော် ပါရမီဖြည့်ဖက်ကို ဘယ်နှစ်ခုနှစ်မှာရရှိခဲ့သလဲ။

➲ ကျွန်တော့်ဇနီး မငြိမ်း (အင်္ဂလန်စိန် (ခ) ငြိမ်းငြိမ်းအိ) ကို ဘဝခရီးလက်တွဲဖော်အဖြစ် ၁၉၈၆ ခုနှစ် ဒီဇင်ဘာ (၂၅) ရက်၊ ခရစ္စမတ်နေ့၊ မြိတ်မြို့မှာ စတင်ရရှိခဲ့ပါတယ်။ မှတ်မှတ်ရရ ခရစ္စမတ်နေ့ပေါ့ဗျာ။ ၁၉၉၃ ခုနှစ် ဒီဇင်ဘာ (၃) ရက်နေ့မှာ မင်္ဂလာဆောင်ခဲ့ပါတယ်။ ဒါလည်း ကျွန်တော့်ဘဝမှာ ဘုရားပေးတဲ့ "လက်ဆောင်မွန်" တစ်ခုပါပဲ။

◆ နှစ်ဦးနှစ်ဖက် အနုပညာခရီးမှာ ရင်ခုန်သံတွေတူရဲ့လား။

➲ အနုပညာခရီးတင်မက ဘဝခရီးမှာပါ ရင်ခုန်သံတွေ တူကြောင်းပါဗျာ။

◆ လူငယ်များအတွက် ကိုစန်းရဲ့စကား၊ လူငယ်အတွက် စိတ်ကူးအစီအစဉ်။

➲ ကျွန်တော့်စိတ်ကူးထဲမှာ အဖြစ်ချင်ဆုံးတစ်ခုကတော့ ကျွန်တော်ရေးခဲ့တဲ့ သီချင်းတွေကို မှတ်တမ်းအနေနဲ့ Record လုပ်ပြီး ပြန်လည်စုစည်းထားဘို့ပါပဲ။ သီချင်းတွေက တော်တော်များတော့ အချိန်တော့ပေးရမယ်။ ဘုရားရှင် တစ်ချိန်တော့ လုပ်နိုင်ခွင့်ပေးမယ်လို့ယုံကြည်ပါတယ်။

◆ ဘုရားရှင်နဲ့ ကိုစန်းကိုယ်တိုင်ကိုယ်ကျ ဆုံတွေ့ရပြီဆိုပါစို့.. ကိုစန်း ဘာစကားတစ်ခွန်းပြောမလဲ။

➲ ဘုရားရှင်ရဲ့ဘုန်းတော်ကိုချီးမွမ်းတဲ့ သီချင်းလေးတစ်ပုဒ် သီဆိုချင်ပါတယ်။□







# အင်္ဂလိကန်တို့၏ဝိညာဉ်ရေး



ဝိညာဉ်ရေး (Spirituality) ဆိုသည်မှာ အဘယ်နည်း။ အချို့က ဝိညာဉ်ရေးဆိုသည်မှာ အသင်းတော်၌ကျွန်ုပ်တို့ပြုမူဆောင်ရွက်ကြသောကိစ္စများဖြစ်သည် ဟုဆိုသည်။ အချို့က ဘာသာတရား ရှိသေကိုင်းရှိုင်းမှုဟု ဆိုသည်။ အချို့ကမူ လူမှုအဖွဲ့အစည်းအတွင်း တရားမျှတမှုနှင့် ငြိမ်းချမ်းမှု ပေါ်ပေါက်လာရေးအတွက် လုပ်ဆောင်သည့်ကိစ္စဖြစ်သည် ဟုဆိုပါသည်။

အမှန်တွင် "ဝိညာဉ်ရေး" ဆိုသည်မှာ အထက်ပါတို့ထက် ပို၍ကျယ်ပြန့်ပါသည်။ လေးနက်ပါသည်။ ထို့အတူ လူတစ်ဦးအား ဝိညာဉ်ရေးရှိ၊ မရှိ၊ ဝိညာဉ်ရေးအားကြီး၊ မကြီး သတ်မှတ်ရန်ခက်ပါသည်။ ငယ်စဉ်ကဖတ်ခဲ့ရသော "ပုံဂ်ဈေး" ပုံပြင်ထဲမှ "ရှိ၍မရှိသူ" နှင့် "မရှိ၍ရှိသူ" တို့ကဲ့သို့တစ်ခါတစ်ရံ ဖြစ်နေတတ်သောကြောင့်ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ "လူအများစုက ဝိညာဉ်ရေးဆိုသည်မှာ တစ်ဦးချင်းနှင့်များစွာသက်ဆိုင်သောကိစ္စဖြစ်ပြီး အခြားသူများက စီရင်ဆုံးဖြတ်ပေးနိုင်သောအရာမဟုတ်ဟု နားလည်ထားကြပါသည်။"

## အင်္ဂလိကန်တို့၏ဝိညာဉ်ရေး

"ဝိညာဉ်ရေး" ဟူသောဝေါဟာရကို သာမာန်လွယ်ကူစွာနားလည်နိုင်သောစကားဖြင့်ပြောရလျှင် "မိမိတို့သက်ဝင်ယုံကြည်သော ဘာသာတရား၏သွန်သင်ဆုံးမမှုအတိုင်း စည်းကမ်းတကျ လက်တွေ့ကျင့်စောင့်ဆောက်တည်ခြင်း" ဟုဆိုနိုင်ပါသည်။ ထို့ကြောင့် အင်္ဂလိကန်တို့၏ဝိညာဉ်ရေး (Anglican Spirituality) ဆိုသည်မှာ အင်္ဂလိကန်တို့၏ သွန်သင်ဆုံးမမှုအတိုင်း စည်းကမ်းတကျ ကျင့်စောင့်ဆောက်တည်ခြင်း ဟုဆိုရပါမည်။

ဝီလျံစတက်ဖို့ (William Statford) က အင်္ဂလိကန်တို့၏ဝိညာဉ်ရေးဆိုသည်မှာ အင်္ဂလိကန်တစ်ဦး၏နည်းလမ်းဖြင့် ဘုရားသခင်နှင့်ဆက်သွယ်အသက်ရှင်ပုံ ဖြစ်သည်ဟုဆိုပါသည်။ (Anglican Spirituality as how one lives towards God in an Anglican way.)[၂] အင်္ဂလိကန်တို့၏ "ဝိညာဉ်အသက်တာ" တည်ဆောက်ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အကျဉ်းမျှတင်ပြအပ်ပါသည်။

### နှုတ်ကပတ်တော်သမ္မာကျမ်းစာ

အင်္ဂလိကန်တို့၏ ဝိညာဉ်ရေးအသက်တာတွင် "စံ" အဖြစ်သတ်မှတ်ကြသည်မှာ "နှုတ်ကပတ်တော်သမ္မာကျမ်းစာ" ဖြစ်သည်။ ၎င်းမှာ ယုဒထုံးစံလည်းဖြစ်ပါသည်။ ယုဒလူမျိုးတို့သည် ထာဝရဘုရား၏ပညတ်တော်ကို ဆင်ခြင်အောက်မေ့လျက် မိမိတို့၏အသက်တာကို ကြီးထွားရှင်သန်စေကြောင်း ဆာလံဆရာက မကြာခဏဖော်ပြပါသည်။ ထိုသို့ ပညတ်တော်တို့ကို ဆင်ခြင်နှလုံးသွင်းခြင်း၊ နှုတ်ကပတ်တော်ကိုခံယူခြင်းနှင့် လူတို့အားပြန်လည်ဟောပြောသွန်သင်ခြင်းအားဖြင့် ယုဒလူမျိုးတို့သည် ၎င်းတို့၏ဝိညာဉ်ရေးအသက်တာ (တစ်နည်း) ဘုရားရှင်နှင့် ဆက်သွယ်အသက်ရှင်သောဘဝကို တည်ဆောက်ကြပါသည်။[၃]

ထာဝရဘုရား၏နှုတ်ကပတ်တော်သည် အသက်ရှင်

ချုပ်တည်းခြင်းစသော စစ်မှန်သည့် ဝိညာဉ်ရေးအရည်အချင်းတို့မှာ မှေးမှိန်လာခဲ့ပါသည်။

ထို့ကြောင့် အထက်ပါအချက်ကြီး (၂) ချက်ကို မြင်တွေ့သတိပြုနိုင်မှသာ ဝိညာဉ်ရေးရာကျဆုံးမှုမဖြစ်စေမှာ ဖြစ်ပါသည်။ အမှန်စင်စစ် ဝိညာဉ်ရေးဆိုသည်မှာ သဏ္ဍာန်မဲ့ ကြံစည်စိတ်ကူးမှုသက်သက်မဟုတ်ဘဲ နေ့စဉ်အသက်ရှင်ခြင်း အထဲ၌ နေရာတိုင်း၊ အခြေအနေတိုင်းအတွက် လက်တွေ့ သက်ဝင်လှုပ်ရှားနေသောအရာပင်ဖြစ်ပါသည်။

နိဂုံး

အချုပ်အားဖြင့်ဆိုရသော် အင်္ဂလီကန်တို့၏ဝိညာဉ်ရေးအခြေခံမှာ မိမိတို့၏ လွန်ကျူးမှားယွင်းခဲ့မှုများအတွက် နောင်တရှိခြင်း၊ မိမိအသက်တာ၏ မစုံလင်မှုများအတွက် ပွဲကြေမွသောစိတ်ရှိခြင်း၊ ဘုရားသခင်နှင့် လူသားအချင်းချင်းကို ကိုယ်နှင့်အမျှချစ်ခြင်းမေတ္တာထားခြင်း၊ အငယ်ဆုံးသူတို့ အတွက် အစေခံဝန်ထမ်းခြင်း၊ ခရစ်တော်အားဖြင့်ဖြစ်သော ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ဝေမျှသက်သေခံခြင်း၊ ကောင်းသောဘဏ္ဍာစိုးအဖြစ် ဘုရားသခင်၏ဖန်ဆင်းခြင်း လက်ရာတော်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ပင်ဖြစ်ပါသည်။

ထိုမှ ဆက်၍စဉ်းစားကြည့်လျှင် ကျွန်ုပ်တို့၏ဝိညာဉ်ရေးသည် မိမိတို့၏ကိုယ်ကျိုးစီးပွားကိုဦးစားပေးသော ဝိညာဉ်ရေးမဟုတ်ဘဲ ဘုရားသခင်နှင့် လူသားတို့၏လိုအပ်မှုများကို အစေခံသောဝိညာဉ်ရေးဖြစ်ရန် လိုအပ်ကြောင်းမြင်တွေ့ရပါသည်။

အမှန်စင်စစ် ဝိညာဉ်ရေးအသက်တာဆိုသည်မှာ ဆိုင်မြင်တိုက်လှန်နေရသောအသက်တာလည်းဖြစ်ပါသည်။ သတ်မှတ်ထားသော ပန်းတိုင်သို့ရောက်ရှိပြည့်မီအောင် စဉ်ဆက်နှင့်အမျှ အားထုတ်ရပါသည်။ ခရစ်တော်အားဖြင့် ကျေးဇူးတရားကို ရယူရုံမျှသာမက ကျေးဇူးသိသောစိတ်ဖြင့် အသက်ရှင်နေခြင်းပဲဖြစ်ပါသည်။ ရှင်ပေါလု၏စကားနှင့် အဆုံးသတ်လိုပါ သည်။

"ညီအစ်ကိုတို့၊ ငါကိုင်မိပြီဟု ကိုယ်ကိုကိုယ်မထင်သော်လည်း၊ ငါပြုသောအမှုတစ်ခုဟူမူကား၊ နောက်ကျသောအရာတို့ကို မမှတ်ဘဲ၊ ရှေ့၌ရှိသောအရာတို့ ကို ကမ်းလှမ်း၍ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့်ဆိုင်သော ဆုကိုရခြင်းငှာ ပန်းတိုင်သို့ ငါလိုက်ပြေး၏။ ထို့ကြောင့် စုံလင်သောသူရှိသမျှတို့သည် ဤသို့သော သဘောကို စွဲလမ်းရကြမည်။"[၁၄]

ဆလိုင်းအိုက်ဇက် (မိုးကောင်း)

၁။ Robert E.Webber; Cammon Roots: A call to Evangelical Maturity. (Grand Rapids; Zondervan, 1978). p: 219.

၂။ Adrian Chatfield; Something in Common: An introduction to the principles and practices of world-wide Anglicanism. (Notting ham: St John's, 1998) p: 158.

၃။ John Martin ; Gospel people: Evangelicals and the future Anglicanism. (London: SPCK 1997) p: 158.

၄။ John Booty; The Christ we know: The roots of Anglican Spirituality. (Cambridge: Cowky publication 1987) p: 49.

၅။ John martin p: 158

၆။ ဘုန်းတော်ကြီးစတီဖင်သန်းမြင့်ဦး။ "ဝိညာဉ်ရေး" တတမ်း။ ရန်ကုန် ၂၀၀၀။ ၈၁-၃။

၇။ Stephen Sykes and John Booty (eds) : The Study of Anglicanism. (London: SPCK 1993). p: 175

၈။ John Booty p: 62.

၉။ Ibid

၁၀။ အင်္ဂလီကန်အခြေခံသင်ကြားချက်အမှတ် (၂၅)

၁၁။ G.R.Evans and J.Robert Wright (eds): The Anglican Tradition. (London: SPCK 1991) p: 527


၁၂။ ယခင် SPG သာသနာပြုနယ်များ၌ Ligh Church ကျင့်သုံးမှုရှိပြီး၊ ယခင် BCMS သာသနာနယ်များ၌ Low Church ကျင့်သုံးမှုရှိပါသည်။

၁၃။ Robert E. Webber; pp: 219-222.

၁၄။ ဖိလိပ္ပိ ၃း၁၃-၁၅ (ခ)။







# ခရစ်ယာန်ကိုယ်ကျင့်တရားနှင့် ဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်ရေး

ဘုန်းတော်ကြီး စတီဖင်သန်းမြင့်ဦး

၁။ ကိုယ်ကျင့်တရားဆိုသည်မှာ

ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမှုများပြားစွာရှိသော်လည်း၊ အတိုဆုံးနှင့် အရှင်းဆုံးအဓိပ္ပာယ်မှာ "ကိုယ်ကျင့်တရားဆိုသည်မှာ ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့်ပြုမူ ပြောဆို ကြံစည်ခြင်းကိုခေါ်ပါသည်။" ကိုယ်ကျင့်တရားမကောင်းခြင်းဆိုသည်မှာ သူတစ်ထူးကို သတ်ခြင်း၊ ရိုက်နှက်ခြင်း စသည့် ကိုယ်၏အပြုအမူ၊ သူတစ်ထူးကို မုသာပြောခြင်း၊ ဆဲရေးခြင်း စသည့်နှုတ်အပြုအမူ၊ သူတစ်ထူးအား မကောင်းကြံစည်ခြင်း၊ စိတ်ဖြင့်ပြစ်မှားခြင်း စသည့် စိတ်အပြုအမူတို့ပါဝင်သည်။ ထို့ကြောင့် ကိုယ်ကျင့်တရား၌ စိတ်ဆန္ဒပိုင်း၊ အပြောအဆိုပိုင်း၊ ကိုယ်အပြုအမူပိုင်းဟူ၍ အပိုင်းသုံးပိုင်းပါဝင်သည်။ ကိုယ်ကျင့်တရားကောင်းခြင်းဆိုရာ၌ ထိုအပိုင်းသုံးပိုင်းစလုံး ကောင်းဖို့လိုအပ်ပါသည်။

# မြက်ခင်းစိမ်းစိမ်းပေါ်မှ လူငယ်လေးတစ်ဦး



ကမ္ဘာပေါ်တွင် စိတ်ဝင်စားမှုအရှိဆုံး၊ လွှမ်းမိုးမှုအရှိဆုံးအရာကိုပြပါဆိုလျှင် မြက်ခင်းစိမ်းစိမ်းပေါ်မှာ လူ (၂၂) ယောက်မှ လှုပ်ရှားနေသော ဘောလုံးတစ်လုံးကို လုကန်နေသောမြင်ကွင်းသာ ဖြစ်ပေသည်။

ဒါကြောင့် မြက်ခင်းစိမ်းစိမ်းပေါ်မှ လူငယ်လေးတစ်ဦးနှင့် ကျွန်တော်တွေ့ဆုံမိခဲ့ရာ . . .

◆ အမည်အရင်း ပြောပြပေးပါဦး ?

➲ စောနေမင်းထွန်း

◆ မိဘတွေကရော ?

➲ ဦးစောကော်ဇေးဟဲ၊ ဒေါ်နော်ဘီထူး

◆ မိခင်အသင်းတော် ?

➲ ဗတ္တိဇံဆရာ ရှင်ယောဟန်အသင်းတော် (တောင်ဥ)

◆ ယခုလက်ရှိ ကစားနေတဲ့ကလပ်နဲ့ ကစားတဲ့နေရာ ?

➲ သစ်တောရေးရာဝန်ကြီးဌာနဖြစ်ပြီး Left wing နဲ့ Left Back ဖြစ်ပါတယ်။

◆ ဘောလုံးကို ဘယ်အရွယ်က စကစားပြီး ဖြတ်သန်းခဲ့တဲ့ခရီးကိုဖော်ပြပေးပါဦး ?

➲ ဘောလုံးကို မူလတန်းကျောင်းသားဘဝကတည်းက ကစားခဲ့ပါတယ်။ ၁၉၉၄ခုနှစ် ကျောင်းသားအားကစားပွဲတော် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှစတင်ပြီး ပဲခူးတိုင်းကို ကိုယ်စားပြုပါဝင်ခဲ့ပါတယ်။ (၄၃) ကြိမ်၊ (၄၄) ကြိမ်၊ (၄၅) ကြိမ်၊ (၄၆) ကြိမ်မြောက်ပြည်နယ်နှင့်တိုင်း အလွတ်တန်းဘောလုံးပြိုင်ပွဲများမှာ ပဲခူးတိုင်းကိုကိုယ်စားပြုကစားခဲ့ပါတယ်။ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြိုင်ပွဲများမှာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကို ကိုယ်စားပြုပါဝင်ကစားခဲ့ဖူးပါတယ်။ တစ်ခြားဖိတ်ခေါ် အလွတ်တန်းပြိုင်ပွဲများလည်း ကစားခဲ့ဖူးပါတယ်။ ၂၀၀၀ခုနှစ်၊ ဖေဖော်ဝါရီလတွင် အဆင့်မြင့်တန်း သစ်တောရေးရာဝန်ကြီးဌာနဘောလုံးအသင်းမှ ခေါ်ယူကစားခဲ့ခြင်းခံရပြီး လက်ရှိ သစ်တောရေးရာမှာ ကစားလျက်ရှိပါတယ်။







◆ အသင်းတော်မှာ ဘယ်ကဏ္ဍက ပါဝင်ဆပ်ကပ်ပါသလဲ ?

➲ လူငယ်များနဲ့လက်တွဲပြီး လှုပ်ရှားပါဝင်ပါတယ်။

◆ အခက်အခဲ ပြဿနာကြုံရင် ဘယ်လိုဖြေရှင်းပါသလဲ?

➲ ယေရှုခရစ်တော်ကိုတိုင်တည်ပြီး ဆုတောင်းခြင်းအားဖြင့် အရာရာကိုအောင်မြင်ကျော်လွှားလာတာ ယနေ့အထိပါပဲ။

◆ ဘုရားသခင်အပေါ် ဘယ်လိုမြင်ပါသလဲ ?

➲ အသက်ရှင်တဲ့ဘုရား၊ အကြွင်းမဲ့ယုံကြည်ကိုးစားတယ်။

◆ အချစ်ဆိုတာ ဘယ်လိုနားလည်သလဲ ?

➲ မခံစားတတ်သေးဘူး . . ဟဲ ဟဲ

◆ သကြိုက်နှစ်သက်ဆုံး ကျမ်းချက်လည်းပြောပြပေးပါဦး ?

➲ ရောမ ၁၂း၂၁ . . . အဆိုးအားဖြင့် အရှုံးမခံနှင့်၊ အကောင်းအားဖြင့် အဆိုးကိုနိုင်လော့။

◆ အနာဂတ်ရည်မှန်းချက် ?

➲ အရွယ်ရှိတုန်း နိုင်ငံကိုယ်စားပြုလက်ရွေးစင်ဖြစ်ဖို့နဲ့ သူတစ်ပါးအလယ် ခရစ်ယာန်ကောင်းတစ်ယောက်ဖြစ်ဖို့ပါပဲ။

◆ ဆက်သွယ်ချင်ရင် ?

➲ တိုက် (၁၆)၊ အခန်း (၁၀၃)၊
အေးရိပ်မွန်အိမ်ရာ၊
ရပ်ကွက် (၄)၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။

◆ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ကျွန်တော်လည်း မြက်ခင်းစိမ်းစိမ်းလေးပေါ်မှ လူငယ်များဟာ သူတို့ရဲ့အနာဂတ်ပေါင်းများစွာကို ရှင်သန်အောင် ကြိုးစားနေဦးမယ်ဆိုတာ တွေးရင်းပြန်ခဲ့ပါတယ်။

shalom

# ဝမ်းမြောက်ဖွယ်သတင်းကောင်းနှင့် အသက်တာသစ်



၁။ နိဒါန်း

ဝမ်းမြောက်ဖွယ်သတင်းကောင်းကို လက်ခံရရှိထိန်းသိမ်းစောင့်ရှောက်ကြသော ယုံကြည်သူခရစ်ယာန်တိုင်းသည် အသက်တာသစ်၌ အစဉ်အမြဲအသက်ရှင်ခြင်းကိုပြုကြ၏။ မိမိတို့ရရှိထားသော ဝမ်းမြောက်ဖွယ်သတင်းကောင်းသည် အခြား သူများအား အစဉ်တစိုက် ဝေမျှသက်သေခံ၏။ မိမိတို့သည် အမှန်တကယ်ပင် ဝမ်းမြောက်ဖွယ်သတင်းကောင်းကိုလည်း ရရှိထားသူ၊ မိမိတို့ကြေငြာပြောကြားသည့်သတင်းစကားသည် အမှန်တကယ်ပင် ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ကြားသိမြင် တွေ့ရသူများက ယုံကြည်လက်ခံလာနိုင်ရန် လက်တွေ့အသက်ရှင်ပြ၏။ ဤသို့ လက်တွေ့ပြသ၍အသက်တာသစ်၌ အစဉ်တစိုက် နေထိုင်ပြသသက်သေထူခြင်းသည် အလွန်ထိရောက်၏။ ဤသို့ လက်တွေ့ပြသသက်သေထူခြင်းပြုမှသာလျှင် လည်း မိမိတို့ကြေငြာပြောကြားသော ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ကြားနာသူ၊ မြင်တွေ့သူများက စိတ်ဝင်စားပြီး အလေးအနက်ထားစဉ်းစားလာကာ ယုံကြည်ခြင်းသို့ရောက်ကြမည်ဖြစ်၏။

၂။ အသက်တာသစ်နှင့် အသက်တာဟောင်း

အသက်တာသစ်ဆိုသည်မှာ ခရစ်တော်ယေရှုကို ယုံကြည်ကိုးစား၍ မိမိအသက်တာအား ကိုယ်တော်ရှင်ထံ၌ ယုံကြည်စွာအပ်နှံခြင်းအားဖြင့် ဓာတိပကတိကစိုးမိုးခဲ့သော၊ ရုပ်လောက၏သွေးဆောင်မှုအမျိုးမျိုးတို့ကစိုးမိုးခဲ့သော အသက်တာဟောင်းကိုစွန့်၍ သန့်ရှင်းသောဝိညာဉ်တော်နှင့် ဆဲကြောခြင်းကိုခံယူပြီး ဘုရားသခင်၏အလိုတော်၊ သခင်ယေရှုခရစ်၏သွန်သင်ချက်၊ သမ္မာကျမ်းစာ၏ လမ်းညွှန်ချက်များနှင့်အညီ အသက်ရှင်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် ရှင်ပေါလုက "လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ" (၂ကော ၅း၁၇) ဟုမိန့်ဆိုခဲ့၏။

အသက်တာဟောင်းဆိုသည်မှာ ဓာတိပကတိအကျင့်များက လွှမ်းမိုးသောအသက်တာ (ဂလာတိ ၅း၁၉)၊ ကိုယ်ကာယတတ်မက်ခြင်းအမျိုးမျိုးနောက်သို့ လိုက်စားသောအသက်တာ၊ ဒေါသ၊ မောဟ၊ မာန်မာနတို့ဖြင့် ဖုံးလွှမ်းနေသောအသက်တာ၊ လောကီတပ်မက်ခြင်းအမျိုးမျိုးနောက်သို့ လိုက်သောအသက်တာ၊ စာတန်မာရ်နတ်စေစားရာနောက်သို့လိုက်သောအသက်တာဖြင့် အသက်ရှင်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် ရှင်ပေါလုက အသက်တာဟောင်းတွင် အသက်ရှင်ခဲ့သူများအား ရောမဩဝါဒစာတို့တွင် . . .

"ဓာတိပကတိ၏သဘောသည် ဘုရားသခင်၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏သဘောကို မလိုက်တတ်၊ ထိုမျှမက မလိုက်နိုင်၊ ထို့ကြောင့် ဓာတိပကတိ၌ ကျင်လည်သောသူတို့သည် (အသက်တာဟောင်း) ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်။" (ရောမ ၈း၇-၈) ဟုဖော်ပြထား၏။ ထိုနည်းတူ အသက်တာဟောင်းကိုစွန့်၍ အသက်တာသစ်၌ အသက်ရှင်သောသူများကိုမူ ရှင်ပေါလုက

"သင်တို့သည် လောကီပုံသဏ္ဌာန် မဆောင်ကြနှင့်၊ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သိနိုင်မည့်အကြောင်း စိတ်နှလုံးကိုအသစ်ပြုပြင်၍ ပုံသဏ္ဌာန်ပြောင်းလဲခြင်း (အသက်တာသစ်၌ အသက်ရှင်ခြင်း) သို့ရောက်ကြလော့" (ရောမ ၁၂း၂) . . ဟု နှိုးဆော်တိုက်တွန်းခဲ့၏။

၃။ အသက်တာသစ်နှင့် သခင်ယေရှုခရစ်

သခင်ယေရှုခရစ်သည်ဝမ်းမြောက်ဖွယ်သတင်းကောင်း၏ဗဟိုအချက်အခြာဖြစ်၏။ အသက်တာသစ်၏ ပန်းတိုင်သည် ထာဝရအသက်နှင့်ကောင်းကင်နိုင်ငံတော်ကို ရှေးရှု အသက်ရှင်ခြင်းဖြစ်၏။ ထာဝရဘုရားသခင်သည် လူသားအားလုံးကိုချစ်တော်မူသောကြောင့် လူသားများသည် အပြစ်၏ကျေးကျွန်များအဖြစ် ပျက်စီးခြင်းသို့မရောက်၊ အပြစ်နွံတွင်းမှ ကယ်တင်ခြင်းကိုရရှိပြီး ထာဝရအသက်ကိုရစေခြင်းငှာ တစ်ပါးတည်းသောသားတော်ဖြစ်သည့် သခင်ယေရှုခရစ်ကို ပေးတော်မူ၏။ (ယော ၃း၁၆)။

သခင်ယေရှုခရစ်သည် အသက်တာသစ်ကိုလျှောက်လှမ်းမည့်လမ်းညွှန်ဖြစ်၏။ ကောင်းကင်နိုင်ငံတော်သို့သွားရာလမ်းခရီးလည်းဖြစ်၏။ (ယော၁၄း၁၆)။ ထို့ကြောင့် သခင်ယေရှုခရစ်၌ယုံကြည်အားထား၍ အသက်တာသစ်၌လိုက်လျှောက်ပြီး အသက်တာကိုအပ်နှံ၍အသက်ရှင်ခြင်းအားဖြင့်သာ ကယ်တင်ခြင်းဆုကျေးဇူးကိုရနိုင်၏။ ဤသို့ ယုံကြည်အားထားသူများသည် ခရစ်တော်ယေရှု၏အလိုတော်နှင့် သွန်သင်လမ်းညွှန်ချက်များနှင့်အညီ လိုက်လျှောက်၍အသက်ရှင်ကြ၏။ ထို့ကြောင့် တမန်တော်ရှင်ယောဟန်က "ထိုသခင်၌ ငါတည်သည်ဟုဆိုသောသူသည် ထိုသခင်ကျင့်တော်မူသည့်အတိုင်း ကျင့်ရမည်။" (၁ယော ၂း၆) ဟုမိန့်ဆိုခဲ့ခြင်းဖြစ်၏။

တစ်နည်းဆိုရသော် အသက်တာသစ်၌ရှင်သန်၍ ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ကြေငြာပြောကြားမည့်သူတစ်ယောက်သည်ခရစ်တော်ကိုစံထား၍အသက်ရှင်ရမည်ဖြစ်၏။ ခရစ်တော်၏လောကအသက်တာတွင် ကျင့်သုံးလိုက်လျှောက်ခဲ့သည့်အသက်တာကို စံနမူနာထားရမည်ဖြစ်၏။ ခရစ်တော်ယေရှု၏ လောကအသက်တာတွင် (က) နှိမ့်ချခြင်း (လု ၂း၁၆၊ ဖိ ၂း၈၊ ယော ၁၃း၁၂) (ခ) နာခံခြင်း (မ ၂၆း၃၉၊ ဖိ

၂း၃-၉)၊ (ဂ) မိမိကိုယ်ကိုငြင်းပယ်ခြင်း (လု ၉း၂၃၊ မ ၈း၂၀)၊ (ဃ) ချစ်ခြင်းမေတ္တာပွားများခြင်း (ယော ၁၅း၁၃၊ လု ၇း၄၀)၊ (င) အစဉ်တစိုက်ဆုတောင်းခြင်း (ယော ၁၇၊ မ ၂၆း၃၉၊ လု ၆း၁၂-၁၃)၊ (စ) ခွင့်လွှတ်ခြင်း (ဆ) ကိုယ်ကျိုးစွန့်ခြင်း၊ (ဇ) ဒုက္ခဆင်းရဲရောက်သူများကိုကူညီခြင်း . . . စသည်တို့ကို ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်၏။

## ၄။ အသက်တာသစ်၏ အသီးအပွင့်များ

အသက်တာသစ်၌ လိုက်လျှောက်အသက်ရှင်သူတိုင်းတို့အား ကောလောသဲဩဝါဒစာတွင် ရှင်ပေါလုက . .

"လူဟောင်း၏အကျင့်နှင့်အတူ လူဟောင်း၏ကိုယ်ကို ချွတ်ပယ်၍ ဖန်ဆင်းတော်မူသောသူ၏ ပုံသဏ္ဍာန်တော်နှင့် အညီ မှန်သောပညာအားဖြင့် လူသစ်ကိုယူတင်ဝတ်ဆောင်ကြလော့။" (ကောလော ၃း၁၀) ဟုတိုက်တွန်းနှိုးဆော်ထား၏။ အသက်တာသစ်ကိုယူတင်ဝတ်ဆောင်ထားသောသူတစ်ယောက်သည် . .

(က) အမြစ်နှောင်ကြိုးမှလွတ်ခွင့်ကိုရ၍ သန့်ရှင်းသောဝိညာဉ်တော်ကိုဆာငတ်ခြင်းဖြစ်လာ၏။ (ရော ၆း၂၂)
(ခ ) ဘုရားသခင်၏စကားတော်ကိုနာခံ၍ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုကိုခံယူ၏။ (တမန် ၁၃း၂-၃)
(ဂ ) ဖြောင့်မတ်မှန်ကန်သောအသက်တာဖြင့် ဆက်လက်၍ အသက်ရှင်၏။ (၁ယော ၂း၂၉)
(ဃ) အခြားသူများအပေါ်တွင် မေတ္တာပွားများ၏။ (၁ယော ၄း၇)
(င ) အပြစ်၌ကျင်လည်ခဲ့သော အသက်တာမျိုးသို့ ပြန်မရောက်ရန် မိမိကိုယ်ကိုမိမိ ထိန်းသိမ်းစောင့်ရှောက်၏။ (၁ယော ၅း၁၈)
(စ ) လောကတတ်မက်ခြင်းအမျိုးမျိုးကို ရှုံ့ရှာစက်ဆုတ်လာ၏။ (၁ယော ၃း၉)

ထို့ကြောင့် အသက်တာသစ်၌နေထိုင်အသက်ရှင်ခြင်းအားဖြင့် အထက်ပါအတိုင်း အသီးအပွင့်များပွင့်လာခြင်းသည် ဝမ်းမြောက်ဖွယ်သတင်းကောင်းကို နှုတ်နှင့်မကြေငြာပဲ လက်တွေ့အသက်တာအားဖြင့် ကြေငြာခြင်းပင်ဖြစ်တော့၏။

## ၅။ အသက်တာသစ်၊ ဝမ်းမြောက်ဖွယ်သတင်းကောင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်

အသက်တာသစ်၌ လျှောက်လှမ်းသူများ၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်သည် အလွန်အရေးပါ၏။ ထိုနည်းတူ ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ကြေငြာပြောကြားရာတွင်လည်းသန့်ရှင်းသောဝိညာဉ်တော်မပါရှိပါက လိုအပ်သောစွမ်းအားကို မရရှိနိုင်ပေ။ ထို့ကြောင့် သခင်ယေရှုက ကောင်းကင်ဘုံသို့မတက်ကြွမီ တပည့်တော်များအား "သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ . . . မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်။" (တမန် ၁း၈) ဟုမိန့်ဆိုခဲ့ခြင်း ဖြစ်၏။

သို့သော် ယနေ့ယုံကြည်သူခရစ်ယာန်များစွာတို့သည် မိမိတို့၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော် ပါဝင်လုပ်ဆောင်မှုရှိသည်၊ မရှိသည်ကို အရေးမထားဘဲ နေတတ်ကြ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် မိမိ၏အသက်တာတွင် အရေးမကြီးဟု ယူဆသူများလည်းရှိနေ၏။ အမှန်စင်စစ်တွင်မူ သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်လမ်းပြမှုမပါရှိပါက အသက်တာသစ်ကို ရရှိနိုင်မည်မဟုတ်သကဲ့သို့ ဝမ်းမြောက်ဖွယ်သတင်းကောင်းကို လက်တွေ့သက်သေခံနိုင်မည့်စွမ်းအားသည်လည်း ရှိမည်မဟုတ်ပေ။ ထို့ကြောင့်ယုံကြည်သူများအနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို မိမိ၏စိတ်နှလုံးထဲတွင် အစဉ်ကိန်းအောင်းနေရန် ဖိတ်ခေါ်ဖို့လည်းလို၏။

## ၆။ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုနှင့် အခန်းကဏ္ဍ

ယုံကြည်သူခရစ်ယာန် တစ်ယောက်ချင်း၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်က လုပ်ဆောင်မှုများစွာတို့ကို လုပ်ဆောင်လျှကြောင်း သမ္မာကျမ်းစာထဲ၌ဖော်ပြထား၏။

ကျွန်ုပ်တို့၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော် မပါရှိပါက -

(က) ခရစ်တော်အားဖြင့်ရရှိသည့် အသက်တာသစ်နှင့် ကောင်းကင်နိုင်ငံကို ရရှိနိုင်မည်မဟုတ်ပေ။ (ယော ၃း၃-၇)



(ခ ) အသက်တာသစ်ကိုရရှိပြီးနောက် သန့်ရှင်းဖြောင့်မတ်သောအသက်တာဖြင့် အသက်ရှင်နိုင်မည်မဟုတ်ပေ။
(ဂ ) ခရစ်တော်ယေရှု၏ ဝမ်းမြောက်ဖွယ်သတင်းကောင်းကို အသက်တာအားဖြင့် သက်သေခံ၍ ကြေငြာပြောကြားရန် စွမ်းအားကိုလည်း ရရှိမည်မဟုတ်ပေ။ (တမန် ၁း၈)
(ဃ) ယုံကြည်သူများသည်လည်း ဝိညာဉ်တော်နှင့်ပြည့်ဝ၍ ရင့်ကျက်ရှင်သန်သောအသက်တာသို့ ရောက်နိုင်ကြမည်မဟုတ်ပေ။

## ၇။ ဝိညာဉ်တော်အသီးအပွင့်နှင့် ဇာတိပကတိ၏သဘောသဘာဝ

အသက်တာသစ်၌ ရှင်သန်ကြီးထွားသူများသည် ဝိညာဉ်တော်အသီးအပွင့်များဖြင့်ဝေဆာသောအသက်တာကို လိုက်လျှောက်ကြ၏။ ဤသို့ ဝိညာဉ်အသီးအပွင့်များဖြင့် ဝေဆာလာပါက ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ပြောကြားသက်သေခံခြင်းပြုရာတွင် ပို၍ထိရောက်၏။ ဇာတိပကတိ၏အမူအကျင့်များသည် အသက်တာဟောင်း၏အမူအကျင့်များဖြစ်သောကြောင့် ဝမ်းမြောက်ဖွယ်သတင်းကောင်းကိုဆန့်ကျင်သောသတင်းဆိုးကိုသာ ဖြစ်ပေါ်စေ၏။ ထို့ကြောင့် အသက်တာသစ်သို့ ရောက်ရှိပြီးသူများသည် ဤအမူအကျင့်များနောက်သို့ ပြန်၍မလိုက်ပါမိရန် မိမိကိုယ်ကို အမြဲထိန်းသိမ်းစောင့်ရှောက်နေရမည်ဖြစ်၏။ ဇာတိပကတိအကျင့်များသည် စာတန်မာရ်နတ်၏ အထက်မြက်ဆုံးသောလက်နက်များဖြစ်ကြ၏။ ထို့ကြောင့် စာတန်မာရ်နတ်သည် ဤလက်နက်များဖြင့် အသက်တာသစ်၌ ကြီးထွားရှင်သန်နေသူများအား အစဉ်တစိုက်ထိုးနှက်၍ ဝမ်းမြောက်ဖွယ်သတင်းကောင်း ကြေငြာပြောကြားခြင်းအား တားဆီးနှောက်ယှက်နေသည်ကို သတိပြုရမည်ဖြစ်၏။

### (က) ဝိညာဉ်အသီးအပွင့်နှင့် ဝေဆာသောအသက်တာသစ်

အသက်တာသစ်၌ နေထိုင်အသက်ရှင်သူများသည် အောက်ပါဝိညာဉ်တော်၏ အသီးအပွင့်များနှင့် ဝေဆာလျက်ရှိကြောင်း သမ္မာကျမ်းစာတွင်ဖော်ပြထား၏။

"စိတ်နှလုံးစင်ကြယ်ခြင်း၊ ပညာရှိခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ဝိညာဉ်တော်ကိုခံခြင်း၊ ချစ်ယောင်မဆောင် အမှန်ချစ်ခြင်း" (၂ကော ၆း၆)

"သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း" (ကောလော ၃း၁၂)

"ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူး ညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း" (ဂလာ ၅း၂၂-၂၃) တို့ဖြစ်ပေသည်။

ဝိညာဉ်အသီးအပွင့်နှင့် ဝေဆာသောအသက်တာဖြင့် နေထိုင်အသက်ရှင်သူများသည် ခရစ်တော်၌တည်သောခရစ်တော်နှင့်စပ်ဆိုင်သောသူများဖြစ်ကြ၏။ ထို့ကြောင့် ရှင်ပေါလုက ဂလာတိဩဝါဒစာတွင် . . .

"ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုလည်းကောင်း၊ ဇာတိပကတိ၏အလိုဆန္ဒများကိုလည်းကောင်း လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ။ သို့ဖြစ်၍ ငါတို့သည် ဝိညာဉ်ပကတိကြောင့်အသက်ရှင်လျှင် ဝိညာဉ်ပကတိအတိုင်း ကျင့်ကြကုန်အံ့" (ဂလာ ၅း၂၄-၂၅) ဟု ဖော်ပြထား၏။

ဤအသီးအပွင့်များသည်ပင်လျှင် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ပြောကြားရာ၌ နောက်ကွယ်မှတွန်းအားပေးသည့် အင်အားစုများဖြစ်ပေသည်။

### (ခ) ဇာတိပကတိအကျင့်

ဇာတိပကတိအကျင့်များသည်အသက်တာဟောင်း၏ အမူအကျင့်များဖြစ်၏။ ဝမ်းနည်းဖွယ်သတင်းဆိုးကို ဖြစ်ပေါ်စေသည့် အကျင့်များလည်းဖြစ်၏။ သမ္မာကျမ်းစာတွင် ဇာတိပကတိအကျင့်များနှင့်ပတ်သက်၍ နေရာများစွာတွင် ဖော်ပြထားသည်ကိုတွေ့ရ၏။ ရှင်ပေါလုက ဂလာတိဩဝါဒစာ (ဂလာ ၅း၁၉-၂၁) နှင့် ကောလောသဲဩဝါဒစာတို့တွင် ဇာတိပကတိအကျင့်များကို ဖော်ပြထား၏။

"မတရားသောမေထုန်မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊ ဆိုးညစ်သောတတ်မက်ခြင်း၊ ရုပ်တုကိုးကွယ်ခြင်း၊ လောဘလွန်ကျူးခြင်း၊ . . . အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မနာလိုခြင်း၊ သူ့အသရေပျက်အောင်ပြောဆိုခြင်း၊ ညစ်ညူးသောစကားကိုသုံးခြင်း အချင်းချင်းမုသာစကားကိုသုံးခြင်း" (ကောလော ၃း၅-၉) ဟုဖော်ပြထား၏။

ထို့ကြောင့် ဇာတိပကတိအကျင့်၌ ကျင်လည်သူများသည် အသက်တာသစ်ကို ဆုံးရှုံးမည်သာမက သတင်းဆိုးကို ကြေငြာသူများလည်းဖြစ်လာပေလိမ့်မည်။

**၈။ ရှင်သန်သောအသက်တာသစ်၌ အသက်ရှင်ခြင်း။**

အသက်တာသစ်၌ ရှင်သန်ကြီးထွားအသက်ရှင်သူတိုင်းသည် မိမိ၏အဖြစ်မှန်ကိုသိရမည်။ မိမိသည် အပြစ်သားဖြစ်ရုံမျှမက အပြစ်သားဘဝမှရုန်းထွက်နိုင်ရန် မိမိ၌စွမ်းအားမရှိသည်ကို သိနေရမည်ဖြစ်၏။ ထို့ကြောင့် ရှင်ပေါလုက "လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တွင် အသရေပျက်ကြပြီ။" (ရော ၃း၂၃) ဟု မိန့်ဆိုခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် အသက်တာသစ်၌ ရှင်သန်နိုးကြားသောအသက်တာကို တည်ဆောက်နိုင်ရန်အတွက် . . .

(၁) မိမိကိုယ်ကို မိမိအပြစ်သားတစ်ယောက်ဖြစ်မှန်းသိရမည်။
(၂) မိမိပြုခဲ့သောအပြစ်များမှ နောင်တရရမည်။
(၃) မိမိပြုခဲ့သောအပြစ်များအတွက် ဝမ်းနည်းကြေကွဲ၍ ဘုရားသခင်ထံ ဝန်ချတောင်းပန်ရမည်။
(၄) မိမိ၏အသက်တာဟောင်းကိုစွန့်၍ အသက်တာသစ်သို့ ကူးပြောင်းအသက်ရှင်ရမည်။
(၅) ပြုခဲ့သောအပြစ်များကို သန့်ရှင်းသောဝိညာဉ်တော်နှင့် ဆေးကြော၍ ဒုတိယမွေးဖွားခြင်းကို ခံယူရမည်။
(၆) မိမိ၏နှလုံးသားကို ပြုပြင်၍ သန့်ရှင်းသောဝိညာဉ်တော်ကို ဖိတ်ခေါ်ကိန်းအောင်းစေပြီး ဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာကို တည်ဆောက်ရမည်။
(၇) သမ္မာကျမ်းစာကို တတ်သိနားလည်အောင် လေ့လာမှတ်သားရုံသာမက၊ သမ္မာကျမ်းစာ၏သွန်သင်ချက်နှင့်အညီ လက်တွေ့အသက်ရှင်ခြင်းအားဖြင့် ဝိညာဉ်ရေးရာ၌ ရင့်ကျက်သောအသက်တာကို တည်ဆောက်ရမည်။
(၈) မိမိရရှိထားသောပါရမီထူးများနှင့်အညီ အသင်းတော်အတွင်း၌ စိတ်ရောကိုယ်ပါ ပါဝင်လုပ်ဆောင်၍ လူသားများအားလုံး၏ အကျိုးကိုသယ်ပိုးလုပ်ဆောင်ရမည်။
(၉) ဘုရားရှင်အား အစဉ်တစိုက်ဝတ်ပြုကိုးကွယ်၍ မိဿဟာယပြုပြီး ဆက်ဆံခြင်းပြုရမည်။
(၁၀) ဝမ်းမြောက်ဖွယ်သတင်းကောင်းကို မိမိ၏အသက်တာအားဖြင့် သက်သေခံရမည်။

**၉။ ကျောက်နှင့်လုပ်သောနှလုံးသား**

လူသားတို့၏နှလုံးသားသည် ကျောက်ကဲ့သို့မာကြောလှကြောင်း သမ္မာကျမ်းစာတွင် ဖော်ပြထား၏။ အလွယ်တကူ ပြုပြင်၍မရနိုင်သကဲ့သို့ ပြုပြင်ခြင်းကိုလည်း အလွယ်တကူမခံလိုပေ။ မိမိအတွက် မကောင်းမှန်းသိလျက်ပင် မိမိစွဲမက်သောအရာကို လက်မလွှတ်ဘဲ စွဲကိုင်ထားတတ်၏။ မိမိလုပ်ဆောင်ရမည့်တာဝန်မှန်း သိလျက်ပင် လျစ်လျူရှုထားတတ်ကြ၏။ ထို့ကြောင့် ရှင်ပေါလုက . . .

"ဘုရားသခင်ကိုသိလျက်ပင် ဘုရားသခင်ကို ချီးမွမ်းသင့်သည့်အတိုင်း မချီးမွမ်း၊ ကျေးဇူးတော်ကိုလည်းမသိမမှတ်၊ အချည်းနှီးတွေးဆခြင်း၊ သတိမရှိသော စိတ်နှလုံးမိုက်မဲခြင်းသို့ ရောက်ကြ၏" (ရော ၁း၂၁) ဟု မိန့်ကြားခဲ့ခြင်းဖြစ်၏။

**၁၀။ နှလုံးသားသစ်ဖြင့် အစားထိုးအသက်ရှင်ကြ**

ကျွန်ုပ်တို့နှလုံးသားသည် အဘယ်မျှပင် မာကျောနေသော်လည်း အသက်တာသစ်၌ အသက်ရှင်နိုင်ရန် ထာဝရဘုရားက နှလုံးသားအသစ်နှင့် အစားထိုးပေးရန် အဆင်သင့်ရှိကြောင်း ယေဇကျေလကျမ်းတွင် . . .

"ငါသည်လည်း ညီညွတ်သောစိတ်နှလုံးနှင့် အသစ်သောသဘောကို သွင်းပေးမည်။ သူတို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးသားကိုနုတ်၍ အသားနှလုံးသားကို ပေးသောကြောင့် . . . ငါ၏လူဖြစ်လိမ့်မည်။ . . . ငါသည်လည်း သူတို့၏ဘုရားသခင်ဖြစ်မည်" (ယေဇကျေလ ၁၁း၁၉-၂၀) ဟုမိန့်ဆိုခဲ့၏။

ထို့ကြောင့် အသက်တာသစ်၌ နိုးကြားရှင်သန်ကြီးထွားလိုသူများသည် မိမိတို့၏မာကျောလှသော ကျောက်နှလုံးသားများကို ဘုရားသခင်၏ကြီးမားလှသောမေတ္တာတော်ဖြင့် ပြုပြင်ထားသောနှလုံးသား၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆေးကြောသန့်စင်ထားသော အသွေးအသားနှင့် ပြုပြင်ထားသည့်နှလုံးသားသစ်ဖြင့် အစားထိုးပြီးအသက်ရှင်ကြရပေလိမ့်မည်။

ဦးအောင်လှထွန်း
သန့်ရှင်းသောကားတိုင်အသင်းတော်
(၅. ၂. ၂၀၀၀)







## (A GOOD SHEPHERD)
## ကောင်းသောသိုးထိန်းမြတ်

"ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။" (ဆာလံ ၂၃း၁)

**I. သိုးထိန်းကောင်းတစ်ဦး၏ တာဝန်ဝတ္တရားများ (ယေဇကျေလ ၃၄း၁၂-၁၆)**

(a) သိုးများကို ကောင်းသောစားကျက်၌ ခေါ်ဆောင်ကျွေးမွေးခြင်း၊
(b) ကွဲပြားနေသောသိုးတို့ကို ရှာဖွေစုစည်းစေခြင်း၊
(c) ပျောက်သောသူများကို ရှာဖွေခြင်း၊
(d) သူတစ်ပါးနှင်သောသိုးများကို ခေါ်ယူပြုစုခြင်း
(e) အရိုးကျိုးနေသောသိုးများကို အဝတ်နှင့်စည်း အနာရောဂါကိုကုသပေးခြင်းနှင့်
(f) အားနည်းသောသိုးများကို မစခြင်းတို့ဖြစ်ပါသည်။

**II. သိုးထိန်းအမှန်စင်စစ်သည် သခင်ခရစ်တော်ဖြစ်သည်၊**

"ငါသည် ကောင်းသောသိုးထိန်းဖြစ်၏၊" (ယော ၁၀း၁၄)

သခင်ခရစ်တော်သည် . . .

(a) သူတစ်ပါးနှင်သောသူများကို လိုက်၍နှစ်သိမ့်မှုပေးသည်။ (ယော ၄း၇-၂၆)
(ရှမာရိအမျိုးသမီးထံ ရေတောင်းသောက်ခြင်း။)
(b) အနာရောဂါခံစားနေရသူကို ကုသပေးသည်။ (မဿဲ ၉း၂၀-၂၂)
(တစ်ဆယ့်နှစ်နှစ်ပတ်လုံး သွေးသွန်အနာစွဲသောမိန်းမကိုကုသခြင်း)
(c) ကွဲပြားနေသောသူများကို ရှာဖွေစုစည်းစေသည်။ (ယော ၂၁း၃၂)
(d) နှလုံးကြေကွဲနေသောသူများကို သက်သာစေသောသူ (လု ၄း၁၈၊ ၁၉) . . . ဖြစ်သည်။

ထို့ကြောင့် သခင်ခရစ်တော်သည် ငါတို့အားမည်မျှချစ်တော်မူကြောင်းကို ကျွန်ုပ်နားလည်ပြီးဖြစ်ပါလိမ့်မည်။ "ကောင်းသောသိုးထိန်းသည် သိုးတို့အဖို့အလို့ငှါ မိမိအသက်ကိုစွန့်တတ်၏။" (ယော ၁၀း၁၁)။ "ငါသည် (ယေရှုသည်) ကိုယ့်အသက်ကို (သူ့အသက်ကို) သိုးတို့အဖို့အလို့ငှါ (ကျွန်ုပ်တို့အဖို့အလို့ငှါ) စွန့်၏။" (ယော ၁၀း၁၅)။

**III. စဉ်းစားရန်**


ကျွန်တော်၊ ကျွန်မသည် ကောင်းသောသိုးထိန်းမြတ်ဖြစ်သော ခရစ်တော်အား မည်ကဲ့သို့သော တုံ့ပြန်မှုဖြင့် တုံ့ပြန်နေပါသနည်း။

Salai John Ngwe Thein
Final year
H. C. T. C

# Classical Guitar

## [illegible]

ဗိုလ်မှူးချုပ် စိန်လှိုင် (ငြိမ်း)




အခုခေတ်တီးနေတဲ့ ဂစ်တာတွေမှာ electric guitar ရှိတယ်။ Steel string guitar
ရှိတယ်။ classical guitar ရှိတယ်။ သို့သော် ဂစ်တာဆိုပေမယ့် တီးပုံတီးနည်းမတူဘူး။ mu-
sic လည်းမတူဘူး။ Classical guitar ဆိုတော့ ရှေးခေတ်ကာလအဆက်ဆက်က အသုံး
ပြုလာခဲ့တဲ့ဂစ်တာဖြစ်တယ်။ တည်ဆောက်ထားတဲ့နေရာမှာ တခြားဂစ်တာ တွေနဲ့ကွာတယ်။
သံကြိုးတပ်ဂစ်တာ (steel string guitar) နဲ့ (classical guitar) ဂစ်တာ တည်ဆောက်
ထားတဲ့ပုံစံချင်းမတူဘူး။ classical guitar မှာ finger board ကကျယ်တယ်၊ ကြီးတယ်။ steel
string guitar မှာတော့ သေးတယ်။ classical guitar ရဲ့ကြိုးက သံကြိုး မဟုတ်ဘူး။
နိုင်လွန်ကြိုး၊ နိုင်လွန်ဆို တာလည်း အခုခေတ်ကျမှသုံးတာ။ ဟိုးရှေးခေတ်ကတော့ gut string
ကြောင်အူနဲ့ကျစ်ထားတဲ့ကြိုး။ အသံကလည်း မတူဘူး။ သံကြိုး steel string လို သတ္တုသံ
(metalic sound) မထွက်ဘူး။ (mellow sound) ထွက်တယ်။ အရင်တုန်းက gut string
နဲ့လုပ်ထားတုန်းကတော့ ခပ်အုပ်အုပ်ပဲထွက်တယ်။ ယခုခေတ်သုံး နိုင်လွန်ကြိုးလို
အသံမကျယ်ဘူး။

ဒီဂစ်တာရဲ့သမိုင်းကြောင်းကို ပြန်ပြီးသုတေသနလုပ်တဲ့အခါ ဒီလိုတွေ့ရတယ်။ ဒီလို
Research လုပ်တဲ့အခါ အဓိက အားကိုးရတာက Archeology ပါ။ ရှေးကပစ္စည်းပစ္စယတွေကို
ပြန်တူးဖော်ပြီး သုတေသနပြုတာပါ။ Biblical Archeology ဆိုရင် Bible နဲ့ပတ်သက်တဲ့ဟာ
တွေကို ပြန်လည်တူးဖော်ပြီး သမ္မာကျမ်းစာမှာပါတဲ့ အကြောင်းအချက်များ ကိုက်ညီမှုရှိခြင်းကို
သက်သေသာဓက ရယူခြင်းဖြစ်ပါတယ်။






ဒီဂစ်တာမှာလည်း ဘယ်ကနေလာသလဲဆိုတာ လေ့လာတဲ့အခါ hypothesis (၄)ခု ယူဆထားတယ်။ ပထမတစ်ခု က tuning ပေါ့။ ဒီတူရိယာတွေရဲ့ related tuning ပေါ့။ tuning ကိုကြည့်ပြီး တူရိယာတစ်ခုနဲ့တစ်ခုဆက်စပ်နေတာတွေကို ရှာဖွေ လေ့လာကြတာပါ။

ဒုတိယ hypothesis က ရှုပ်ထွေးမှု (complexity) ပေါ့။ တူရိယာ (instruments) တွေရဲ့ရှုပ်ထွေးနက်နဲမှုပါ။ ဥပမာပြောရရင် 'လု' (Lute) ဆိုရင် အာရပ်တွေဆီကနေ ပေါ်လာတာ ပေါ့။ အစက ၃ကြိုး ၄ကြိုး၊ အဲဒီကနေ ၁၃ကြိုး၊ ၁၄ကြိုးစသဖြင့် တဖြည်းဖြည်း ကြိုး တွေတိုးလာတယ်။ ဒီလိုကြိုးတွေတိုးလာတာနဲ့အမျှ တီးခတ်ရတာရှုပ်ထွေးမှု ပိုရှိလာတယ်။ ခက်လာတော့ လူကြိုက်များမှု (popularity) က တဖြည်းဖြည်းလျော့နည်းလာရတယ်။ သိပ် ရှုပ်ထွေးလာတော့လည်း အများစုက သိပ်မတီးနိုင်တော့ဘူး။

နောက် hypothesis က geographical ဆက်စပ်မှုပါ။ နေရာတစ်ခုနှင့်တစ်ခု ဆက် စပ်မှု။ လူတွေက တစ်နေရာ က တစ်နေရာကို ရွှေ့ပြောင်းကြတယ်။ အဲဒီလိုနဲ့ ဒီတူရိယာပစ္စည်းတွေက တစ်နေရာက တစ်နေရာရောက် သွားကြတယ်။ အဲဒီလို ပြောင်းရွှေ့လာတဲ့ လမ်းကြောင်းတွေကို ဖော်ထုတ်လေ့လာကြတယ်။



*Al-'ud (Arabic, 1270 A.D.)*

နောက် hypothesis တစ်ခုက Morphology ပါ။ သူ့ရဲ့ပုံစံ။ ဂစ်တာဟာ ဘာဖြစ်လို့ ခါးသိမ်နေရတာလဲ ? ဘာဖြစ်လို့ အလုံးဖြစ်တာလဲ ? လက်ကိုင် (neck) က ဘာဖြစ်လို့ တစ်ခုတည်း (single neck) ဖြစ်နေတာလဲ ? စသည်ဖြင့်ပေါ့။ တူရိယာရဲ့တည်ဆောက်ပုံတွေကို လေ့လာခြင်းပါ။

ရှေးဟောင်းတူရကီမြို့ဟောင်းပျက်တစ်ခုရဲ့အဝင်ဝမှာ လက်ကိုင်တစ်ခုတည်းပါတဲ့ တူရိယာတစ်ခုရဲ့ ကျောက်ရုပ်ပုံကိုတွေ့ရတယ်။ အသံထွက်ဘို့ကိုယ်ထည်ရဲ့အပေါ်မှာအပေါက် တွေပါတယ်။ အဲဒါက 'ဟစ်တိုက်' Hittite တွေလက်ထက်ကပါ။ Hittite ကို ကျမ်းစာထဲမှာတော့ ဟိတ္တိလူမျိုးလို့ခေါ်တယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၃၀၀-၃၄၀၀ လောက်ကဟာကို တွေ့တာ။ ဂစ်တာနဲ့ တူတဲ့တူရိယာပေါ့။ တိတိကျကျတော့မဟုတ်ဘူး။ ဒါပေမယ့် နောက်နှစ်ပေါင်း ၂၇၀၀ လောက် ကြာမှ စပိန်နိုင်ငံမှာ ပေါ်လာတဲ့ (Guitarra Latina) လို့ခေါ်တဲ့ ကြိုးတပ်တူရိယာနဲ့ သွားတူနေ တာတွေ့ရတယ်။ ပါရှားလူမျိုး (persian) တွေရဲ့ ရှေးကျတဲ့ ၂တူရိယာကျပြန်တော့ ကြိုး ၂ချောင်း ပါတာကို တွေ့ရတယ်။ ဒါကို ပါရှန်လို doh-tar လို့ခေါ်တယ်။ ပါရှန်စကားဆိုတာ သက္ကတ (Sanskrif) က ဆင်းသက်လာတယ်။ doh ဆိုတာ နှစ်၊ tar ဆိုတာ ကြိုး။ ဒါကြောင့် doh-tar ဆိုတာ ကြိုး ၂ချောင်းပါတဲ့တူရိယာပေါ့။ ဒါကို Archeologist တွေကတွေ့တာ။ အဲဒီကနေ ကြိုး ၃ချောင်းတပ် ထပ်တွေ့တယ်။


Setar လို့ခေါ်တယ်။ Se ဆိုတာ (၃) ပါ။ ပါရှန်ဆီတာဟာ အိန္ဒိယဘက်ကို ကူးပြောင်းလာပြီး အိန္ဒိယမှာသုံးတဲ့ ဆီတာ ဖြစ်ပေါ် ခဲ့တာပါ။ သို့သော် အခုခေတ်

"အိန္ဒိယဆီတာ" တွေက အရင်တုန်းကထက်ပိုပြီး လှပကောင်းမွန် အောင်လုပ်ဆောင်ထားတာပါ။ နောက်တစ်ခါ ကြိုး (၄) ချောင်းတပ်တာကျတော့ Chartar၊ Char ဆိုတာ (၄) ပါ။ အဲဒီကနေ ဘာသာစကားရွေ့လျားလာမှုအရ guitara ဆိုတာ ဖြစ်လာတယ်။ ရှေးဟောင်းစပိန်စကားပါ။ အီတာလျံကျတော့ Chitara လို့ ခေါ်တယ်။ ဒီနေ့ထိပဲ။ modern spanish ကတော့ guitara ဖြစ်လာတယ်။ အင်္ဂလိပ်လိုကျတော့ guitar ဆိုပြီး ဖြစ်လာတာပါ။ အဲဒါက guitar ဆိုတဲ့ဝေါဟာရ ဘယ်လိုဖြစ်လာသလဲဆိုတာ ဖြစ်ပါတယ်။

ဒီပြင်လူတစ်ချို့ကျတော့ ဂစ်တာသည် ရိုမန်တွေ၊ ဂရိတွေသုံးခဲ့တဲ့ ကစ်သာရာ (kithara)၊ အိုမီဂါပုံလေးနဲ့တူတဲ့ (ဓမ္မပြဇာတ်ထဲမှာသုံးခဲ့တဲ့) တူရိယာ guitar နဲ့ အသံထွက်ဆင်သလိုလိုဖြစ်တော့ အဲဒီ Kithara ကနေ guitar ဖြစ်လာ တယ်လို့ ဆိုကြတယ်။ ဒါပေမယ့်လို့ morphology အရတော့ ဘယ်လိုမှဆက်စပ်မှုမရှိဘူး။ ပုံစံချင်းကတခြားစီပါ။

နောက်တစ်ချက်ကတော့ ကြိုး ၃ကြိုး၊ ၄ကြိုးတပ်ထားတဲ့ တူရိယာရဲ့ယေဘုယျအခေါ် (General Name) အားဖြင့် Tanbur လို့ခေါ်တယ်။ အရင်တုန်းက တူရိယာရဲ့အိုးကို ဗူးသီးအခြောက်ကိုသုံးတယ်။ ဗူးသီးခြောက်ကို အရိုးတပ်တယ်။ လက်ကိုင်တပ်တယ်။ ကြိုး ၁ချောင်း ၂ချောင်း ၃ချောင်းစသဖြင့် တပ်တယ်။ အပေါ်မှာ အသံအတွက် သားရေခွံဖုံးတယ်။ အဲဒီဗူးသီးကို သက္ကတလို (tumbar) လို့ခေါ်တယ်။ အဲဒီဗူးသီးရဲ့ပုံက ဒီနေ့မြင်ရတဲ့ ဂစ်တာပုံစံပါပဲ။ ခေါင်းသေးတယ်။ ခါးရှိတယ်၊ အောက်ပိုင်းကြီးတယ်။ ဒီဗူးသီးပုံဖြစ်နေတာက BC 1350 လောက်ကတည်းကပဲ။ ဂစ်တာကို မိန်းကလေးနဲ့အမြဲ နှိုင်းလေ့ရှိတယ်။ လက်ကိုင်ကို လည်ပင်း (neck) လို့ခေါ်တယ်။ ကြိုးညှိတဲ့ Machine Head တပ်တဲ့နေရာကို ခေါင်း Head လို့ပြောတယ်။ ဗူးသီးရဲ့ခေါင်းပိုင်းနဲ့တူတဲ့နေရာက ပခုံး (shoulder) ပေါ့။ ပြီးရင် ခါးသိမ်နေတဲ့နေရာကို ခါး (waist)၊ အောက်ဆုံးပိုင်းကတော့ Hip ပေါ့။

ဂစ်တာဟာ Hittite တွေဆီက အစပြုပြီး တစတစနဲ့ နောက်ပိုင်းတွင် စပိန်ကို ရောက်တယ်။ ဂစ်တာဆိုရင် စပိန်တွေနဲ့ အမြဲ တမ်းဆက်စပ်မှုရှိတယ်။ ဂစ်တာဟာ စပိန်လူမျိုးရဲ့ အမျိုးသားတူရိယာ national instrument ဖြစ်တယ်။ မြန်မာဆိုရင် "စောင်း" လိုမျိုးပေါ့။ အေဒီ (၁၅၀၀) လောက်မှာ စပိန်မှာ ဒီနေ့ခေတ်ဂစ်တာနဲ့တူတဲ့ တူရိယာ တစ်မျိုးပေါ်ခဲ့တယ်။ *VIHUELLA* လို့ခေါ်တယ်။ အဲဒါနဲ့ ယခုခေတ်သုံး *classical guitar* နဲ့ အတော်နီးစပ်ပါတယ်။


Ancient Persian and Assyrian Tanbur (2500-1500 B.C.)

Persian T


အားလုံးကိုခြုံကြည့်မယ်ဆိုရင်တော့ ဂစ်တာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၅၀၀-၄၅၀၀ ခန့်ကစပြီး ကနဦးပုံစံနဲ့ ပေါ်ပေါက်လာခဲ့တယ်လို့ ဆိုပါတယ်။ တစ်ချို့သုတေသီများအဆိုအရကတော့ ဒီထက်တောင်စောမယ်လို့ ဆိုပါတယ်။ အီဂျစ် ဖာရောဘုရင်များလက်ထက်လောက်ကတည်းကရှိမယ်လို့ယူဆပါတယ်။ ကနဦးပိုင်းကတင်ပြခဲ့တဲ့ Hypsotheiss (၄) ခုကို အရင်းခံပြီး Archeology ကရတဲ့ သာဓကများနဲ့တိုက်ဆိုင်စူးစမ်းပြီး ဂစ်တာရဲ့အရင်းအမြစ်ကို ဆက်လက်ရှာဖွေဖော်ထုတ်ဆဲဖြစ်ကြောင်း အကျဉ်းခြုံးတင်ပြလိုက်ရပါတယ်။

ဗိုလ်မှူးချုပ်စိန်လွင် (ငြိမ်း)



shalom magazine

# ခြင်နှင့်တူသောလူသား



(၁)

စူးကနဲနာကျင်သွားသောလက်မောင်းဆီ အသာကလေး ငုံ့ကြည့်လိုက်သည်။

'တောက်'

ဖင်ထောင်အောင် သူ၏သွေးကိုစုပ်ယူနေတဲ့ခြင်တစ်ကောင်လေ။ နှုတ်ခမ်းကို ခပ်တင်းတင်းဆွဲဆန့်ရင်း ထွက်ပေါက်မဲ့ နေသောဒေါသနှင့်အတူ ..

'ကဲ .. ဟယ်'

'ဖြန်း'

လက်မောင်းပင် ကျိန်းစပ်သွားသည်။ လက်ငါးချောင်းရာနှင့်အတူ ခြင်သည် လက်မောင်း၌ပင် ပိပြားသွားသည်။

'တောက်'

'ငါနော် .. ဒေါ်စိန်ဝေကိုလည်း ဒီလိုသာရိုက်လိုက်ရရင် ဘယ်လောက်ပျော်စရာကောင်းမလဲ'

ဟုတ်တယ် ..၊ အဲဒီ ဒေါ်စိန်ဝေဆိုတဲ့မိန်းမကြီးဟာ ခြင်နဲ့သိပ်တူတယ်။ ကိုယ့်အသွေးကိုလည်း စုပ်ယူတယ်။ ကိုယ့်ကိုလည်း နာကျင်အောင်လုပ်တယ်။ လက်မောင်းမှ ပြားချပ်နေသောခြင်ကို အသာခွာကြည့်ရင်း ခြင်နှင့်ချွတ်စွပ်တူသော ဒေါ်စိန်ဝေကို မြင်ယောင်မိသည်။

(၂)

"လူဆိုတာ မနိုင်ဝန်မထမ်းရဘူးကွဲ့ . . . တဲ အခုကြည့် ဒုက္ခရောက်ပြီမဟုတ်လား" ခပ်လျှောင်လျှောင်ပြောနေသော ဒေါ်စိန်ဝေကိုကြည့်ရင်း ရင်ထဲတင်းကျပ်သွားသည်။

အမေက ခပ်နွမ်းနွမ်းပြုံးရင်း "မနိုင်ဝန်ရယ်တော့ ဘယ်ဟုတ်ပါ့မလဲ၊ ဘုရားအမှုတော်အတွက်ပဲ ယောင်းမရယ်" ဟုပြောသည်။

ဦးလေးက မိန်းမကြောက်သူပီပီ ဘာမှဝင်မပြောရဲ။

"ဘုရားအမှုတော် . . ဘုရားအမှုတော်နဲ့ ကျမ်းစာကျောင်းတက်တယ်ဆိုတာကလည်း တစ်ပြားနှစ်ပြားနဲ့ ပြီးသွားတာ မဟုတ်ဘူးကွဲ့"

လိုအပ်နေသောကျောင်းစရိတ်အတွက် ဦးလေးထံ ပိုက်ဆံလာချေးခြင်းပါ။ အသားလွတ်များတောင်းမိရင် ဒေါ်လေးစိန်ဝေတစ်ယောက် ရိုက်ထုတ်ပစ်မလားပါ။

အမေ့ကိုပြန်ဖို့ အသာလေးအရိပ်ပြလိုက်သည်။ အမေက နေဦးဆိုသည့်အကြည့်မျိုးဖြင့်ကြည့်ကာ သက်ပြင်းချလေသည်။

"ကိုဘအေးလည်း နောက်တစ်လလောက်ဆို ပိုက်ဆံပို့ပေးမယ်လို့တော့ပြောတယ်။ လောလောဆယ် ရီတာ ကျောင်းသွားဖို့ ပိုက်ဆံတစ်သောင်းလောက်"

"အို . . စိန်တို့မှာလည်း တစ်နေ့စားဖို့အနိုင်နိုင်ရယ်၊ ကလေးတွေလည်း ကျောင်းအပ်ရဦးမယ်"

အမေ့စကားပင်မဆုံးသေး စိန်လက်စွပ်တခါခါနှင့် ဒေါ်လေးစိန်ဝေစကားကြောင့် အမေ၏မောင် ဦးလေးမောင်သည် သက်ပြင်းချကာ ..

"ဟုတ်တယ် မမ၊ အခုအကြီးကောင်ကိုလည်း ဝိုင်းထားပေးရဦးမယ်၊ တစ်ခြားမှာ သွားချေးကြည့်ပါဦး"

ဒါပဲလေ၊ ဦးလေးဟာ ဘယ်တုန်းကများ သူ့မိန်းမစကားကို လွန်ဆန်ဖူးလို့လဲ။ နောက်ဆုံးတော့ အောင်မြင်စွာဆုတ်ခွာခြင်း ဆိုတဲ့စကားအတိုင်း အပြုံးမပျက် အိမ်သို့ပြန်ခဲ့ရသည်။ ပိုက်ဆံမရသည့်အပြင် ..

"အေး . . ကျမ်းစာကျောင်းတက်တယ်ဆိုတာက ဆွေမျိုးတောင့်တင်းပြီး ပံ့ပိုးနိုင်မှဖြစ်တာကွဲ့" ဟူသော ဒေါ်လေးစိန်၏နှုတ်ဆက်စကားကို အောင့်သီးအောင့်သက် နာခံလိုက်ရသည်။

ဟိုတုန်းကစိတ်မျိုးနဲ့ဆိုရင် ကက်ကက်လန်အောင် ရန်တွေ့ပစ်မှာအမှန်ပင်။ အခုတော့ ကျမ်းစာကျောင်းသူ၊ ဓမ္မဆရာမလောင်း ဆိုသော ခပ်ရိုးရိုးဂုဏ်ပုဒ်လေး၏ ချည်နှောင်မှုကြောင့် လွတ်လပ်စွာပေါက်ကွဲခွင့်မရ။ အဖေ အဆင်ပြေစွာ ပိုက်ဆံပို့ပေးနိုင်ပါစေလို့ဆုတောင်းရင်း လက်သူကြွယ်ရှိ လက်စွပ်လေးကိုသာ မျက်စောင်းထိုးမိသည်။

ဆေးအနံ့နှင့်အတူ ဦးလေး၏စကားသံကြောင့် အခန်းထဲသို့မဝင်သေးပဲ ခြေလှမ်းရပ်လိုက်သည်၊ဘာကြောင့်လဲဆိုတော့ ကိုယ့်အကြောင်းပြောနေတာမို့ မိန်းကလေးပီပီ စပ်စုချင်လို့လေ။

"တဲ မစိန် နင်ကသာ ငါ့တူမကို မကူညီချင်တာ . . အခု ငါ့တူမကြောင့် နင်အသက်ရှင်တာ မမေ့နဲ့"

ဂုဏ်ယူသံနှင့်ပြောနေသော ဦးလေးစကားကြောင့် သူမ ပြုံးလိုက်သည်။ မနေ့က ဒေါ်လေးစိန်ဝေ အစာအိမ်ရောဂါကြောင့် ရုတ်တရက်ခွဲစိပ်လိုက်ရသည်။ သွေးလိုသဖြင့် ဒေါ်လေးနှင့်သွေးအမျိုးအစားတူသော သူမပင် သွေးတစ်ပုလင်းလှူလိုက်ရသည်။ ဘာပဲဖြစ်ဖြစ် မိမိသွေးကြောင့် လူသားတစ်ယောက် အသက်ရှင်ခွင့်ရတာ ဂုဏ်ယူစရာပင်။ တစ်ကြိမ်တစ်ခါမှမပြုဖူးသောကောင်းမှုတစ်ခုလေးဖြစ်တာမို့ ရင်ထဲတွင် အလွန်ပင်ကျေနပ်မိပါသည်။ ဒေါ်လေးဆီ သွယ်တန်းထားသော ပိုက်မှတစ်ဆင့် တစ်စက်စက်ကျနေသောသွေးကိုကြည့်ရင်း 'ဩော် . . ငါ့သွေးတွေပါလား' ဆိုသောအသိနှင့် မျက်နှာများပင်ပူနွေးသွားအောင် ပီတိဖြစ်မိသည်။ ဒါပေမယ့် ကိုယ်ရဲ့ဖြူတဲ့ပေးဆပ်မှု မျှော်လင့်ချက်မရှိသည့်ကူညီမှုကိုဒေါ်လေးစိန်တို့၏စကားတို့ကြောင့် တစ်ခဏချင်းပင် အကျဉ်းတန်သွားရသည်။

"အမယ်လေး . . အကျိုးလိုလို့ ညောင်ရေလောင်းတာများ" . . တဲ့။

တောက်!

သူမ၏ဒေါသများထိန်းမရအောင် ဖြစ်မိသည်။ အခန်းထဲမဝင်တော့ဘဲ အိမ်သို့ပင်ပြန်လာခဲ့သည်။ တကယ်ဆို ဟိုတစ်နေ့ ပိုက်ဆံချေးတာမရကတည်းက ဒေါ်လေးတို့ဆီမှာ ဘာမှမျှော်လင့်ခဲ့တာမဟုတ်ဘူးလေ။ အခုဟာက လူသားတစ်ယောက်အပေါ် လူသားတစ်ယောက်က ကူညီ သင့်တဲ့အမှုအရာမို့လို့ကူညီတဲ့သဘောပါ။ အကျိုးလိုလို့ ညောင်ရေလောင်းတာမဟုတ်ရပါ။ မိမိ၏ခန္ဓာမှသွေးများ ထမစက်ချင်းထုတ်ယူနေချိန်မှာတောင် ပိုက်ဆံမချေးပေးသော ဒေါ်လေးစိန်ဝေအနေဖြင့် တွေးခဲ့တာမဟုတ်ဘူး။

သွေးသွင်းဖို့အရေးကြီးတဲ့ လူနာတစ်ယောက်အတွက် ရက်ရောစွာလှူဒါန်းခဲ့သလိုမျိုး လှူဒါန်းခဲ့တာ၊ ပြီးတော့ (လိုအပ်နေတဲ့ကျောင်းစရိတ်အတွက်) လက်စွပ်တောင်ပေါင်ပြီးပြီမို့ ဒေါ်လေးဆီက ဘာမှမမျှော်လင့်တော့ဘူးလေ။

"ဟာကွာ ကိုယ့်ရဲ့ပေးဆပ်မှုဟာ တကယ်ဖြူစင်ခဲ့တယ်ဆိုတာ ဒေါ်လေးစိန်တစ်ယောက် ဘာကြောင့် နားမလည်တာလဲ"

ကိုယ်လှူဒါန်းလိုက်တဲ့သွေးကြောင့် ကိုယ်ပဲပြန် စော်ကားခံလိုက်ရတာမို့ တော်တော်လေး (ရင်မှာ) မချိပါ။

ဟယ် ကြည့်စမ်း ကိုယ်ကရော . .၊ ကိုယ်လည်း သခင်ယေရှုရဲ့သွေးကိုယူထားတာပဲ၊ ဒေါသတွေကြားမှ အသိတရားတစ်ခု လင်းလက်သွားသည်။ သခင်ယေရှု၏အသွေးကိုယူထားပြီး သခင်ယေရှု၏အသွေးတော်နဲ့ အသက်ရှင်ခဲ့တဲ့ ကျွန်မရော သခင်ယေရှုကို ဘယ်နှစ်ကြိမ်များ နာကျင်စေခဲ့ပြီလဲ၊ ဘယ်နှစ်ခါများ စော်ကားခဲ့ဘူးပြီလဲ။

စောစောတုန်းက ထွက်ပေါက်မဲ့စွာဆူပွက်ခဲ့သော ဒေါသများ ပြေပျောက်သွားသည်။ ကိုယ်တော်ရှင်ရဲ့ ကောင်းချီးများများစွာခံစားရသောသူမသည် ကိုယ်တော်ရှင်မနှစ်သက်သော ဒေါသတရား၊ အညှိုးတရားများကို မေ့ပျောက်နိုင်ရမယ်လေ။ အမှုတော်ဆောင်ဘဝမှာ ဒီလိုစော်ကားမှုမျိုးတွေ အကြိမ်ကြိမ်ကြုံရဦးမှာမလွဲပေ။

"သမီးရေ"

အမေ့ခေါ်သံကြောင့် လက်မှခြင်သေကောင် လွတ်ကျသွားသည်။

"မိုးချုပ်ပြီ . .၊ အိမ်ထဲဝင်တော့"

"ဟုတ်ကဲ့ . . အမေ"

ခြင်နှင့်တူသော ဒေါ်လေးကို မေ့လျော့သွားပြီမို့ ရင်မှာ ပေါ့ပါးသွားသည်။

(၄)

"ရီတာကို ကျေးဇူးတင်တဲ့အနေနဲ့ ရော . ." သူမရှေ့တွင် ပိုက်ဆံတစ်ထောင်တန်တစ်အုပ် ဘုတ်ခနဲကျလာသည်။ သူမ မဲ့ပြုံးပြုံးလိုက်သည်။

"ရီတာရေ နင့်ဒေါ်လေးက လာဦးတဲ့" အမေ့စကားကြောင့် သူမ ဒေါ်လေးစိန်ဝေအိမ်သို့သွားခဲ့သည်။

"ဘာလဲ ဒီပိုက်ဆံက ကိုယ့်ရဲ့သွေးတစ်ပုလင်းစာပေါ့လေ'

ပက်ခနဲပြန်ပြောဖို့ ခေါင်းမော့လိုက်စဉ် ပြက္ခဒိန်ထက်က ကိုယ်တော်ရှင်၏အသက်တော်စွန့်ပုံက ရင်နာစရာ၊ 'အိုကွယ်' ဒေါ်လေးစိန်ဝေကို ကိုယ်တစ်ခုခုပြောလိုက်ရင် ကိုယ်တော်ရှင် နာကျင်သွားမလား၊ ကိုယ်ဟာ ကိုယ်တော်ရှင်ရဲ့သမီးလေ၊ ကိုယ်တော်ရဲ့အသွေးအသားကို ခံယူထားသူလေ။

ကျွန်မ ခြင်နဲ့တူသော လူသားတစ်ယောက်ဖြစ်သွားမှာပေါ့။ သူမပြုံးရင်း ထရပ်လိုက်သည်။

"ဒေါ်လေး ကျွန်မ ပိုက်ဆံမယူတော့ဘူး။ ကျောင်းစရိတ်အတွက် ပိုက်ဆံရပြီလေ။ ဒေါ်လေးသာ ကျန်းမာရေးကို ဂရုစိုက်ပါ"

သူမကို အံ့ဩစွာကြည့်နေသော ဒေါ်လေးစိန်ဝေကို ပြုံးပြရင်း ယဉ်ကျေးချိုသာစွာ နှုတ်ဆက်ပြန်ခဲ့သည်။

ဘုရားအမှုတော်ဆောင်ရွက်တဲ့အချိန်မှာ ဒီလိုခြင်နဲ့တူသော လူသားများကိုတွေ့ရသော်လည်း ကျွန်မကိုယ်တိုင် ခြင်နဲ့တူသောလူသား မဖြစ်အောင်ဆုတောင်းရင်း . .။

အမ်စစ်စောမ် (ဟိုပင်)



# အဖေနှင့်ကျွန်တော်

စောရေဘင် (ရေနံကြီး)

(၁)

"အဖေ့လုပ်ငန်းတွေကို ကျွန်တော်မလုပ်ပါရစေနဲ့ ကျွန်တော်လုပ်ချင်တာက ဓမ္မအမှုတော်ဆောင်တစ်ယောက်ပါ အဖေ"

"ဒီမှာ ကျော်အောင်၊ မင်းက အဖေပြောတဲ့စကားကို လုံးဝနားဝင်တဲ့ကောင်မဟုတ်ဘူး။ မင်းကို ဘွဲ့ရတဲ့အထိ ပညာသင်ပေးခဲ့တာ ငါ့ရဲ့လုပ်ငန်းတွေကို ဦးစီးလုပ်ဆောင်နိုင်ဖို့ကွ၊ ဘာသာရေးအလုပ်လုပ်ဖို့မဟုတ်ဘူး။ မင်းကို ပညာသင်ပေးခဲ့သမျှ အလကားဘဲ အသုံးမကျတဲ့ကောင် ထွီ . . ."

ဒေါသကြောင့် မျက်နှာတစ်ခုလုံးနီရဲနေပြီး ကျွန်တော်အား မျက်ထောင့်နီဖြင့်ကြည့်ကာ အဆက်မပြတ်ဆူပူကြိမ်းမောင်းနေသော အဖေ့ရုပ်သွင်ကိုကြည့်ရင်း ကျွန်တော်ပြောခဲ့သောစကားအတွက် နောင်တရမိသည်။ ထို့ကြောင့် အဖေနှင့်စကားမများလို၍ အိမ်အောက်သို့ဆင်းပြီး တံမြက်စည်းတစ်ချောင်းကိုယူကာ အမှိုက်များကိုလှဲနေရင်းဖြင့် အဖေနှင့်ကျွန်တော်၏အကြောင်းကိုတွေးနေမိပါသည်။

ဤ ခနုံးချောင်းရွာတွင် အဖေပိုင်သောလယ်များ၊ ဥယျာဉ်ခြံများနှင့် ငွေတိုးပေးခြင်းလုပ်ငန်းများရှိသည်။ ထိုလုပ်ငန်းအားလုံးကို ကျွန်တော်အား ဦးစီးလုပ်ဆောင်စေသည်။ သို့သော် ကျွန်တော်က လုံးဝဝါသနာမပါပဲ လုပ်ဆောင်နေရသည်။ ထို့ကြောင့်ပင် အဖေနှင့်ကျွန်တော်၏ ဆက်ဆံရေးမပြေလည်ခဲ့။ အမေရှိစဉ်ကမူ အဖေဆူပူကြိမ်းမောင်းလျှင် ကြားဝင်ဖျန်ဖြေပေးလေ့ရှိသောကြောင့် ပြဿနာအကြီးအကျယ်မဖြစ်ခဲ့။ ယခုမှာမူ အဖေနှင့် ကျွန်တော်သည် မျက်နှာချင်းဆိုင်လိုက်သည်နှင့် ရန်ပွဲကစတင်ပါတော့သည်။ အဖေက ကျွန်တော့်အား သူ၏လုပ်ငန်းများကိုတည်ထောင်ဖို့ အတင်းအကျပ်ပင် စေခိုင်းသဖြင့် ကျွန်တော့်မှာ စိတ်အနှောက်အယုက်ကြီးစွာဖြင့် လုပ်ဆောင်ခဲ့ရသည်။ ကျွန်တော်မလုပ်ချင်ဆုံးအလုပ်များကတော့ ငွေတိုးများတောင်းရခြင်း၊ ကြိုတင်၍ငွေယူထားသောသူများထံမှ စပါးများ၊ ပဲများ လိုက်လံရယူခြင်းဖြစ်သည်။ ငွေယူစဉ်က ပဲတစ်တင်းဖိုးမျှသာဖြစ်သော်လည်း မိမိတို့ပဲပေါ်လာသောအခါ နှစ်တင်းမျှပေးရသည်။ ထို့ကြောင့် ပဲမရသောနှစ်များတွင် တောင်းပန်၍ပြောလာလျှင် ကျွန်တော်က လျှော့ပေါ့လိုက်သည့်အခါတိုင်းလည်း အဖေနှင့်ကျွန်တော်တကျက်ကျက်ပင်။ အဖေဖြစ်စေချင်သော စီးပွားရေးသမားတစ်ယောက်၏ပုံစံမျိုးကိုတော့ ကျွန်တော်ကလည်းမဖြစ်ချင်ပေ။ လူများကိုသနားသည်။ အားနာသည်။ သို့သော် . . အဖေကတော့ . . .။

(၂)

"ဟေ့ကောင် ကျော်အောင် မင်းကအရက်မူးပြီးတော့တောင် အိမ်ကိုပြန်လာရဲတယ်ဟုတ်လား၊ ငါ့ကိုအရွဲ့တိုက်တာလားကွ . . ပြောစမ်း၊ မင်းကို တုတ်နဲ့ပြောရအုံးမှာလား"

"အဖေ ကျွန်တော့်ကိုရိုက်ချင်ရိုက်ပါ။ ကျွန်တော်ဟာ အဖေ့ရဲ့သားပျ။ အဖေ့ရဲ့အစေခံတစ်ယောက်မဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော့်မှာ ဘာလွတ်လပ်ခွင့်မှမရှိဘူး။ အဖေ့စိတ်နဲ့ကျွန်တော့်ကိုယ်ဘဲ၊ အဖေဖြစ်ချင်တာဘဲသိတယ်၊ ကျွန်တော်လုပ်ချင်တာ ဘာတစ်ခုမှမလုပ်ရဘူး။ ကျွန်တော့်ကို လွတ်လပ်ခွင့်လေး၊ လုပ်ပိုင်ခွင့်လေးလဲပေးပါအုံး အဖေရ . ."

"ရော့ . . လုပ်ပိုင်ခွင့်၊ ဖြန်း ဖြန်း ဖြန်း . ၊ မင်းမှတ်ထားမိဘဆိုတာ သားသမီးကို "ဆင်စီးလို့ မြင်းရံတာ" ပဲ လိုချင်တယ်။ ငါ့မှာ စီးပွားရေးလုပ်ငန်းတွေရှိတယ်။ ဒါတွေအားလုံးဟာ မင်းအတွက်ဘဲကွ၊ မင်းက ငါရဲ့တစ်ဦးတည်းသောသားမင်းကို ငါ့လုပ်ငန်းတွေ ပေးချင်တယ်ဆိုတာ မင်းမသိဘူးလား။ အခုတော့ မူးမူးရူးရူးနဲ့ အိမ်ပြန်လာတယ်၊ ကဲကွာ . . ဖြန်း ဖြန်း . ."

"ရိုက်ပါအဖေ၊ ကျွန်တော့်ကိုရိုက်ပါ၊ အဖေ့ရဲ့သားပဲမဟုတ်လား။ ကျွန်တော့်ကို ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်တဲ့အထိ ပညာသင်ပေးခဲ့တာကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တတ်တဲ့ပညာနဲ့ အသိတရားကတော့ အဖေနဲ့မတူဘူး။ အဖေ့စကားနားထောင်မှ သားလိမ္မာလို့သတ်မှတ်ချင်တဲ့ အဖေ့ရဲ့ဆန္ဒနဲ့ ကိုယ်လုပ်ချင်တဲ့အလုပ်ကို ကိုယ်တတ်တဲ့ပညာနဲ့ပေါင်းစပ်ပြီး ကိုယ့်ဒူးကိုယ်ချွန်ချင်တဲ့လူ ဘယ်တူပါ့မလဲဗျာ။ အဖေ့အကြိုက်ကို မလိုက်လို့ ဒီကောင်က သားဆိုးသားမိုက်ဆိုပြီး ရွာထဲမှာ အဖေလိုက်ပြောလို့ ကျွန်တော် ရွာထဲတောင် မလျှောက်ဝံ့တော့ဘူးအဖေ"

"ဟေ့ကောင် ကျော်အောင် . . မင်းပါးစပ်ပိတ်ထားစမ်း"

"ပြောပါရစေအဖေ . . ဒီပါးစပ်လေးကိုတော့ မပိတ်လိုက်ပါနဲ့ဗျာ။ ကျွန်တော့်ရဲ့ဘဝမှာ ဒီတစ်ခါဘဲ အဖေ့ကိုပြောမှာပါ။ ပြောပြီးရင် အိမ်ပေါ်ကဆင်းသွားခိုင်းလဲ ကျွန်တော်သွားမှာပါ"

"ဟေ့ကောင် မင်းစကားကို ငါမကြားချင်တော့ဘူး။ အခုပဲအိမ်ပေါ်ကနေဆင်းသွားတော့၊ မဆင်းရင်တော့ ဒီတုတ်နဲ့ပဲစကားပြောရမယ်"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့၊ ကျွန်တော်အခုဘဲ ဆင်းပါတော့မယ်အဖေ"

□□□

(၃)

အိမ်မှဆင်းလာတဲ့ ကျွန်တော် အခုတော့ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းနံဘေးက ချောင်ကျကျလက်ဖက်ရည်ဆိုင်လေးမှာ မိတ်ဆွေတစ်ယောက်၏အကူအညီဖြင့် စားပွဲထိုးဝင်လုပ်နေခဲ့သည်မှာ လေးလနီးပါးပင်ရှိပါတော့မည်။ မိမိဝင်ငွေကို စုပြီးမှ ကျမ်းစာကျောင်းတက်မည်လို့ စိတ်ကူးခဲ့ပေမယ့် ဝင်ငွေနှင့်ထွက်ငွေမမျှတပဲဖြစ်နေရသည်မို့ အခက်ကြုံနေရသည်။ အဖေ့ကိုလဲ သတိရမိပြန်သည်။ အဖေ့မေတ္တာကို လိုချင်ခဲ့ပေမယ့် အဖေက စီးပွားရေးလုပ်ငန်းများ၌သာ နစ်မျောနေသည်ကများသည်။ ထို့ကြောင့်ပင် အဖေလာလျှင် ကျွန်တော် ရှောင်ပုန်းနေခဲ့သည်မှာလည်း အကြိမ်ကြိမ်ရှိခဲ့သည်။

အဖေနှင့် ကျွန်တော်၏ဆက်ဆံရေးသည် နီးလျက်နှင့် ဝေးနေခဲ့သည်။ အဖေက ကျမ်းစာလည်းအတော်နားလည်သည်။ သာမန်လူများက အဖေ့ကိုယှဉ်မပြောနိုင်။ သို့သော် အဖေက အပြောနှင့်အလုပ်တခြားစီ။ ဘုရားကို ဆင်ခြင်တုံတရားနှင့်သာ ယုံကြည်သည်။ နှလုံးသားနှင့်ရင်းနှီးသော ယုံကြည်မှုမျိုးတော့ မဟုတ်ပေ။ တစ်ခါတစ်ရံ အဖေက ကျွန်တော့်အား သခင်ယေရှုမိန့်တော်မူခဲ့သော "သင်တို့အချင်းချင်းချစ်ကြလျှင် လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကို သိရကြလိမ့်မည်" (ယော ၁၃း၃၅) ဟူသည့် ကျမ်းစကားကိုပြောတတ်သည်။ သို့သော်လည်း ရွာထဲတွင် ကျွန်တော်၏မကောင်းကြောင်းများကို အမြဲပြောနေပြန်သည်။ အဖေ့စိတ်ကို ကျွန်တော်နားမလည်၊ အဖေ ကျွန်တော့်ကို ချစ်ကြောင်းကိုတော့သိသည်။ ထို့ကြောင့်ပင် ရှက်ရက်နှင့် စားပွဲထိုးအလုပ်ကို လုပ်နေရသည့်ကျွန်တော်၊ အဖေ့ကိုသတိရသည်ကတော့ အဆန်းတော့မဟုတ်ပေ။

(၄)

သို့

သားကျော်အောင်

"သားဘယ်လိုဖြစ်ချင်သလဲပြော . . ၊ သားလုပ်ချင်တဲ့ အလုပ်ကို အဖေပံ့ပိုးပေးမယ်၊ အဖေလည်း သားရဲ့သဘောထားကိုနားလည်ပါပြီ။ အဖေ့စိတ်တွေလည်း အရမ်းပျော်ရွှင်တတ်နေပြီ၊ အဲဒါ သမ္မာကျမ်းစာကို လေးလေးနက်နက်ဖတ်ခဲ့လို့ပဲ သားရေ . . အရင်က ကျမ်းစာအကြောင်းတွေ အဖေသိတယ်။ ဒါပေမယ့် အဖေ့နှလုံးသားမှာ မရှိဘူး။ ဆင်ခြင်တုံတရားအောက်မှာဘဲရှိတယ်။ သားမရှိမှဘဲ သမ္မာကျမ်းစာဟာ အဖေ့ရဲ့ အရင်းနှီးဆုံးမိတ်ဆွေဖြစ်လာတာသားရေ . . သူပြောလို့ အဖေ့ရဲ့ဘဝရင့်ကျက်လာတာ။ သားပြန်လာခဲ့ရင် သားပျော်ရွှင်မှာပါ . . "

သားရဲ့ချစ်ဖေဖေ

ဦးဇော်ထူး

အဖေ့ရဲ့စာကိုဖတ်ရင်း ကျွန်တော့်၏ပါးပြင်မှ မျက်ရည်များစီးကျလာပါသည်။ စာရွက်ကိုင်ထားသော ကျွန်တော်၏လက်များလည်း တုန်ယင်နေသည်။ "သားဘယ်လိုဖြစ်ချင်သလဲပြော" ဆိုသည့် စာသားလေးကိုတော့ရီဝေနေသောမျက်လုံးများဖြင့် အကြိမ်ကြိမ်ဖတ်နေမိသည်။ "ဝမ်းသာလိုက်တာ" ထို့ကြောင့် ချက်ချင်းပင် အဝတ်အစားများသိမ်းဆည်းကာ မြောင်းမြကားကိုစီးပြီး ပြန်လာခဲ့ရပါတော့သည်။

အဖေ့ဆီရောက်တော့ အဖေက ပြုံးရွှင်လို့ "သားက အသားတွေအရမ်းဖြူလာပါလားကွ" ဟုဆိုပြီး ကျွန်တော့်ကို ဖက်ထားပါသည်။ ဘာနဲ့မှမတူတဲ့ မေတ္တာတွေ အဖေ့ဆီမှာရှိသည်။ ယခုအချိန်၌ ငွေများ၊ ပစ္စည်းများနှင့်ပင် အဖေမေတ္တာကို မလဲနိုင်ပါ။ အဖေပြောခဲ့သောစကားလေး အဖေ့အား တိုးတိုးလေးပြောလိုက်ပါသည်။ "သင်တို့အချင်းချင်းချစ်ကြလျှင် လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကို သိကြလိမ့်မည်" ဆိုတဲ့ ကျမ်းစကားက ခွန်အားပေးတယ်နော်။ ကျွန်တော်တို့တွေဟာ ခရစ်တော်ရဲ့တပည့်၊ သားသမီး၊ ခရစ်ယာန်များဘဲ မဟုတ်လားအဖေ။

အဖေနှင့်သားတို့၏ဆက်ဆံရေးနယ်ပယ်ကျယ်ပြန့်လိုသော ဆန္ဒမွန်ဖြင့်

စောရော်ဘင် (ရေလဲကြီး)







ပုံပြင်



# မိတ်ဆွေ

တစ်ခါက အလွန်ရင်းနှီးချစ်ခင်ကြတဲ့ မိတ်ဆွေနှစ်ဦးရှိကြသတဲ့။ သူတို့ဟာ ကြွက်မဲနဲ့ ဖားနီတို့ဖြစ်ပါတယ်။ ကြွက်မဲကတော့ ရေကန်တစ်ကန်ရဲ့နံဘေးမှာရှိတဲ့ မြေတွင်းတစ်တွင်းမှာနေသတဲ့။ ဖားနီကျတော့ ရေကန်ထဲမှာနေတယ်။ ကြွက်မဲဟာ အင်မတန်မှ လမ်းလျှောက်မြန်သတဲ့။ ဒါကြောင့် ဖားနီရဲ့ ဘယ်လိုမှ အတူတူမသွားနိုင်ဘူးတဲ့။ ဒါကြောင့် အတူတူလမ်းလျှောက်နိုင်ရန် ခြေတစ်ဖက်စီမှာ ကြိုးချည်ထားကြသတဲ့။ ဒီလိုနဲ့ တတွဲတွဲဖြစ်နေပါတော့တယ်။ တစ်နေ့ကျတော့ ကြွက်မဲဟာ ဖားနီကို သူရဲ့အိမ်ကိုအလည်လာဖို့ခေါ်သွားသတဲ့။ အိမ်မှာရှိတာလေးတွေ တည်ခင်းကျွေးမွေးသတဲ့။ ဒီလိုပဲ ဖားနီကလည်း မိမိအိမ်ကို ကြွက်မဲကိုခေါ်သွားခဲ့တယ်။ ဒါပေမယ့် ကြွက်မဲက ရေမကူးတတ်တော့ ခက်နေပြန်ရော။ ဒါကြောင့် ဖားနီဟာ ကြွက်မဲကို မိမိကိုယ်ပေါ်မှာစီးစေပြီး မိမိအိမ်သို့ ရေကူးသွားကြတယ်။ ဒီလိုနဲ့ပဲသွားကြရာ ရေကန်ရှိသစ်တုံးတစ်တုံးနားကိုရောက်တော့ ဖားဟာ မိမိအပေါ်မှာရှိတဲ့ကြွက်မဲကို သတိမေ့သွားကာ ရေအောက်သို့ငုံ့ဆင်းသွားရာ ကြွက်မဲဟာ ရေမွန်းပြီးသေသွားရှာတယ်။ အဲဒီအချိန်မှာ ကောင်းကင်ပေါ်မှာပျံဝဲနေတဲ့ စွန်ရဲတစ်ကောင်ဟာ ရေပေါ်မှာပေါ်လောပေါ်နေတဲ့ ကြွက်သေကိုမြင်ကာ ချိုသုတ်သွားတယ်။ ကြွက်မဲနဲ့ ဖားနီဟာ ခြေထောက်တစ်ဖက်စီကို ကြိုးနဲ့တွဲထားသဖြင့် စွန်ချီရာသို့ ဖားနီပါ ပါသွားရရှာတယ်။ ဒီလိုနဲ့ပဲ ဖားနီဟာလည်း စွန်ရဲစာဖြစ်သွားရလေသတည်း။ စွန်ရဲ့အတွက်တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်သွားလေသတည်း။

ဒါကြောင့် ကျွန်ုပ်တို့မှာ ဘဝအခြေအနေမတူညီတာကို ညှိလို့ရသွားသလိုလို၊ အမှန်တကယ်ကျတော့ ညှိလို့မရနိုင်ဘူး။ မိတ်ဆွေဆိုတဲ့နေရာမှာလည်း အကျိုးပေးတဲ့မိတ်ဆွေနဲ့ အကျိုးမပေးတဲ့မိတ်ဆွေရှိတယ်ဆိုတာကို မမေ့ဖို့အရေးကြီးပါတယ်။ မိတ်ဆွေဆိုတာ မိမိကိုအကျိုးပေးသလိုနှင့် ထာဝရပြင်လို့မရတဲ့မှားယွင်းမှုကို ပေးတတ်ပါတယ်။ ဒါကြောင့် ဆင်ခြင်တုံတရားဟာ အလွန်ပင်အရေးကြီးလှတယ်။ ဆင်ခြင်တုံတရားကိုသုံးကာ တော်လျော်သောမိတ်ဆွေကို ရှာတွေ့နိုင်ပါစေကြောင်း မေတ္တာပို့သလိုက်ပါတယ်။

ပေါလ်ဆင်ဝါးနော်

# တည်နေရာ




အကယ်၍ "ဖြစ်တည်မှု" ထဲမှ ဘဝဖြစ်စဉ်ထဲတွင် ရသ၊ ကိုယ်ကျင့်တရား၊ ဘာသာရေး အဆင့် (၃) ဆင့်သည် ဘဝအသက်တာ၌ ခန္ဓာ၊ စိတ်၊ ဝိညာဉ်ကို လက်တွေ့ကျကျ အကျိုးပြုနေလျှင်၊ ယနေ့ကျွန်ုပ်တို့အသက်တာတွင် ဤဘဝ ဖြစ်စဉ် (၃) ဆင့်တွင် ကွက်လပ်များ ဆက်လက်တည်ရှိနေသေးလား ?

လူတိုင်းလူတိုင်း မိမိတို့ခံယူရရှိခဲ့သော မျိုးရိုးဗီဇ၊ မိသားစုအသက်တာ၊ ပတ်ဝန်းကျင်၊ သင်ကြားရသောပညာတို့ ဖြင့်ပေါင်းစပ်ကာ မိမိဖြစ်တည်မှုအမှားအမှန်ကို ဆုံးဖြတ်ကြသည်။ ထို့ကြောင့် ဘဝ၏အမှန်တရား၊ အမှားတရားသည် ရသဖြစ်လာပြီး ဘဝဖြစ်တည်မှုကို ကိုယ့်ကျင့်တရားနှင့် ထိန်းသိမ်းမှုနည်းလာသကဲ့သို့ ဘာသာရေးဖြင့် ထိန်းချုပ်အသက် ရှင်မှုလည်း အလွန်နည်းပါးလာသည်။ ကျွန်ုပ်တို့အများစုသည် မိမိ၏ဘဝရေစီးကြောင်းသည် မည်သို့စီးမျောနေသည်ကို မသိ ကြသကဲ့သို့ လတ်တလောဖြစ်ပေါ်နေသောအခြေအနေကို ဘဝရသအမှန်အဖြစ်ခံယူပြီး ဘဝရဲ့အနာဂတ်ကို ကြိုတင်စီမံမှု အားနည်းလာကြသည်။ မိမိကိုယ်ကို စိတ်ချမှုအားနည်းလာသကဲ့သို့ အချင်းချင်းသံသယစိတ်လည်းများပြားလာသည်။

ကျွန်ုပ်တို့ခရစ်ယာန်များသည် ခရစ်တော်၏ဘဝအသက်ရှင်မှုကိုစံထား၍ မိမိတို့ကြိုးစားပြီး အသက်ရှင်လိုက် လျှောက်ကြသည်။ ခရစ်တော်ကို သိကျွမ်းခြင်း၊ ရင်းနှီးခြင်းများ ရှိလာပြီး စာပေ၊ နှုတ်တို့ဖြင့် ဖော်ပြ၍မရသောဝိညာဉ်ရေးရာ ဘဝအတွေ့အကြုံများလည်း ရရှိခဲ့ကြသည်။ သို့သော် လူသားသဘာဝဆိုသော ကျွန်ုပ်တို့ခန္ဓာကိုယ်၊ စိတ်ဝိညာဉ်အသွေးအ သားထဲတွင် စိမ့်ဝင်နေသောအရာသည် ရှင်ပေါလု၏ ကောင်းသောအကျင့်ကို ကြိုးစားကျင့်သော်လည်းအပြစ် ဟူသော မူလလူသားသဘာဝက မည်သည့်နည်းမျိုးစုံဖြင့်ဖမ်းစေကာမူ မရ ပဲ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာကို လာရောက်ထိခိုက်စေသည်။





စကားပုံတစ်ခုက "ငါ့နှလုံးသားတစ်ခါးဝမှာ ဝင်လမ်းမရှိ" ဟု ကပ်ထားခဲ့တယ်။ အချစ်ကလာပြီး ပြုံးရယ်လျက်ပြောလိုက် သည်မှာ "ငါက နေရာတကာဝင်တာပဲ၊ မင်းကြိုက်သလိုဖမ်း၊ ဖမ်းလို့မရဘူး"

ဘဝဖြစ်တည်မှုထဲတွင် ရသပေါ်လွင်အောင် ကိုယ်ကျင့်တရားနှင့် ဘာသာရေးသည် လုပ်ဆောင်သူဖြစ်သည်။ ကိုယ်ကျင့်ဟူသောအရာသည် နာကျင်ဝေဒနာရှိသောအရာဖြစ်ပြီး ဘာသာရေးသည် ကိုယ်ကျင့်တရားကို ဆက်လက်ထိန်း သိမ်းထားရန်ဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်း၏ "စံ" ဖြစ်လာပြီး ကျွန်ုပ်တို့သည် ကြိုးညှိထားခံရသော ဂစ်တာ ကဲ့သို့ဖြစ်လာလျှင် သာယာသောဂီတသံထွက်လာသကဲ့သို့ ဘဝ၏ရသလည်း ပေါ်ထွက်လာမည်။


(၂၄) နာရီဆိုသော တစ်ရက်တာသည် ကျွန်ုပ်တို့ အသက်ရှင်မှု၌ ခန္ဓာ၊ စိတ် သွားလာလှုပ်ရှားမှုများသည် ဘဝ၏ ရလဒ်များပေါ်ထွက်လာပြီး၊ ဘဝဖြစ်တည်မှုကို မည်သို့ဖော်ပြသနည်း။ မာကျောသောနှလုံးသားသည် မည်သည့်အရာမှ ထိုး ဖောက်နိုင်စွမ်းမရှိသောကြောင့် ဘုရားသခင်ရှေ့၌ နှစ်သက်ဖွယ်မဖြစ်သောအရာဖြစ်ကြောင်း ကျွန်ုပ်တို့သိသကဲ့သို့ ပျော့ ပျောင်းသောနှလုံးသားသည်လည်း ဒဏ်ရာများစွာကိုခံရပြီး ဘုရားသခင်၏သနားခြင်းလည်း ယေရှုခရစ်ပြုသော အသွေး သွန်းမေတ္တာဖြင့် ဆေးကြောမည်။ မာကျောသောနှလုံးသားနှင့် ပျော့ပျောင်းသောနှလုံးသား ဘုရားရှေ့ရောက်ရခြင်းအ ကြောင်းရင်း တူနိုင်မည်မဟုတ်ပေ။ ပျော့ပျောင်းနှလုံးသားသည် ရင်ထဲဒဏ်ရာများစွာဖြင့် ဘဝဝန်ထုတ်လေးသောကြောင့် (မဿဲ ၁၁း၂၈-၃၀) ယေရှုခရစ်၏ဖိတ်ခေါ်ချက်ကို လှုပသောဘဝမှရသော နောင်တ၊ အသနားခံခြင်းတို့ဖြင့် ဝန်ထုတ်လာ ၍ချသည်။ အော် . . ဘဝဖြစ်တည်မှုသည် နောက်ဆုံး ဘုရားသခင်၌ မူတည်နေပါလား ? ထိုဘုရားကား . . . . သခင်ဘုရားကိုလည်းချစ်၍ အပြစ်ကိုလည်းချစ်သူ (အာဒံ၊ ဧဝ) လူသား၊ အပြစ်သားကိုချစ်၍ အပြစ်ကိုမုန်းသူ ဘုရား၊ ပေါင်းစည်းခြင်းလက္ခဏာတစ်ခုတော့ရှိသည်။ ဘုရား ကိုချစ်ခြင်း + အပြစ်သားကိုချစ်သောဘုရားသာလျှင်ဖြစ်သည်။ မည်သည့်နေရာ၊ မည်သည့်အချိန်တွင် ဘုရားကိုချစ်သနည်း။ မိမိကိုယ်ကို၌သာမူတည်ခြင်းသည် တံခါးပိတ်မေတ္တာဖြစ်သကဲ့သို့ တစ်စုံတစ်ယောက်အပေါ် သို့မူတည်ခြင်းသည် မနိုင်သောဝန်ကို မနိုင်သောသူရှိကြောင်း ယုံကြည်စိတ်ချလျက် အားကိုး ခြင်းဖြစ်သည်။

ဖြစ်တည်မှုရသတွင် ဆင်ခြင်တုံသာမက ယုံကြည်ခြင်း ကိုလည်း ထည့်သွင်းမှသာပို၍ မြောက်လာပါမည်။ ဤသည် ကား အကန့်အသတ်ရှိသော လူ့ဉာဏ်တစ်ဖက်စွန်းအခန်းကို ပုံအပ်ခြင်းနှင့် သိခြင်း၊ လက်ခံခြင်း အစဖြစ်သည်။ ဆက်လက် ၍ ရသပေါ်လာမည်။ ချိန်သီး၏စတင်သောရွေ့လျားမှုသည် ပြန်လာ၍ မိမိ၏လားရာကိုကျော်ပြီး စတင်ရွေ့လျားသောနေ ရာနှင့် တူညီသကဲ့သို့ ဖြစ်တည်မှုထဲ၌ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့မထင်မှတ်သော လားရာ၏နောက်တစ်ဘက်တွင် ရောက် သောအပိုင်းဖြစ်ကြောင်းကို တွေ့ရသည်။ ဘဝနှင့် အမှား အမှန်ဆင်ခြင်မှု၊ ယုံကြည်မှုသည် ဒွန်တွဲမှသာ စစ်မှန်သော၊ ရှုပ အရှုပ တည်ရှိမှုသည် တည်ရှိကြောင်းယုံကြည်ပါလေ။

ကျွန်ုပ်တို့အသက်တာတွင် ခရစ်တော်သည် သိုးထိန်းသဖွယ်ဖြစ်လျှင် သိုးထိန်းနှင့် သိုးတို့နှင့်ဆက်ဆံရေးသဘော သဘာဝ။ သိုးထိန်းဆန္ဒ၊ သိုးတို့ဆန္ဒ၊ စံနှုန်းတစ်ခုရှိရပေသည်။ သိုးဘက်မှ သိုးထိန်းအားချစ်ခင်မှု၊ အားကိုးမှု၊ သိုးထိန်းက ကာကွယ်ချစ်ခင်ပြုစုမှုများရှိသည်။ ရှိခြင်း၊ သိခြင်းနှင့် "ဖြစ်ခြင်း" ပါလာမှ ရသပေါ်လာမည်။ သို့သော် ကိုယ်ကျင့်တရားနှင့် ဘာသာရေးတွင် "နှလုံးသားဘယ်မှာလဲ" ဟုသာ အဓိကမေးပါသည်။

စောဉာဏ်လင်း
**B.Th (IV)**





ကတိပေးပါတယ် မမေ့ရယ်

# သတိနိ

(ဧတ ၁၄ ကြီး)

ပ န် း ဒီ ဂျ ါ သ န် ၂ ၀ ၀

ဤအဖြစ်အပျက်သည် ဒန်းဇင်း (Danzing)ဒေသ စတွတ်ဟောဖ် (stuthhof) မြို့ရှိ နာဇီစစ်အကျဉ်းထောင်၌ ဖြစ်ပျက်ခဲ့သောအကြောင်းအရာဖြစ်၍ မိခင်ဖြစ်သူ ပီဆာ (Pesah) က ကျွန်ုပ်အား ညီလေး ချားအင်း(မ်) (Chaim) ကို ကြည့်ရှုစောင့်ရှောက်ပါမည်ဟူ၍ပေးခဲ့သော ကတိစကား အကြောင်းအရာဖြစ်သည်။ ကျွန်ုပ်သည် မိမိကိုယ်ကို အရွယ်မရောက်သေးဟုထင်ခဲ့ပေမယ့် မိခင်အမြင်၌မူ ကျွန်တော်နှင့် ဘုရားသခင် အတူတစ်ကွရှိနေခဲ့လျှင် လောက၌ အသက်ရှင်စဉ်အခါ ဉာဏ်ပညာအားဖြင့် ကောင်းသောလမ်းကို ရွေးချယ်လျှောက်နိုင်မည်ဟု ယုံကြည်ထားပုံရသည်။

□□□

၁၉၄၁ ခုနှစ် ဇွန်လတွင် ကျွန်ုပ်တို့မိသားစုများမှာ လစ်သူရေးနီးယား (Lithuania) ပြည်နယ်၊ ကောင်နပ်စ် (Kaunas) မြို့၌ အေးချမ်းစွာနေထိုင်နေစဉ် ညသန်းခေါင်ယံအချိန်၌ ပြင်းထန်သောတံခါးခေါက်သံနှင့်အတူ သူငယ်ချင်းတစ်ယောက်က နာဇီစစ်ကျူးကျော်သူများသည် ဂျူးလူမျိုးများကိုဖမ်းဆီးဖို့ရန်အတွက်ရောက်လာခဲ့ပြီဟု သတိပေးစကားဆိုလာခဲ့ရာ အကျီချုပ်ရာ၌ ဂုဏ်သတင်းမွှေး၍ နာမည်ကြီးသော ကျွန်ုပ်ဖခင်မှာမူ မယုံကြည်နိုင်ခဲ့ပေ။ ဤသို့ဖြင့် ကောင်နပ်စ်မြို့၌ နာဇီစစ်သားများကြောင့် ပထမဦးဆုံးအသတ်ခံရသော ဂျူးလူမျိုးမှာ ကျွန်ုပ်၏ဖခင် ရှီမွန် (Shimon) သာဖြစ်လာတော့သည်။

□□□

မိခင်ဖြစ်သူနှင့် ကျွန်ုပ်မှာ ကောင်နပ်စ်မြို့၏ ဂျူးလူမျိုးဆင်းရဲသားများနေထိုင်ရာရပ်ကွက်၌ အတင်းအဓမ္မနေထိုင်ခိုင်းပြီး ထိုဒေသ၏ စစ်လေယာဉ်ကွင်းဖောက်လုပ်ရာ၌လည်း အတင်းအကြပ်ဖြင့် ခိုင်းစေခြင်းခံရပြန်သည်။ မိခင်မှာ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် အသက်ရှင်နေထိုင်ဖို့ရန်အတွက် အစဉ်အမြဲကြည့်ရှုနေသည်။ တစ်ချပ်တည်းဖြစ်သော မှိုတက်နေသည့်ပေါင်မုန့်နှင့် ရေစွပ်ပြုတ်သာလျှင် ကျွန်တော်တို့၏ နေ့စဉ်အာဟာရဖြစ်သည်။ ထိုအချိန်ခါမျိုး၌ မိခင်မှာ သူမ၏ပေါင်မုန့်ကို တစ်ဝက်စီဝက်၍ ကျွန်တော်တို့ညီအစ်ကိုဖို့ တစ်ပိုင်းကိုဝေပေးရာ . .

"အမေ . . ဘာလုပ်တာလဲ" ဟု ကျွန်တော် ရုတ်တရက်ပြောလိုက်စဉ်

"ရှူး . . တိုးတိုး"

ပတ်ဝန်းကျင်သို့ အလျှင်အမြန်အကဲခတ်ကြည့်ရင်း . .၊

"အမေ့အတွက် အများကြီးမလိုဘူး . . ဒီမုန့်တစ်ဝက်ကို သားတို့စားကြ . . သားတို့စားဖို့ ပိုသင့်တော်တယ်လေ"

အမေ့ကိုကြည့်ရင်း ကျွန်တော်ရင်ကို များစွာထိခိုက်စေခဲ့ပါသည်။ အမေပေးသောမုန့်ကို ဘယ်လိုနည်းနှင့်မျှ သူမပြန်ယူစားတော့မည်မဟုတ်တော့ပေ။ တစ်ဆက်တည်းပင် မိခင်သည် ကျွန်တော်တို့အား ကျမ်းစာတစ်ပိုဒ်ကို ရွတ်ဆိုခွန်အားပေးပြန်သည်။

"တရားဟောရာကျမ်း ၈း၃ အရ . . . လူသည် မုန့်အားဖြင့်သာအသက်ရှင်သည်မဟုတ်ဘဲ ဘုရားသခင်မိန့်တော်မူသမျှအတိုင်းအသက်ရှင်ဖို့လည်း လိုအပ်သေးတယ်။ ဒါကြောင့် . .

"သား ဒီကျမ်းချက်ကို . . သားတို့ရဲ့နှလုံးသားမှာ အမြဲတမ်းသတိရနေပါ။ နောက်ပြီး ဘုရားရှင်က အမေတို့ကို ဒီမှာကြာကြာထားမှာတော့မဟုတ်ဘူး. . ဒါကြောင့် ယုံကြည်ခြင်း ရှိပါ"

သူမ အလေးအနက် ထပ်မံပြောသည်မှာ . .၊

"သူကပဲ သားတို့ကို အစဉ်အမြဲ လမ်းပြကြည့်ရှုကူညီပေးနိုင်မှာလေ"

□□□

၁၉၄၄ ခုနှစ်၏ ကြောက်မက်ဖွယ်ရာကောင်းသောနေ့များ၌ ဘုရားသခင်၏အကူအညီကို နေ့စဉ်နှင့်အမျှ တောင့်တနေသည်မှာ အမှန်ပင်ဖြစ်သည်။ အထူးသဖြင့် ညီဖြစ်သူ ချာအင်းမ်နှင့် ကျွန်တော်တို့သည် တိရစ္ဆာန်များကဲ့သို့ ဘာဗနာ (Babana) မြို့ရှိ ကောင်ဖ်ရိန်း (Kautering) အကျဉ်းစခန်းသို့ သွားရခါနီးအချိန်၌ဖြစ်လေသည်။ နာဇီစစ်သားများသည်

အလုပ်လုပ်နိုင်သောသူများကိုသာ သီးသန့်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျန်နေခဲ့မည့်သူများ၌ မည်သို့ဖြစ်လာနိုင်မည်ကို စဉ်းစားစရာမလိုအောင်ပင် သိသာထင်ရှားနေပေသည်။

ဤသို့ဖြင့် နှုတ်ဆက်စကားဆိုဖို့ရန် အနည်းငယ်မျှသာ ကျန်သောအချိန်ပိုင်း၌ အမေသည် ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်ကို ဆုပ်ကိုင်ထားပြီး သူမ၏ ပိန်ချုန်း၍ အရိုးပေါ်အရေတင်နေသည့် (အမှန်ဆိုရလျှင် အရိုးစုသာသာကိုယ်ခန္ဓာဖြင့်) တင်းကျပ်စွာထွေးပွေ့ထားရင်း သူမ၏ ညိုမှောင်သောမျက်ဝန်းမှမျက်ရည်များသည်လည်း အဆက်မပြတ်စီးဆင်းကျလာနေသည်မှာ ကျွန်တော်တို့မိသားစုသုံးယောက်စလုံးအတွက် အင်မတန်မှ ဖြေမဆယ်နိုင်အောင်ပင် ဝမ်းနည်းစရာအကောင်းဆုံးအချိန်ဖြစ်နေပေသည်။ ထို့နောက် သွားဖို့အချိန်ရောက်သဖြင့် ပြင်ဆင်နေစဉ်မှာအမေသည်ရုတ်တရက် ကျွန်ုပ်၏လက်ကို ဆုပ်ကိုင်ထားရင်း . . ၊

"နားထောင်စမ်း . . သား"

အင်မတန်တိုးညင်း၍ ဆန္ဒစောသောလေသံဖြင့်သာ ကျွန်ုပ်အားပြောလိုက်၏။

"အမြဲတမ်း ညီလေးကိုဂရုစိုက်ပါ၊ ဂရုစိုက်ရမယ်၊ အမေပြောနေတယ် သား . . ၊အကယ်၍ သားအသက်ရှင်နေသရွေ့အထိတော့ မင်းညီလေးလဲ အသက်ရှင်နေမှာပဲ၊ ဒါကြောင့် ညီလေးနှင့်အတူ အစဉ်အမြဲနေရမယ်နော် . . သား"

"ဟုတ်ကဲ့ပါ . . အမေ"

ဆို့နင့်စွာ ဆိုလိုက်သည်။

"အမေ့ကို ကတိပေးနိုင်မလား"

"ကျွန်တော် ကတိပေးပါတယ် . . အမေ"

ဤအဖြစ်အပျက်သည် ကျွန်တော်၏မိခင်ကို အသက်ရှင်သော ကိုယ်ခန္ဓာအားဖြင့် နောက်ဆုံးတွေ့မြင်လိုက်ရခြင်းသာဖြစ်တော့သည်။

□□□

ဤသို့ဖြင့် စစ်အကျဉ်းစခန်းသစ်သို့ရောက်သော်အခါ၌ အကျဉ်းသားအားလုံးကို ထွက်မပြေးနိုင်အောင် ခြေထောက်ကို တင်းကြပ်စွာစည်းနှောင်ထားခြင်းခံရသဖြင့် ခက်ခဲစွာလမ်းလျှောက်ရသည်။ အစောင့်တစ်ယောက်သည် ကျွန်ုပ်လျှင်မြန်စွာလမ်းမလျှောက်နိုင်၍ အချက်ပေါင်းများစွာ တုတ်ဖြင့်လှမ်းရိုက်လိုက်ရာ ကျွန်ုပ်၏ခေါင်းနှင့်မျက်နှာကို လာထိသဖြင့် အဆုံး၌ အမှောင်သာလျှင် ကျွန်ုပ်ကိုကြီးစိုးသွားခဲ့သည်။ပြန်၍သတိရလာချိန်တွင် အေးစက်မာဇာတာသည့်ရွှံ့မြေပြင်ပေါ်၌ ငံကျိကျိသွေးအရသာနှင့်အတူ နာကျင်ခြင်းကို အံကြိတ်ခံရင်း မရေရာသောရှေ့ရေးကို လွတ်မြောက်နိုင်ဘို့အရေး မျှော်လင့်နေမိသည်။

□□□

အကယ်၍ အမေသာရှိနေရင် ညီလေး ချာအင်းမ်ဆီသို့ ရောက်နေမလားဘဲ။ ညီလေးကိုကြည့်ရသည်မှာ တစ်နေ့တခြား အခြေအနေဆိုးရွားပြီး ပို၍ချည့်နဲ့လာနေသည်။ အထူးသဖြင့် သူ၏ညာဘက်ခြေထောက်ရှိ အတွင်းကြေဒဏ်ရာသည် လမ်းလျှောက်နိုင်ဖို့ ခဲယဉ်းစေပြီး သူ့အတွက် ဒုက္ခများစွာဖြစ်စေနေသည်။

တစ်နေ့၌ နာဇီစစ်သားများသည် ကျွန်ုပ်တို့ကို အတန်းနှစ်တန်းခွဲ၍ ခပ်လှမ်းလှမ်း၌ မျက်နှာချင်းဆိုင်၍ ရပ်ခိုင်းထားသည်။ ကျွန်ုပ်အပါအဝင် လမ်းကောင်းစွာလျှောက်နိုင်သူတို့ကိုတစ်ဘက်၌ရပ်ခိုင်းပြီး အခြားတစ်ဘက်၌မူ ညီလေးအပါအဝင် နာမကျန်းလမ်းမလျှောက်နိုင်သူများကို ရပ်ခိုင်းထားသည်။ အစောင့်စစ်သားများမှာ ရိုင်ဖယ်သေနတ်ကို အသင့်အနေအထားပြင်ဆင်ပြီး ညီလေးတို့ဘက်သို့ ချိန်ထားလိုက်သည်။ ထိုအချိန်၌ ညီလေး၏မျက်နှာ၌ ကြောက်ရွံ့ထိတ်လန့်မှုအထင်းသားနှင့် စိုးရိမ်နေပြီး မျက်ရည်ကျနေသည်ကို တွေ့မြင်လိုက်ရသောအခါ၌ ကျွန်ုပ်များစွာထိတ်လန့်၍ ချာအင်းမ်ရပ်နေသည့်အတန်းသို့ပြေးသွားပြီး ရပ်နေသင့်သလားဟုစဉ်းစားရင်း ဘဲ့ကြိထိတ်လန့်ဘွယ်အခြေအနေကိုမှင်သက်တွေဝေနေမိသည်။ နောက်ဆုံး၌ စိတ်ကိုအရဲစွန့်ပြီး ညီလေးကို ကျွန်တော့်ထံသို့ လမ်းလျှောက်လာဖို့ရန် လက်ယက်ခေါ်ပြီး ကျွန်ုပ်လည်း ညီလေးထံသို့လျှောက်သွားလိုက်သည်။ ချာအင်းမ်မှာ သူရပ်နေသည့်အတန်းမှ ကျွန်တော်ရှိရာသို့ တဖြည်းဖြည်းခြင်း ဆာတာဖြင့်လျှောက်လာခဲ့သည်။ ကျွန်ုပ်လည်း ညီလေးအသက်ရန်မခဘဲ ကျွန်တော်ထံသို့ရောက်လာနိုင်ဘို့ရန်အတွက် ဆုတောင်းရင်းသွားနေသည်။ ဤအခြေအနေကို အစောင့်စစ်သားတိုင်းတွေ့ပေမယ့် ညီလေးကိုလည်း မရပ်ခိုင်းပါ။ ကျွန်တော့်အထင်၌ တစ်စုံတစ်ယောက်သောသူက သူ့ကိုလျှောက်သွားဖို့ အခွင့်ပေးလိုက်တယ်လို့ နာဇီစစ်သားများ စဉ်းစားမိလေမလား မသိနိုင်ပေမယ့်၊ ဒီအချင်းအရာဟာအံ့ဩဘွယ်ရာတန်ခိုးနိမိတ်လက္ခဏာဖြစ်တယ်ဆိုတာကိုတော့ ကျွန်တော်နားလည်လိုက်တယ်။

ချာအင်းမ်သည် ကျွန်တော်တို့ရပ်နေသည့်အတန်းသို့ရောက်လာပြီးနောက် မတ်တတ်မရပ်နိုင်၍ ချော်လဲသွားရာ သူ့ခြေထောက်အနာတွင် အသားပုတ်နေသည့်နေရာများ၌ ပိုး၍မည်းနက်လာပြီး မြေပေါ်လဲနေ၏။ ကျွန်တော်လည်း တတ်နိုင်သမျှအစွမ်းကုန်ကာကွယ်ရင်း ထွေးပွေ့ထားသည်။ ထိုအချိန်မတိုင်ခင်ပင် မဟာမိတ်တပ်များ ချီတက်လာနေပြီဟူသော ကောလဟာလသတင်းများကြောင့် အစောင့်အချို့မှာ တင်းကြပ်သည့်ပုံစံအနေအထားမျိုးမရှိတော့ပေ။ကျွန်ုပ်ဆန္ဒအရမှာမူ မဟာမိတ်တပ်များ အလျှင်အမြန်ရောက်လာစေပြီး အကျဉ်းစခန်းအားလုံးကို မီးရှို့ဖျက်ဆီး၍ ဒုက္ခဆင်းရဲခံနေရ သူများကို လွှတ်စေနိုင်မည်ဟု မျှော်လင့်နေမိသည်။

□□□

ထို့နောက်ပိုင်း ၁၉၄၅၊ ဧပြီလ ၂၇ မနက်ပိုင်း၌ နာဇီစစ်စခန်းမှူး၏ ကြေငြာချက်ပေါ်ထွက်လာသည်။ အကျဉ်းသားအားလုံး စခန်းမှထွက်၍ ဂျာမဏီနိုင်ငံသို့ ပြောင်းရွှေ့ဖို့ရန်ဖြစ်ပြီး စခန်းများအားလုံးကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖျက်ဆီးလိုက်ဖို့ရန်ဖြစ်ကြောင်းပြောသည်။ ဤအရာသည် နာဇီများ၏ ရက်စက်ယုတ်မာမှုများကို သက်သေအထောက်အထားမ ကျန်ခဲ့စေရေး ဖျက်ဆီးလိုက်ရန် ပြင်ဆင်ခြင်းဖြစ်သည်။

ဒါဆိုရင် ချားအင်းမ်နှင့် လမ်းမလျှောက်နိုင်သူများကို သူတို့ဘယ်လိုလုပ်လိုက်ကြမလဲ၊ ကျွန်ုပ်များစွာ စိုးရိမ်ခြင်းဖြစ်မိ၏။ ထိုအချိန်၌ပင် အကျဉ်းသားတိုင်းမှာ စခန်းမှထွက်လာနေကြသည်။ ကျွန်ုပ်လည်း ချာအင်းမ်ဘေး၌ဝင်ထိုင်ပြီး သူ့မျက်နှာကိုကြည့်၍

"ညီလေး"

"မင်း လမ်းလျှောက်ကို လျှောက်ရမယ်၊ ဒီမှာကြည့်မင်းကိုဒါကူညီမယ်"

"မရဘူးအစ်ကို"

ညည်းတွားသံဖြင့် ပြန်ဖြေသည်။

"ကျွန်တော် ရွှေ့လို့မရဘူး"

သူ၏ ပိန်လှီသောလက်ဖြင့် ကျွန်တော့်ကိုဖိညစ်၍

"အစ်ကို သွားတော့"

တောင်းပန်တိုးလျှိုး၍ ကျွန်တော့်ကို ပြန်ပြောနေသည်။

"ကျွန်တော် မကြာခင်ကောင်းသွားမှာပါ၊ ကိုယ့်ဘာသာကိုယ်သွားတော့ အစ်ကို"

အကျဉ်းသားများ၏ ဆူညံသံများ တဖြည်းဖြည်းတိတ်ဆိတ်သွားပြီး အပြင်ဘက်ဂိတ်ဝင်ရှေ့တွင် တန်းစီ၍နေရာမှထွက်ခွာဖို့ရန် အသင့်အနေအထားဖြင့် ရပ်နေကြသည်။ ဤနေရာမှလွဲ၍ အခြားမည်သည့်နေရာ၌မဆို ကောင်းကင်ဘုံကဲ့သို့ဖြစ်သည်ဟူသောစကားသည် ကျွန်တော့်အတွေးထဲမှာ နောက်ပြောင်ကျီစယ်နေသယောင်။ ထို့အပြင် "မင်းအမေကဘာမှသိမှာမဟုတ်တာ၊ ပြီးတော့ မင်းညီကလည်း ဘယ်နည်းနဲ့မဆို မကြာခင်သေတော့မှာပဲ၊ ထားလိုက်စမ်းပါ။ မအေနဲ့ အခွင့်အရေးရတုန်းလွှတ်အောင်သွား၊ဘာလို့နှစ်ယောက်စလုံး အသေခံနေရမှာလဲ၊ အမြန်ထွက်သွားတော့ အမြန်ထွက်" ဟူ၍ အမျိုးမျိုးစဉ်းစားမိနေစဉ် မမျှော်လင့်ဘဲ မိခင်၏လက်က ကျွန်တော့်ကိုကိုင်၍ ဆုတောင်းထားသောဂတိစကားကိုပြန်ကြားယောင်သတိရလာမိသည်။

"မင်း ညီလေးနဲ့ အမြဲတမ်းနေပါ"

"ဟုတ်ကဲ့ . . ကျွန်တော် ကတိပေးပါတယ် . . အမေ"

ကျွန်တော် မိမိကိုယ်ကိုကိုင်းညွတ်လိုက်ပြီး ညီလေး၏ ပိန်လှီနေသောကိုယ်ခန္ဓာကို ပွေ့ဖက်ထားလိုက်ရင်း

"မသွားဘူးညီလေး ဘာဘဲဖြစ်ဖြစ် အစ်ကို ဒီမှာဘဲနေမယ်"

ထိုအချိန်မှာပင် စစ်သားများ၏ ဒိုင်းနမိုက်များကို လျှင်မြန်စွာလိုက်ချနေသောအသံများ ဝါယာကြိုးများကို ဆက်သွယ်နေသောအသံများကိုသာ ကြားနေရသည်။ ကျွန်ုပ်မှာမူ ကျွန်တော်တို့နှစ်ယောက်၏အသက်ကို ဘုရားထံသို့အပ်ထားရန်မှတစ်ပါး အခြားမရှိတော့ပြီ။ မွန်းလွဲအချိန်၌ ကျွန်တော်တို့ အနည်းငယ်သာ စစ်တန်းလျားများ၌ကျန်နေခဲ့သည်။

ကျန်နေခဲ့သူများထံမှ ဘုရားစာရွတ်သံများ၊ ဆုတောင်းသံများကို တဖြည်းဖြည်းခြင်းကြားလာရသည်။ ကျွန်ုပ်နှင့်ညီလေးလည်း အတူတကွဆုတောင်းလိုက်၏။ "သေခြင်းတရားသည် အမြန်ဆုံးရောက်လာပါစေသား"

□□□

အနည်းငယ်အလှမ်းဝေးသောနေရာမှ မိုးကြိုးပစ်သံကဲ့သို့ ဆူညံစွာမြည်ဟီးနေသောအသံများ တဖြည်းဖြည်းနီးကပ်စွာကြားလာရသကဲ့သို့ အကျဉ်းစခန်းအဆောက်အဦးမှာလည်း တုန်ခါနေသည်။ ဗိုင်းနမိုက်များ တဖြည်းဖြည်းချင်းပေါက်ကွဲလာနေပြီလားဟု ထင်နေမိ၍ နောက်ဆုံးအချိန်ထိ ညီလေးကို တင်းကျပ်စွာထွေးပွေ့ထားရင်း ဖြစ်လာမည့်အရာကို စောင့်ကြိုနေလိုက်သည်။

ခဏအကြာတွင်တော့ ဆူညံသံများမှာ မဟာမိတ်အမေရိကန်တင့်ကားတပ်ကြီးများမှ ထွက်ပေါ်လာနေသောအသံများသာဖြစ်သည်။ ဒါဆိုရင် ကျွန်တော်တို့လွတ်မြောက်ပြီပေါ့၊ ဟုတ်တယ်၊ သူတို့ ကျွန်တော်တို့ကို ကယ်တင်ဘို့လာနေတာ။ အမေရိကန်စစ်သားများ တဖွဲဖွဲရောက်ရှိလာကြသည်။ ဗိုင်းနမိုက်ပေါက်ကွဲသံကိုလည်း မကြားရပေ။ မဟာမိတ်တပ်သားများကိုကြည့်ရသည်မှာ အင်မတန်ကူညီကရုစိုက်တတ်လွန်းသူများဖြစ်ကြသည်။ ကျွန်တော်တို့ကို ချော့ကလက်ချောင်းများ၊ အစားအစာများကို ဝေငှကျွေးမွေးသောအခါ ကျွန်ုပ်လည်း များများနှင့်မြန်မြန်စားလိုက်သောကြောင့် နာမကျန်းမှုပင်ဖြစ်လိုက်သေးသည်။ ချာအင်းမ်ကိုတော့ ဆေးကုသမှုခံယူစေပြီး မကြာခင်မှာပင် ပြန်၍ကောင်းလာသည်။ ထိုခဏခြင်းတွင် ကြောက်မက်ဖွယ်ရာသတင်းဆိုးကိုကြားရပြန်သည်။ ထိုသတင်းကိုပြောပြသူမှာ စစ်အကျဉ်းစခန်းတွင် ကျွန်တော်တို့နှင့်အတူတကွနေခဲ့၍ ဧပြီလ မနက်တွင် ကျွန်တော်တို့ကိုချန်ပြီး ထွက်သွားသူများထဲမှ တစ်ယောက်ဖြစ်၏။ သူသည် သူ၏ချိုင်းထောက်ပေါ်မှာအားပြုရင်း

"ကျွန်တော်တို့အားလုံး လမ်းအတိုင်းလျှောက်လာတဲ့အခါ တိုက်လေယာဉ်တွေက ကျွန်တော်တို့ကို စက်သေနတ်နဲ့ပစ်တယ်" ၊

ဆက်၍ပြောသည်မှာ . . .၊

"အဲဒီအချိန်ဟာ အမှောင်သန်းစပြုနေပြီ။ ဒါကြောင့် ကျွန်တော်တို့ကို ရန်သူတပ်ထင်လို့ ပစ်လိုက်တာတဲ့"

အဝေးတစ်နေရာသို့ သူစူးစိုက်ကြည့်ပြီး . . .၊

"လူတွေ အများကြီး သေသွားတယ်"

သူ ကျွန်တော့်ဘက်သို့လှည့်၍ . . .၊

"မင်းဟာ အရမ်းကံကောင်းပါလား"

. . ဟုပြောပြီး ထော့ကျိုး ထော့ကျိုးဖြင့် ထွက်သွားလိုက်သည်။

ကျွန်တော် စဉ်းစားမိတယ်။

"ကံကောင်းလို့လား"

"မဖြစ်နိုင်ဘူး"

ဒါဆိုရင် . . .၊

"နာခံခြင်းကြောင့်သာ မဟုတ်ပါလော"

□□□

**ရည်ညွှန်း**

*Nisson Krakinowski ၏ "I Promised Mama" ကို ဆီလျော်အောင်ပြန်ဆိုပါသည်။

**မှတ်ချက်**


* ဤဘာသာပြန်ကို ၂၀၀၂ခုနှစ်၊ မေလ၊ မိခင်များနေ့၌ ကျေးဇူးရှင်အမေနှင့် မိခင်များအားလုံးကို ဂုဏ်ပြုသော အားဖြင့် . .။

* ဝေးကွာသွားသော အစ်ကိုကြီးကိုအောက်မေ့လျက် . . မရှိသေးသော်လည်း "အစ်ကိုများနေ့" သို့ ရည်စူးလျက် . .။

သစ်နီ
( တောင်ကြီး )







# ဆောင်းည အိပ်မက်သည်

ကျွန်တော်ဟာ ဗီဒီယိုမင်းသားတစ်လက်ဖြစ်ခဲ့လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ပါဘူး။ ကျွန်တော်တို့ငယ်ငယ်တုန်းက ဗီဒီယိုဆိုတာပေါ်မှမပေါ်သေးတာ။ ရုပ်ရှင်ခေတ်ပဲရှိသေးတာ။ ကျွန်တော်တို့ရှမ်းပြည်မြောက်ပိုင်း၊ နမ္မတူမြို့မှာဆိုရင် ရုပ်ရှင်ကို "ဓာတ်ရှင်" လို့ပဲခေါ်ကြတယ်။ အဲဒီလိုခေတ်မှာ ဧမြီးကြီးပြင်းလာတဲ့သူတစ်ယောက် ဘယ်လိုလုပ်ပြီး ဗီဒီယိုမင်းသား ဖြစ်နိုင်မှာလဲ။ အခုပဲကြည့်လေ၊ အသက် ငါးဆယ့်တစ်နှစ်ရှိနေပြီ။ ကိုယ်ကကျော်ဟိန်းလိုရုပ်ချောပြီး သရုပ်ဆောင်ကောင်းတဲ့သူလည်းမဟုတ်ဘူး။ တလေးနှစ်ယောက်

အဖေကြီး (ဘုတားကြီး) ဖြစ်နေပြီ။ နဖူးမောက်မောက်ပြောင်ပြောင်၊ နှာယောင်ရှည်ရှည်ကောက်ကောက်၊ ဗိုက်ပူပြီး ဝတုတ်နေတဲ့အရက်သမားဟာ ဘယ်လိုလုပ်ပြီး ဗီဒီယိုမင်းသားတစ်လက်ဖြစ်လာနိုင်မှာလဲ။ အခုတော့ မထင်မှတ်ဘဲ ဗီဒီယိုမင်းသားတစ်လက်ဖြစ်နေရပါပြီ။ ကျွန်တော် မစဉ်းစားတတ်အောင်ဖြစ်နေရပါတယ်။

မြန်မာပြည်မှာ တီဗီလို့ခေါ်တဲ့ ရုပ်မြင်သံကြားစက်တွေပေါ်ပြီး သိတာမကြာခင်မှာပဲ ဗီဒီယိုဆိုတာပေါ်လာတယ်။ ကိုယ်ကြိုက်တဲ့ဇာတ်လမ်းနဲ့ ဗဟုသုတဖြစ်ဖွယ်တို့ကို ကိုယ့်စိတ်ကြိုက်ဖွင့်ကြည့်နိုင်တဲ့စက်ပေါ့။ ရှေ့ကိုတိုးပြီး ကျော်ကြည့်လို့ရသလို၊ နောက်ကိုစိတ်ကြိုက်ပြန်ပြီးတော့လည်း ချက်ခြင်းကြည့်လို့ရတယ်။ မအားလို့ရပ်ထားပြီး အားမှလည်းပြန်ကြည့်နိုင်တယ်။ ရုပ်ရှင်ဆိုတာကတော့ အစအဆုံး တစ်ထိုင်တည်းပဲကြည့်မှဖြစ်တယ်။ နောက်ပြန်လှည့်ကြည့်လို့မရဘူး။ ရပ်ထားလို့မရဘူး။ ကျွန်တော်ကသာ ပြောနေရတာ ဒါတွေကို အခုခေတ်လူတွေအားလုံးသိထားပြီးသားပဲ။

ကျွန်တော်က ဗီဒီယို၊ တီဗီတို့ကိုဝယ်နိုင်သူမဟုတ်ပါဘူး။ အဲဒါတွေပေါ်နေတာ တော်တော်ကြာနေပါပြီ။ အခုထိကိုယ်ပိုင်မဝယ်နိုင်သေးပါဘူး။ ဗီဒီယိုကြည့်ချင်ရင် ဗီဒီယိုရုံမှာသွားကြည့်တယ်။ တီဗီကတော့ မိတ်ဆွေတွေရဲ့အိမ်နဲ့ ဟိုနားဒီနား အလွယ်တကူကြည့်လို့ရနေပါတယ်။ အဲဒီလို အခြေအနေမျိုးမှာ ကျွန်တော်ဟာ ဗီဒီယိုမင်းသားတစ်လက်ဖြစ်လာရတာ ပိုပြီးအံ့ဩစရာကောင်းနေပါတော့တယ်။

အခုခေတ်မှာ ဗီဒီယိုမင်းသားဖြစ်ချင်ရင် မော်ဒယ်ဘွိုင်းလုပ်ကြည့်နိုင်တယ်။ ငွေရှိပြီး အဆက်အသွယ်ကောင်းရင်၊ ကြော်ငြာကောင်းရင်ဖြစ်နိုင်တာပဲ။ ရုပ်ရှင်နဲ့ ဗီဒီယိုအသိုင်းအဝိုင်းကဆိုရင် ပိုပြီးလွယ်တာပေါ့။ နောက်ပြီး ဇာတ်သဘင်လောကကနေတက်ပြီး ဗွီဒီယိုမင်းသားဖြစ်ကြတဲ့သူတွေလည်းရှိတာပဲ။ ကျွန်တော်ကဘယ်မော်ဒယ်ဘွိုင်းသင်တန်းကိုမှလည်းမတက်ဖူးဘူး။ ငွေရှိတဲ့ကောင်လည်းမဟုတ်ဘူး။ ရုပ်ရှင်နဲ့ ဗီဒီယိုနယ်ထဲကသူတွေနဲ့လည်း လုံးဝအဆက်အသွယ်မရှိဘူး။ ဇာတ်သဘင်လောကမှာလည်း ယောင်လို့တောင် မကျင်လည်ခဲ့ဘူး။ ငယ်ငယ်တုံးက "ချိုမိုင်မိုင်" လို့ဆိုပြီး ကတတ်တယ်လို့ အမေကပြောပြခဲ့ဘူးတယ်။ အဲဒီ ချိုမိုင်မိုင်နဲ့လည်း ဗီဒီယိုမင်းသားမဖြစ်နိုင်ပါဘူး။ နောက်ဆုံး 'အဖိုးကြီးအိုခါးကုန်းကုန်း'သီချင်းကိုတောင်မှ အမြီးမောက်တည့်အောင် မဆိုနိုင်ခဲ့ပါဘူး။ ဒီလိုအဆက်အသွယ်တွေမရှိတဲ့ကြားထဲက ကျွန်တော်ဟာ ဗီဒီယိုမင်းသားဖြစ်လာရတယ်။ အံ့ဩစရာမကောင်းဘူးလား။

ဗီဒီယိုမင်းသားတစ်လက်ဖြစ်ဖို့ အလှမ်း၊ အငို၊ အရယ်၊ အထိုးအကြိတ်ကအစ၊ မြင်းစီးဒိုင်ဗင်ထိုး အားလုံးလုပ်တတ်ရတယ်လို့ကြားဖူးတယ်။ အဲဒါမှ နာမည်ကြီးပြီး အကယ်ဒမီတွေဘာတွေရနိုင်တယ်ဆိုလားပဲ။ နာမည်ကြီးသွားပြီဆိုရင်လည်း ဗီဒီယိုတစ်ကားရိုက်ရင် သိန်းချီပြီးရတယ်လို့ပြောတယ်။ ကျွန်တော်ကတော့ အလှမ်းအသော၊ အထိုးအကြိတ်၊ မြင်းစီးဒိုင်ဗင်ထိုးတွေမရပါဘူး။ အဲဒီကြားက ဗီဒီယိုမင်းသားဖြစ်သွားတာကတော့ စံပါပဲ။

ကျွန်တော့်ရဲ့ ဇာတ်ဝင်ခန်းတစ်ခုကို ပြန်ပြီးပြောပြချင်ပါတယ်။ အဲဒီဇာတ်ဝင်ခန်းကို လူတော်တော်များများက ကြိုက်ကြပါတယ်။ ဘယ်သူမှမယုံကြည်နိုင်လောက်အောင် "ဟတ်ထိ" ကုန်တာကိုတွေ့ရပါတယ်။ အကယ်ဒမီရှော့ပေါ့။ ကြည့်လေ . . . ။

ပန်းချင်း၊ ပန်းစီး၊ ပန်းခွေတွေကြားထဲမှာ ပက်လက်လှန်ပြီး ပိတ်ဖြူဖြူကိုရင်ပတ်နားအထိ လွှမ်းခြုံလို့ တောင့်မတ်မတ်ကြီး သေပြရတဲ့အခန်းပေါ့။ ကျွန်တော့်ကို သံယောဇဉ်ရှိသူတွေအားလုံး မျက်ရည်ကျပြီးငိုကြတယ်။ ကျွန်တော့်ရဲ့သရုပ်ဆောင်မှု ပီပြင်ပြီး ကောင်းလွန်းလို့နေမှာပေါ့။ ကျွန်တော်အရက်သောက်တုန်းက မူးပြီးရမ်းကားခဲ့တာတွေကိုတောင် အပြစ်မပြောကြတော့ပဲ ကျွန်တော့်ကိုသနားလွန်းလို့ဆိုပြီး မျက်ရည်မဆယ်နိုင်အောင်ရှိခဲ့ကြတယ်။

ကျွန်တော့်ရဲ့ အရက်သမားသူငယ်ချင်းတွေကတော့ ကျွန်တော့်ရဲ့သရုပ်ဆောင်မှုကို ကြိုက်ကြလွန်းလို့ "မိုက်တယ်" ဆိုပြီး ချီးမွမ်းကြတယ်။ သူတို့လည်း ကျွန်တော့်လို ဗီဒီယိုမင်းသားဖြစ်ချင်ကြတယ်ထင်ပါရဲ့။






တစ်ကယ်ဆိုတော့ ကျွန်တော့်ကို မင်းသားတင်ပြီး သူတို့က ဗီဒီယိုရိုက်ချင်ကြတာပါ။ ကျွန်တော့်အလိုဆန္ဒအတိုင်းပြောရရင်တော့ အဲဒီ ဗီဒီယိုကားကို ကျွန်တော်မရိုက်ချင်ဘူး။ ဘာလို့လည်းဆိုတော့ ဒီကားဟာ ဈေးကွက်မှာ စွံမယ့်ကားမဟုတ်လို့ပါပဲ။ အားလုံးအကုန်အကျတွေများပြီး မစွံတဲ့သူကို မင်းသားတင်ရိုက်ဝံ့တဲ့သူတွေကိုသာ အံ့ဩမိပါတယ်။ ကျွန်တော့်ရဲ့ဗီဒီယိုကားကို ခဏခဏကြည့်ပြီး ကျွန်တော်အကယ်ဒမီရတဲ့ကားလို့လည်း ဘယ်သူကမှ ရုပ်ရှင်စာစောင်၊ မဂ္ဂဇင်းတွေမှာ ကြေငြာပေးမှာမဟုတ်ဘူး။ ကဲ မခက်ဘူးလား။ ကျွန်တော် ဗီဒီယိုမင်းသားဖြစ်ရတာ အဲဒီလိုပါ။



ကျွန်တော့်ကို ဗီဒီယိုမင်းသားအဖြစ်တင်ရိုက်ကြတဲ့သူတွေ (၁)ပိုက်ဆံကုန်တယ်။ (၂) အလွမ်းပြေ၊ အပန်းပြေဖြန့် ကြည့်ချင်တဲ့ ဗီဒီယိုလည်း မဟုတ်တဲ့အတွက် အလကားပဲ။ (၃) ဘာမှလည်း မယ်မယ်ရရရှိတာမဟုတ်ဘူး။ဂုဏ်ပကာသနတစ်ခုလို့ပဲမြင်တယ်။ ကျွန်တော်က ကမ္ဘာကျော်ပုဂ္ဂိုလ်မှမဟုတ် ပဲ။ (၄) ကျွန်တော့်ကို ဗီဒီယိုရိုက်လို့ ကုန်ကျမယ့်ငွေကို ဘုရားကျောင်းဆောက်ဖို့ ဒါမှမဟုတ် အသင်းတော်အတွက်၊ ပရဟိတလုပ်ငန်းတစ်ခုခုအတွက် အသုံးချလိုက်ရင် ပိုကောင်းမယ်။

တစ်ခုတော့ရှိတယ်။ သူတို့ကျွန်တော့်ကိုနောက်ထပ်တစ်ခါ ဗီဒီယိုမင်းသားတင်ရိုက်ကြဖို့တော့ မကြိုးစားကြတော့ဘူး။ ဒီဗီဒီယိုကားဟာ ကျွန်တော့်အတွက် ပထမဆုံးနဲ့ နောက်ဆုံးပဲ ဖြစ်ပါတယ်။

ဗီဒီယိုတစ်ကားလုံးမှာ နောက်ဆုံးဇာတ်ဝင်ခန်းကိုတော့ ကျွန်တော်ကိုယ်တိုင် တော်တော်ကြိုက်ပါတယ်။ အလောင်းတွေကိုမီးရှို့တဲ့ဖိုကြီးထဲကို ဝင်သွားတဲ့အခန်းပေါ့။ နောက်ပြီး မီးခိုးခေါင်းတိုင်က မီးခိုးလေးတွေ လေထုထဲဝင်ပြီး ပျော်ဝင်ပျောက်ကွယ်သွားကြတယ်လေ။ ကျွန်တော့်ကို လိုက်ပို့တဲ့သူတွေကလည်း ကားတွေကိုယ်စီစီးလို့ပြန်သွားကြလေရဲ့။

ဒါနဲ့စကားမစပ်၊ ဇာတ်ကားအစအဆုံး ကျွန်တော်စကားတစ်ခွန်းမှ ပြောခွင့်မရလိုက်တာကတော့ အနာဆုံးပဲဗျာ။ တကယ်ဆိုတော့ ငရဲနှင့် ပရဒိသုဘုံ အကြောင်းပြောပြချင်တာ ဘယ်လိုမှပြောခွင့်မရလိုက်ဘူး။ အဲဒါနဲ့ပဲ ကျွန်တော့်ဇာတ်လမ်းအဆုံးသတ်သွားခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်လည်း ဗီဒီယိုမင်းသားဘဝက လွတ်မြောက်ခဲ့ပါတော့တယ်။ ။

ယောနု

# နံနက်ခင်းအတွေး

နံနက်အာရုံလင်းချိန်တွင် ဘုရားဝတ်တက်ရန်အတွက် မိမိသည် အိပ်ယာမှစောစောထပြီး သွားတိုက်၊ မျက်နှာသစ်၊ ကိုယ်လက်အင်္ဂါသန့်စင်စေပြီး နံနက်ဝတ် (ကမ္ဘာ့ဒွန်း၍) ရန် ပြင်ဆင်နေစဉ်တွင် သာယာသောနံနက်ခင်း၏နေရောင်ခြည်သည် လောကလူသားတို့အား ခွန်အားသစ်ပေးရန် အရှေ့အရပ်မှ ရောင်နီသန်းလာပြီဖြစ်သည်။ ထိုအချိန်၌ မိုးကောင်းကင်ယံတစ်ခွင်လုံးကို မော့ကြည့်လိုက်သောအခါ တိမ်လွှာများထူထပ်နေပါသည်။ မင်္ဂလာနေ့သစ်၏ အလင်းရောင်ခြည်ကို မိုးတိမ်များက တိမ်လွှာများနှင့် ဖုံးအုပ်ထားနေသည်ကို မြင်ရပါသည်။ မိုးရာသီဖြစ်သည့်အားလျော်စွာ မိုးတွေကလည်း တကယ် ထစ်ချုန်း၍ ပြိုတော့မည့်အတိုင်းဖြစ်နေပါသည်။ ဤမြင်ကွင်းကိုမြင်ရသောအခါ မိမိသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ခန့်က သခင်ခရစ်တော်၏အမှုတော်ဆောင်ခြင်းကို သတိရနေမိပါသည်။ သခင်ခရစ်တော်သည် လောက၏အလင်းရှင်ဖြစ်၍ ကယ်တင်ရှင်လည်းဖြစ်ပါသည်။

အရှင်ဘုရားသည် လောက၏အသက်ရှင်နေထိုင်သောအခါ ကျွန်ုပ်တို့လူသားတို့အား မည်ကဲ့သို့အသက်ရှင်ရမည်၊မည်ကဲ့သို့နေထိုင်ရမည်၊လူသားအချင်းချင်းမည်သို့ ဆက်ဆံရမည်စသည့်လောကဆိုင်ရာကျင့်ဝတ်များကို သွန်သင်ဟောပြောခဲ့ပါသည်။ သို့သော် ဘာသာတရား၌ ယဉ်ကျေးသည့်ပုဂ္ဂိုလ်များသည် ခရစ်တော်၏အလင်းနှင့် ဓမ္မလမ်းကြောင်းကိုသွေဖီလျက် ဖုံးကွယ်ထားကြပါသည်။ ဘေးပတ်ဝန်းကျင်တွင်ရှိသော စိတ်ပင်ပန်းနွမ်းနယ်သောသူ၊ ကိုယ်လက်အင်္ဂါဆင်းရဲပင်ပန်းသောသူတို့မှာ ခရစ်တော်ရှင်၏တရားတော်ကို ကြားနာခွင့်မရကြပေ။ လူများ၏ကန့်သတ်ခြင်းခံရမှုကြောင့် လူ့ဘုံအလယ်တွင် ပွဲလမ်းသဘင်တွင် ဝင်ဆံ့ရန်မလွယ်ကူခဲ့ပါ။ ကိုယ်တော်ရှင်အား အဝေးကနေပြီး၊ ငေးရုံသာရှိကြောင်း သတိမူမိပါသည်။ ထိုမျှမက လူ့ဘောင်လောက၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အစဉ်အလာ၊ ဘာသာတရားများကလည်း အားနွဲ့၊ သိမ်ငယ်နေသောသူတို့အား မျက်နှာသာ မပေးပါ။ သူတို့၏ဘဝမှာ အစွန့်ပစ်အနှိမ်ခံသာရှိသည်။ ခရစ်တော်ဆိုသည်မှာ ငါတို့အဖို့မဟုတ်ဟူ၍ပင် ထင်မိနေမည်။

လောက၌ လူသားအချင်းချင်းစည်းခြားရခြင်းသည် မိမိ၏အတ္တကြောင့် ပတ်ဝန်းကျင်ကိုမမြင်တတ်ခြင်း၊ မိမိ၏အမြင်ဖြင့် လူတို့အားမျက်စိတဆုံးမကြည့်ပဲ မိမိ၏မျက်တောင်အဆုံးသာ ကြည့်သောကြောင့်ဖြစ်သည်။ လူ့ဘဝ၌ ခဏတာအသက်ရှင်စဉ်တွင် လူဖြစ်သည့်အားလျော်စွာ ဘုရား၊ တရား၊ ရှုမှတ်၍ ခရစ်တော်၏တရားတော်ကို ကြားလိုမည်ဖြစ်သည်။ သို့သော် လောကတွင် အညံ့ပန်းဘဝသာနေရပြီး လူတို့၏ ဘောင်ခတ်ကဲ့ရဲ့ခံရခြင်း၊ တွေ့ကြုံရသောဘဝအခက်ခဲပြဿနာများကြောင့် လောက၏အလင်းရှင်ဖြစ်သော ခရစ်တော်ရှင်ကို မိမိ၏စိတ်နှလုံးထဲမှ ဆာငတ်၊ တောင့်တနေသော်လည်း တွေ့ဆုံရန် စည်းများကခြားနားထားပါသည်။

သခင်ခရစ်တော်၏ ရွှေမျက်နှာတော်ကိုဖူးမျှော်ကြည့်ရန် မော်ဖူးကြည့်ခွင့်ပေးရန် တောင်းဆိုနေခြင်းမှာ သူတို့၏ အသိဉာဏ်၊ ဆင်ခြင်တုံတရားထဲမှ ထွက်ပေါ်လာခြင်းမဟုတ်ပဲ တကယ် မိမိ၏ဝိညာဉ်ခန္ဓာနှင့် အသည်းနှလုံးထဲမှ ထွက်ပေါ်လာသော ပဲ့တင်သံဖြစ်သည်။ ကိုယ်တော်ရှင်နှင့်တွေ့ခွင့်ရလျှင် ငြိမ်သက်ခြင်းရမည်ဟုသိသော်လည်း ပတ်ဝန်းကျင်၏ တားမြစ်ပိတ်ပင်ထားမှုကြောင့် နှုတ်မှကိုယ်တော်အား ဟစ်အော်ခေါ်ချင်သော်လည်း ရေငုံနှုတ်ပိတ်နေရပါသည်။ ဖေးမကူညီမယ့်သူမရှိတော့ မိမိ၏ ယုံကြည်ခြင်းကိုအရင်းတည်ပြီး ခရစ်တော်၏ခြေတော်ရင်းဆီ မမီတမီဟစ်ခေါ် ရင်း လိုက်နေရကြောင်း သတိထားမိပါသည်။

ကိုယ်တော်ရှင်သည် လောကလူသားတို့၏ သတ်မှတ်ထားသော ဘုန်းအသရေပေါ်တွင်မတည်ပါ။ လူတို့၏ အစဉ်အလာ၊ ကန့်သတ်မှုဘောင်ကျော်လွန်ပါသည်။ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာတွင် သခင်နှင့်ကျွန်၊ အငယ်နှင့်အကြီးဟူ၍ မျိုးရိုးခွဲခြားမှုမရှိပေ။ လူသားအားလုံးကို တန်းတူညီမျှတန်ဖိုးထားပါသည်။ ဤကဲ့သို့ နံနက်ခင်း၏အတွေးအားဖြင့် မိမိသည် လူတို့အားမည်မျှအထိ တန်းတူထားနိုင်မည်နည်း၊ မိမိ၏အမြင်ဖြင့် ကိုယ်တော်ကို ဘောင်ခတ်ထားမိပါသလား။ မိမိနှင့် တစ်ဖက်၌အတ္တလား၊ တစ်ကိုယ်ကောင်းဆန်မှုလား၊ ထင်ပေါ်ကျော်ကြားလိုမှုလား၊ ဒါမှမဟုတ် မိမိနှင့် လူသားအညီထား၍ မပို၊ မလျော့၊ မတို၊ မရှည် တန်းတူထားနိုင်ပြီလားဟူ၍ စဉ်းစားမိသည်။ ထိုအချိန်၌ နံနက်ခင်း၏ကောင်းကင်မှ မိုးတိမ်လွှာတို့သည်လည်း တဖြည်းဖြည်းနှင့် ကွယ်ပျောက်လာစပြုလာပြီဖြစ်သည်။

မိမိသည်လည်း နံနက်ခင်း၏နေရောင်ခြည်နှင့်အတူ ခွန်အားသစ်ရရှိပြီး ခရစ်တော်အလိုရှိသော ဆင်းရဲပင်ပန်းနွမ်းနယ်သောသူကို သနားခြင်း၊ ဝတ်စရာမရှိသောသူကို ပေးကမ်းစွန့်ကြဲခြင်း၊ ဝေမွတ်သောသူကို ကျွေးမွေးခြင်းဖြင့် လောကနယ်ပယ်ထဲ၌ ခရစ်တော်၏အလင်းအိမ်ကို ထွန်းကာ ဓမ္မလမ်းခရီး မြင်အောင်ပြရန် တာဝန်ရှိကြောင်း သတိထားမိပါတော့သည်။

ခအောင် (တစ္စပနုဒိ)
B.Th (IV)

□ □ □ □ □ □

# ချစ်ခြင်း၊ ယုံကြည်ခြင်း၊ ကယ်တင်ခြင်းသည် လက်တွေ့အလုပ်ဖြစ်စေရမည်၊

ငါတို့သည် စကားပြောကာမျှအားဖြင့် မချစ်ဘဲ၊ စိတ်ပါကိုယ်ရောက် စေန်အမှန်ချစ်ကြကုန်အံ့။ ၁ ယော ၃း၁၈။

ယေရုရှလင်မြို့မှ ယေရိခေါမြို့သို့သွားရာလမ်းတွင် ဓားပြနှင့်တွေ့ကြုံရသောသူသည် အဝတ်ချွတ်ပြီးရိုက်နှက်ပြီးမှ သေလုမတတ်ရှိသောအခါ ပစ်ထား၍သွားကြ၏။ထိုသို့ဖြစ်ပြီးမှ ထိုလမ်းပေါ်တွင် လူ (၃) ဦး အသီးသီးဖြတ်သန်းသွားလာသည်ကိုသိရသည်။ ပထမတစ်ဦးမှာ ဘုရားအမှုတော်ဆောင်ယဇ်ပုရောဟိတ်ဖြစ်သည်။ ထိုယဇ်ပုရောဟိတ်သည် အမှတ်တမဲ့သွား၍ သေလုမတတ်ဓားပြတိုက်ခံရသူကိုတွေ့သော် လွှဲရှောင်၍သွားလေ၏။ များမကြာခင် ထိုနည်းတူ ဘုရားဝတ်ပြုအမှုတော်ဆောင် လေဝီတစ်ဦးသည် ထိုအရပ်သို့ရောက်သောအခါ လာ၍ကြည့်မြင်လျှင် လွှဲရှောင်၍သွားလေ၏။ တတိယလူဖြစ်သော ရှမာရိလူတစ်ယောက်သည် ခရီးသွားရင်း ထိုလူနာရှိရာသို့ရောက်၍ မြင်သောအခါ ဂရုဏာစိတ်ရှိသည်နှင့် ချဉ်းကပ်၍ သူ၏အနာများကို ဆီနှင့်စပျစ်ရည်ထည့်လျက်

အဝတ်နှင့်စည်းပြီးလျှင် မိမိတိရစ္ဆာန်ပေါ်မှာတင်၍ ဇရပ်တစ်ခုသို့ဆောင်သွားပြီး ပြုစုလေ၏။ နက်ဖြန်နေ့၌ ထွက်သွား၍ ဇရပ်ရှင်အား ဒေနာရိနှစ်ပြားထုတ်ပေးလျှင် ဤသူကိုကြည့်ရှုပြုစုပါ။ ကုန်သမျှကို ငါပြန်လာသောအခါ ဆပ်ပေးမည်ဟုဆို၏။ လုကာ ၁၀း၃၀-၃၅။

ဤအချင်းအရာကို ကြည့်မည်ဆိုပါက ခရီးသွားကြသူလေးဦးတွေ့ရ၏။ တစ်ဦးမှာ ဓားပြနှင့်တွေ့၍ ရိုက်ပုတ်ပြီး ရှိသမျှပစ္စည်းများယူသွားခြင်းခံရသည်သာမက အသက်ပင်လုမတတ်ဖြစ်သည့်အထိ ရိုက်နက်ပြီး အဝတ်တွေပါချွတ်ယူ၍ တုံးလုံးဖြင့် မေ့မျောခံရသူဖြစ်၏။ ကျန်သုံးဦးမှာ မိမိအစီအစဉ်ဖြင့် သွားလာဖြတ်သန်းကြသူများဖြစ်ကြ၏။ ပထမလူနှင့် ဒုတိယလူသည် ဘုရားအမှုတော်ဆောင် ယဇ်ပုရောဟိတ်နှင့် လေဝိဖြစ်ကြောင်းသိရ၏။ ထိုသူနှစ်ဦးသည် ဓားပြတိုက်ခံရ၍ သေလုမတတ်ဖြစ်နေ၍ ဒုက္ခရောက်သူကို မျက်မြင်ကိုယ်တွေ့ဖြစ်သော်လည်း သနားခြင်းဂရုဏာ၊ ချစ်ခြင်းမေတ္တာကင်းမဲ့သူဖြစ်ကြောင်း ထင်ရှား၏။ သို့သော် သူတို့နှစ်ဦးစလုံးသည် ဓားပြတိုက်ခံရသူကိုတွေ့သောအခါ နှုတ်ထဲမှ ဒီလူဖြင့်ဓားပြတိုက်ခံရတာဘဲ သေတော့မယ်၊ သနားစရာကွယ်ဟု နှုတ်မှပြောဆို၊ ရွတ်ကောင်းရွတ်ပါလိမ့်မည်။ သို့သော် လက်တွေ့မှာ စိတ်ပါကိုယ်ရောက်မပြုစု။ တတိယလူဖြစ်သော လေဝိလူသည် ဓားပြတိုက်ခံရသူကိုမြင်သောအခါ ဂရုဏာစိတ်ရှိ၍ သူ့ဆီပါလာသောဆီနှင့်စပျစ်ရည်ကို (အရက်ပြန်) အဖြင့် အနာပေါ်တွင် ဆေးကြောပြီး အဝတ်ပတ်တီးနှင့် စည်းပေးကြောင်းသိရပါသည်။ ထိုသို့ပြုစုပြီး အသင့်ပါလာသောတိရစ္ဆာန်အပေါ်မှာတင်ပြီး မြို့ရွာသို့အရောက် ခေါ်ဆောင်လာ၍ တည်းခိုခန်းသို့တိုင်ပို့ဆောင်ခဲ့သည်။ သူ့ဆီပါလာသော ငွေရှိသမျှကိုလည်း ဇရပ်ရှင်အား ဆေးကုသပေးရန် ဆေးဘိုးပါပေးထား၏။ ပျောက်ကင်းသည့်တိုင်အောင်ကုပေးရန်၊ ကုန်ကျစရိတ်အားလုံးကို တာဝန်ယူပြီး သူပြန်လာသည့်အခါ ပေးဆပ်မည်ဖြစ်ကြောင်းလည်း ဂတိပေးခဲ့သည်။

သင်၏ ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ အစွမ်းရှိသမျှ ဉာဏ်ရှိသမျှနှင့်ချစ်လော့။ လု ၁၀း၂၇။ ရှမာရိလူသည် ထိုလူနာကိုတွေ့သောအခါ သူ၏အစွမ်းအစဖြစ်သော ဆီ၊ စပျစ်ရည်တို့ကိုအသုံးပြုပြီး ဒဏ်ရာများကိုဆေးကြောကုသပေးသည်။ အဝတ်နှင့် ပတ်စည်းပေးသည်။ ဉာဏ်ရှိသမျှနှင့်ပြုစုသည်။ မိမိတိရစ္ဆာန်ပေါ်၌ တင်ဆောင်ခဲ့သည်။ စိတ်နှလုံးအကြွင်းမဲ့ချစ်၍ ပါလာသောငွေများအကုန်ကျခံသည်။ တည်းခိုပိုင်ရှင်ကိုလည်းပြုစုပေးရန် တောင်းဆိုသည်။ ဆေးဖိုးကုန်ကျငွေများအားလုံးကို ပြင်တာဝန်ယူသွားခဲ့သည်။ စိတ်နှလုံးအကြွင်းမဲ့ချစ်၍သာ လက်တွေ့လုပ်ဆောင်ခြင်းဖြစ်သည်။ထိုလမ်းခရီးသည် သူ့အတွက်လည်း အသက်အန္တရာယ်ပေးနိုင်၍ စိုးရိမ်ရသောလမ်း၊ ဒုစရိုက်သမားများကျက်စားရာလမ်း၊ မသမာသောလမ်းခရီးဖြစ်မည် သေချာသည်။ သို့သော် သူသည် ဂရုမစိုက်၊ မကြောက်မရွံ့ဘဲ အချိန်နှင့်ငွေ၊ အင်အား၊ ပညာ၊ တိရစ္ဆာန်နှင့် မိမိ၏ ကိုယ်ခန္ဓာစိတ်နှလုံးကိုပါ အပ်နှံကာ ဒုက္ခရောက်သူလူနာကို ပြုစုခဲ့သည်။ ဤကဲ့သို့ပြုစုရခြင်းသည် လွယ်ကူသောအလုပ်ကိစ္စတော့မဟုတ်ပါ။ မိမိ၏ ခရီးစဉ်သည် အင်မတန်အရေးကြီးကောင်း အရေးကြီး ပါလိမ့်မည်။ အချိန်မီရောက်ရမည့်ကိစ္စဖြစ်ရမည့်ခရီးစဉ်လည်း ဖြစ်ကောင်းဖြစ်လိမ့်မည်။ သို့သော် မိမိနှင့် ပက်ပင်းတိုး၍ ဒုက္ခရောက်သူကိုတွေ့မြင်သည့်အခါ ကိုယ်ရဲ့ခရီးစဉ်ကို ဂရုမစိုက်ဘဲ ကူညီမစခြင်းသည် ဘုရားသခင်အား အကြွင်းမဲ့ချစ်သောကြောင့်ဖြစ်ပေသည်။ ထိုသူသည် မိမိနှင့် သက်ဆိုင်သောသူ၊ အိမ်နားနီးချင်း၊ မိတ်ဆွေညီအစ်ကိုကို ချစ်ခြင်းဖြစ်၏။

ကျန်နှစ်ဦးဖြစ်သော ယဇ်ပုရောဟိတ်နှင့် လေဝိသည် မိမိတာဝန်၊ ခရီးစဉ်၊ မိမိ၏လိုအပ်သောအစီအစဉ်ကိုသာ ဦးစားပေးကြသူများဖြစ်၏။ ထိုသူနှစ်ယောက်သည် ဒုက္ခဆင်းရဲရောက်နေသူများကို တွေ့မြင်သော်လည်း ဂရုဏာစိတ်မရှိ၊ ချစ်ခြင်းမေတ္တာမပြနိုင်ကြ။ မိမိညီအစ်ကိုမိတ်ဆွေ၊ အိမ်နားချင်း၊ ပတ်ဝန်းကျင်၊ မိမိသက်ဆိုင်သောသူတည်းဟူသော ဒုက္ခရောက်သူကိုမြင်သော်လည်း ဂရုမစိုက်၊ မိမိ၌လိုအပ်သောအရာကိုသာ လုပ်ဆောင်ကြခြင်းဖြစ်၏။ မိမိအရေးကိုသာ ဂရုစိုက်ကြသူများဖြစ်ကြသည်။

ထိုနည်းတူ ယနေ့ ကျွန်ုပ်တို့လည်း ကိုယ့်ကိုယ်အတွက်သာ အလေးထားခြင်း၊ ကောင်းစားခြင်း၊ ပျော်ရွှင်ခြင်း၊ လုံခြုံမှုများကိုသာ ဦးစားပေးအသက်ရှင်၍ ညီအစ်ကိုမိတ်ဆွေများ၊ အိမ်နီးချင်း၊ ပတ်ဝန်းကျင်တို့ကို ဂရုမစိုက်၊ အလေးမထားကြသူဖြစ်နေပါသလား။ ယုံကြည်သူခရစ်ယာန်ဟု အမည်ခံမျှသာဖြစ်၍ မယုံကြည်သောသူများထက် ယုတ်မာသောသူများဖြစ်နေပါသလား ?

ရှင်ယာကုပ်က ၂း၁၄-၁၆ ၌ရေးထားသည်ကား -

ငါသည် ယုံကြည်ခြင်းရှိ၏ဟုပြောလျက် အကျင့်ကိုမကျင့်ဘဲနေလျှင် အဘယ်ကျေးဇူးရှိသနည်း။ ထိုယုံကြည်ခြင်းသည် ထိုသူကို ကယ်တင်နိုင်သလော၊ ညီအစ်ကိုမောင်နှမတို့သည် အဝတ်အချည်းစည်းရှိ၍ နေ့တိုင်းစားရသောအစာမရှိသောအခါ သင်တို့တွင် တစ်စုံတစ်ယောက်သူက ငြိမ်ဝပ်စွာသွားလော့၊ နွေးကြလော့၊ ဝကြလော့ဟုပြောလျက် သူတို့ကိုကိုယ်နှင့်တော်လျော်သော အသုံးအဆောင်ကို မပေးဘဲနေလျှင် အဘယ်ကျေးဇူးရှိသနည်း ဟုရေးထားပါသည်။

ယနေ့ ငါသည် ယုံကြည်ခြင်းရှိ၏။ ချစ်၏။ အမှုတော်ဆောင်၏။ ခရစ်ယာန်ဖြစ်၏ ဟု နှုတ်မှပြောသော်လည်း အလုပ်၊အကျင့်လက်တွေ့မပါလျှင် ထိုသူ၏ယုံကြည်ခြင်းသည် ထိုသူကိုကယ်တင်နိုင်သလောဟု ရှင်ယာကုပ်ကဆိုထားပါ၏။ ယနေ့ မိတ်ဆွေညီအစ်ကိုတစ်ဦးဦးက အဝတ်မရှိ၊ စားစရာမရှိ၍ လာပြီးအကူအညီတောင်းခံသော် ညီအစ်ကို မိတ်ဆွေ ငြိမ်ဝပ်စွာသွားပါ၊ နွေးပါ၊ ဝအောင်စားပါ စသည်ဖြင့် နှုတ်မှပြောသော်လည်း သူနှင့်တော်လျော်သော အရာဝတ္ထုပစ္စည်း၊ အစားအစာ၊ အဝတ်အထည်များမပေးဘဲနေလျှင် ထိုအကူအညီတောင်းခံသူ၏ စိတ်နှလုံးတွင် အဘယ်ကဲ့သို့ခံစားမည်နည်း။ လိုအပ်သောအရာ တစ်စုံတစ်ခုကိုမျှ မပေးလိုက်ပါကအဘယ်သို့ငြိမ်ဝပ်ခြင်းရှိမည်နည်း။ လိုအပ်သောအဝတ်အစားမပေးလိုက်ပါက အဘယ်မှာ နွေးနိုင်၊ ဝနိုင်ပါမည်နည်း။ ရှင်ယောဟန်ကပြောသည်မှာ အဝတ်အနွေးထည် နှစ်ထည်ရှိပါက မရှိသူအားပေးစေ၊ ထိုနည်းတူ စားစရာရှိသောသူက မရှိသောသူအားပေးစေဟု ပြောပါသည်။ ယနေ့ ကျွန်ုပ်တို့သည် မရှိသောသူအား အကျီတစ်ထည်ပေးဖို့အနေသာ ရှိသူအချင်းချင်းသာအချင်းချင်းလက်ဆောင်ပေးကြသည်ကို တွေ့နေရပါသည်။ ရှိသူချင်းပေးကမ်းဝေငှကြသည်။ဆင်းရဲသူအားပန်းကန်တစ်ချပ်ပေးပါက ရှိသူအချင်းချင်းက တန်ဘိုးကြီးသောဗီရိုများပေးကမ်းလက်ဆောင်ပေးကြ၏။ ဤကဲ့သို့သော ကျွန်ုပ်တို့၏အကမ်းလက်ဆောင်ပေးကြ၏။ ဤကဲ့သို့သော ကျွန်ုပ်တို့၏အသက်တာ လုပ်ရပ်သည် ဒုက္ခရောက်သူ၏ စိတ်နှလုံးနှင့် ကိုယ်ခန္ဓာအတွက် အဘယ်မှာငြိမ်သက်ခြင်း၊ ငြိမ်ဝပ်ခြင်းရနိုင်ပါမည်နည်း။ ယနေ့ ကျွန်ုပ်တို့သည် ဘုရားသခင်အား နှုတ်နှင့်သာချစ်သည်မဟုတ်ဘဲ အမှန်လက်တွေ့အကျင့်အားဖြင့် ချစ်ကြပါစို့။

လုကာ ၁၉း၈-၉- သခင်အကျွန်ုပ်၏ဥစ္စာတစ်ဝက်ကို ဆင်းရဲသောသူတို့အားပေးပါ၏။ တစ်စုံတစ်ယောက်သောသူ၏ ဥစ္စာအနည်းငယ်ကို အကျွန်ုပ်ယူမိလျှင် လေးဆပြန်၍ပေးပါမည်ဟု သခင်ဘုရားကိုလျှောက်ဆို၏။ သခင်ယေရှုက ဤသူသည် အာဗြဟံ၏သားဖြစ်သည်နှင့်အလျောက် ယနေ့ပင် ကယ်တင်တော်မူခြင်းကျေးဇူးသည် ဤအိမ်အပေါ်သက်ရောက်လေ၏ ဟုပြောပါ၏။

ဇက္ခဲသည် ဆင်းရဲသားများကို ဂရုဏာစိတ်ရှိ၏။ ချစ်သောကြောင့် ပေးကမ်းဝေငှခဲ့၏။ သူ၏ချမ်းသာကြွယ်ဝသောအလုံးစုံမှ တစ်ဝက်ကိုပေးကမ်း၏။ စွန့်ကြဲ၏။ အထူးသဖြင့် တစ်ဦးဦးထံမှ မတရားယူမိသော် လေးဆပြန်လျော်ပေး၏။ ဤကဲ့သို့ ဇက္ခဲ၏ယုံကြည်ခြင်းသည် အလုပ်၊ အကျင့်၊ ချစ်ခြင်းဖြင့် သူ၏အိမ်ထောင်အပေါ်၌ သက်ရောက်သောကောင်းကြီးမင်္ဂလာသည် ကယ်တင်ခြင်းကျေးဇူးတော်ကို ခံစားရပါတော့သည်။

ထို့ကြောင့် ယနေ့ ကျွန်ုပ်တို့ယုံကြည်သူခရစ်ယာန်များသည် စကားပြောမျှသာမဟုတ်ဘဲ စိတ်ပါကိုယ်ရောက် လက်တွေ့အလုပ်၊ အကျင့်အားဖြင့် စေကန်အမှန်ချစ်ကြပါစို့လို့ တိုက်တွန်းရင်း . . .။

ဘုန်းတော်ကြီးဦးအင်ဘာဇော်အောန်း
ကာမိုင်းမြို့





" ကျောင်းသား
အားလုံး စာသင်ခန်း
များဆီသို့
ပြေးသွားနေကြချိန်မှာ
ထနောင်းပင်အောက်၌
ကောင်လေးတစ်ယောက်က
သူတို့ကို ငေးကြည့်
နေသည် "

# တိတ်တဆိတ် ပြိုကျသွားသော ကောင်းကင်

လင်းထက်ဦး

ဒွိရိုင်းသာသာအောင်

တန်းစား၊ အိပ်ချိန်တန်းအိပ်၊ ကစားချိန်ကစားရသည်။ တနင်္ဂနွေပနက် ဆန်းဒေးစကူးမှာတော့ သူအရှေ့ဆုံးကထိုင်သည်။ ဆန်းဒေးစကူးဆရာမက သူ့မမကြီး (သင်းအုပ်ဆရာ၏သမီး) ဖြစ်သည်။

နောက် နှစ်နှစ်လောက်ကြာတော့ သူ့အိမ်သူပြန်ရောက်သွားသည်။ အားလုံးအလုပ်ကိုယ်စီရှိလာသောကြောင့် သင်းအုပ်ဆရာကြီး၏မိသားစုတွေက သူ့အတွက် အချိန်မပေးနိုင်တော့။ နောက်ဆုံးတော့ သူ့ကို အိမ်ပြန်ပို့လိုက်ရသည်။ သို့သော် အဲသည်အိမ်ကိုတော့ သူအမြဲရောက်သည်။ ရောက်တိုင်းလည်း စားရသောက်ရသည်။

သူ အိမ်ပြန်ရောက်သွားပေမယ့် ဆန်းဒေးစကူးတော့ သူမပျက်။ ဆန်းဒေးစကူးမှာ သူပျော်ရတာက အကြောင်းရှိသည်။ ပုံပြင်တွေနားထောင်ပြီး သီချင်းတွေဆိုရသည်။ သူငယ်ချင်းတွေနှင့် ဝိုင်းဖွဲ့ကစားရသည်။ နောက်ပြီး ဆန်းဒေးစကူးအပြီးမှာ မုန့်လည်းစားရသေးသည်။

နောက်ပိုင်းတော့ ဆန်းဒေးစကူးလည်း သူသိပ်မရောက်ဖြစ်တော့။ သူ့အိမ်က မကြိုက်သောကြောင့်ဖြစ်သည်။ သူ့အိမ်က ကြည်ကြည်ဖြူဖြူခွင့်ပြုသည့်နေ့ တစ်နေ့တော့ရှိသည်။ ခရစ္စမတ်နေ့ဖြစ်သည်။ အဲသည်နေ့မှာတော့ အကောင်းဆုံးဆိုသည့် အင်္ကျီ ဘောင်းဘီကလေးကို သူဝတ်သည်။ ပြီးတော့ သူ့ညီမလေးကို ခါးထစ်ခွကာ ဘုရားကျောင်းကို သူရောက်လာသည်။

ခရစ္စမတ်နေ့က တစ်နှစ်လုံးမှာ သူအစွမ်းကုန်ပျော်ရွှင်ခွင့်ရတဲ့နေ့ဖြစ်သည်။ ဘုရားရှိခိုးအပြီး ကလေးတွေအတွက် ပြုလုပ်လေ့ရှိသည့် ပြိုင်ပွဲအားလုံးကို သူဝင်ရောက်ယှဉ်ပြိုင်သည်။ ညနေစောင်းမှာတော့ သူ့လက်ထဲမှာ လက်ဆောင်တွေဆုတွေနှင့် အိမ်ပြန်ရောက်လာတတ်သည်။ သူ့မိသားစုကလည်း သူယူလာသည့် ဆပ်ပြာ၊ သွားတိုက်ဆေး စသည့် ပစ္စည်းများကိုကြည့်ပြီး သဘောကျနေလေ့ရှိသည်။ ဒါကတစ်နှစ်လုံးမှာ သူ့အိမ်အတွက် အမြင့်ဆုံးသောစွမ်းဆောင်ပေးနိုင်မှုလည်း ဖြစ်သည်။

□ □ □


အဲသည်နေ့က မိုးဖွဲဖွဲရွာသည့်နေ့ဖြစ်သည်။ "ယောရှုဆုံးသွားပြီ" ဆိုတဲ့သတင်းကြားတော့ အသင်းတော်က လူတွေတုန်လှုပ်သွားကြသည်။ မနေ့ကတောင် သူ့ကိုလမ်းပေါ်မှာတွေ့လိုက်ကြသေးသည်။ သူ့အိမ်က ရွာအစွန်ချောင်းကလေးဘေးနားမှာဖြစ်သည်။

အဲသည်မနက်က သူ့ကို အဖွားက ကျောင်းထဲမှာ ရေခပ်ခိုင်းသည်။ တော်တော်နှင့်ပြန်မလာ။ သူက ခိုင်းလိုက်လျှင် တစ်ခါတစ်လေ အဲသည်လိုပျောက်သွားလေ့ရှိသည်။ ပြန်လာလျှင်တော့ ကျောကော့အောင်အရိုက်ခံရတတ်သည်။ အခုလည်း သူ့အဖွားက တုတ်တစ်ပြင်ပြင်နှင့်စောင့်နေသည်။ သို့သော် သူပြန်မလာပါ။ ယောရှု သူ့အိမ်ကလေးက အပြီးအပိုင်ထွက်ခွာသွားခဲ့ပြီဖြစ်သည်။ သူ့အလောင်းကို နောက်တစ်နေ့တွင် ချောင်းအောက်ပိုင်းမှ ပြန်လည်ဆယ်ယူရရှိခဲ့သည်။

သူ့အသုဘကို အသင်းတော်က လူတွေတော်တော်များများ လိုက်ပို့ကြသည်။ အားလုံးစိတ်မကောင်းကြ။ သင်းအုပ်ဆရာကြီးအိမ်မှာဆက်နေလျှင် အခုလိုအဖြစ်မျိုးကြုံမှာမဟုတ်ဘူးဟုပြောကြသည်။ ဒါမှမဟုတ် အသင်းတော်ထဲက မိသားစုတစ်စုစုက မွေးစားခဲ့ဖို့ကောင်းတယ်ဟုလည်း ပြောကြသည်။

တစ်ချို့က "ယောရှု"လေး ကယ်တင်ခြင်းရ၊ မရ ဆွေးနွေးကြသည်။ တစ်ချို့က ရမည်ဟုဆိုပြီး တစ်ချို့က မသေချာဟု ပြောကြသည်။ သူ့အကြောင်းကို သူဆုံးပြီးနောက် အကြာကြီးပြောဖြစ်ကြသည်။ နောက်ပိုင်းကြာလာတော့ "ယောရှု" ကလေးကို သူတို့မေ့သွားကြသည်။ လောကကြီးမှာ ယောရှုမရှိတော့သလို သူတို့ဘဝထဲမှာလည်း ယောရှုလေးမရှိတော့ပါ။

လင်းထက်ဦး



BE
STRONG
AND COURAGEOUS

creative &
drawing by
jonathan
koz 2002